မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၅၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၁၃ ရက်၊ သောကြာနေ့။

တို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံပြန်ကြားရေးဝန်ကြီးများအား လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတဦးသိန်းစိန် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများအား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံ၌ကျင်းပသည့်(၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၃)ကြိမ်မြောက် အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးတို့သို့တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသော အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများအား ယနေ့ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ယခုကျင်းပသည့် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသည် အာဆီယံဒေသအတွင်း သတင်းဖြန့်ချိရေးဆိုင်ရာ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများကို မြင့်မားလာစေမည်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှ ထွက်ပေါ်လာသော အကြံဉာဏ်ကောင်းများ၊ အတွေ့အကြုံကောင်းများသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံကိုယ်စား ဖိလစ်ပိုင်နိုင်ငံ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီး H.E.Herminio B.Coloma,JR.က ၂၀၁၅ ခုနှစ်တွင်

စာမျက်နှာ ၅ ကော်လံ ၅ ✻

ဆန်တင်ပို့မှုနှစ်ဆခန့်မြှင့်တင်ရန် ကမ္ဘာ့ဘဏ်ကတိုက်တွန်းသော်လည်း အခက်အခဲများစွာရှိ

ရန်ကုန် ဇွန် ၁၂

မြန်မာ့ထွက်ကုန်ဆန်တင်ပို့မှုကို မူလထက်နှစ်ဆတိုးမြှင့်တင်ပို့နိုင်ပါက ဆင်းရဲမှုလျှော့ချရေးအတွက် များစွာအထောက်အကူ ဖြစ်စေမည်ဟု အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့မှ ပူးပေါင်း၍ ဇွန် ၁၁ ရက်က အစီရင်ခံစာထုတ်ပြန်ခဲ့သော်လည်း နှစ်ဆတင်ပို့ရန်ထက် ယခုတင်ပို့သည့် အနေအထားကိုပင် ကြိုးစား မြှင့်တင်ထားရခြင်းဖြစ်ကြောင်း ဆန်စပါးလုပ်ငန်းရှင်အချို့က ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားသို့ အဓိကတင်ပို့နေရသော ဆန်တင်ပို့မှုကဏ္ဍတွင် နှစ်ဆခန့်ထပ်တိုးတင်ပို့နိုင်ပါက နိုင်ငံ၏ ပြည်ပတင်ပို့ငွေမြင့်တက်လာကာ ပြည်တွင်းရှိ စိုက်ပျိုးရေး တောင်သူများအတွက် အထောက်အပံ့ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း အစီရင်ခံစာအတွင်း ဖော်ပြထားခြင်းဖြစ်သည်။ ထိုကဲ့သို့ တင်ပို့နိုင်ရန်အတွက် အဆင့်မြင့်မားသည့် စိုက်ပျိုးရေးနည်းစနစ်များနှင့် ကြိတ်ခွဲမှုများ၊ ထုတ်လုပ်မှုအပိုင်းအတွက် ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာဝင်ရောက်

စာမျက်နှာ ၁၀ ကော်လံ ၁ ❒

သတင်း-ခင်ရတနာ ➤ ဓာတ်ပုံ-သွန်းဝဿန်

ယနေ့ မာတိကာ

ကမ္ဘာ့ဖလားဘောလုံးပွဲကို တစ်ပွဲမကျန်အခမဲ့ပြသရန် ထိုင်းတပ်မတော်အစိုးရက ဘောလုံးပွဲစီစဉ်သူများကို အမိန့်ထုတ် — စာမျက်နှာ » ၄

နိုင်ငံပိုင်မီဒီယာများအနေဖြင့် လူထုတာဝန်သိသော မီဒီယာအဖြစ် လိုက်နာပြောင်းလဲဆောင်ရွက်သွားမည် — စာမျက်နှာ » ၉

ကမ္ဘာ့ဖလား ခန့်မှန်းပေးမည့်လိပ် — စာမျက်နှာ » ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြည့်ဝသော စွမ်းဆောင်ရည်

နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း မည်သည့်ဝန်ထမ်းမဆို မိမိတို့၏အလုပ်အပေါ် စွမ်းဆောင်ရည်အပြည့်အဝဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရသူများ ဖြစ်ကြပါသည်။ ကြိုးစားမှု၊ တီထွင်ကြံဆမှု၊ လုံ့လဝီရိယပြုမှုတို့ဖြင့် အကောင်းဆုံး လုပ်ကိုင်ဆောင်ရွက်ပေးကြရပါသည်။ ဤသို့လုပ်ကိုင်ဆောင်ရွက်ခြင်းများကသာ တိုးတက်ပြောင်းလဲမှုတစ်ခုခုကို ရရှိနိုင်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အစဉ်တိုးတက်ပြောင်းလဲနေသော လူမှုအဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်သွားနိုင်မည်ဖြစ်ပါသည်။

လက်ရှိအစိုးရအနေဖြင့် စတင်တာဝန်ယူစဉ်ကပင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ သန့်ရှင်းသော အစိုးရဖြစ်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို လူတိုင်းအသိပင်ဖြစ်ပါသည်။ သို့သော် လိုအပ်ချက်များ၊ လစ်ဟင်းမှုများရှိကောင်းရှိနိုင်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဇွန် ၁၀ ရက်တွင် သမ္မတအိမ်တော်၌ လမ်းညွှန်မှာကြားရာ "အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့် စပ်လျဉ်းပြီး ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ရှိတဲ့ သန့်ရှင်းသော အစိုးရဖြစ်အောင်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်သော်လည်း အချို့ဌာနများသည် သိသာစွာတိုးတက်ပြောင်းလဲလာပြီး အချို့ဌာနများတွင် ရှေးယခင်လုပ်နည်းလုပ်ဟန်အတိုင်း ဆက်လက်လုပ်ဆောင်နေခြင်း၊ စွမ်းဆောင်မှုအရည်အချင်းကျဆင်းနေခြင်းတို့ကြောင့် အောက်ခြေအထိ ပြန်လည်ကွင်းဆင်း လေ့လာသုံးသပ်ပြီး ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်းနှင့်စွမ်းဆောင်ရည်ပြည့်ဝအောင် Capacity Building တည်ဆောက်ခြင်း၊ ယှဉ်ပြိုင်ကြိုးစားမှုဖြင့် ရာထူးအဆင့်တိုး၍ ချီးမြှင့်ခြင်း၊ အရေးယူသင့်သူကိုအရေးယူခြင်းတို့ဖြင့် အုပ်ချုပ်ရေးယန္တရားစွမ်းဆောင်ရည်မြင့်မားတိုးတက်အောင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများက မိမိတို့ကိုယ်တိုင်အရည်အသွေးမြင့်မားရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်အောင် တစ်ဖက်က ကြိုးစားရင်း တစ်ဖက်ကလည်း အောက်ခြေအဆင့်ဆင့်အပေါ် ခေါင်းဆောင်မှုကောင်းကောင်းဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရန် မှာကြားလိုပါတယ်" ဟု ပြောကြားခဲ့ပါသည်။

"ရိုးသားကြိုးစား လုပ်အားဖြင့်နိုင်ငံတည်"ဟူသော စကားရှိပါသည်။ နိုင်ငံတစ်နိုင်ငံတိုးတက်အောင် ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ အဖွဲ့အစည်းများသည် ဦးဆောင်ဦးရွက်ပြုပြီး သွက်လက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် လာဘ်ပေးလာဘ်ယူမှုကင်းရှင်းအောင် ဆောင်ရွက်ရေးသည် အရေးအကြီးဆုံးဖြစ်ပါသည်။ သို့မှသာ လုပ်ငန်းများ မြန်ဆန်ပြီး ဌာနတစ်ခုချင်းစီတိုးတက်မှုကောင်းမည်။ ဦးစီးဌာန၊ လုပ်ငန်းဌာနများတိုးတက်မှ ဝန်ကြီးဌာနများတိုးတက်မည်။ ဝန်ကြီးဌာနများ တိုးတက်မှ နိုင်ငံလည်း တိုးတက်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည့်ဝသော စွမ်းဆောင်ရည်ဖြင့် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးအား UN ညှိတွေ့

နေပြည်တော် ဇွန် ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်အား ဇွန် ၁၀ ရက် နံနက် ၁၁ နာရီတွင် United Nations Assistant Secretary-General for Humanitarian Affairs and Deputy Emergency Relief Coordinatar Ms.Kyung Wha Kang ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာ၌ ဝန်ကြီးဌာနနှင့် UNOCHA တို့ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပွားပြီးချိန်မှ ယနေ့အချိန်အထိ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ Internally Displaced Persons-IDPs) များအတွက်လူသားချင်းစာနာမှုအကူအညီပေးရေးနှင့် ရေရှည်ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းများ သဘာဝကြိုတင်ပြင်ဆင်ရေးတွင် ဝန်ကြီးဌာနနှင့် UNOCHA တို့ပူးပေါင်း၍ ၂၀၁၃ ခုနှစ် မဟာစင်မုန်တိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အတွေ့အကြုံကောင်းများ၊ ရခိုင်ပြည်နယ်တွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံ (Cyclone Shelter) ၁၀ လုံး တည်ဆောက်ရန်အစီအစဉ်များ၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများအား ပြန်လည်နေရာချထားပေးရေးဆိုင်ရာ အစီအစဉ်များ စသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးဖို့ နေ့စဉ်နွားနို့သောက်ကြစို့

မြင်းမူကမ်းနားလမ်းမြေထိန်းနံရံ ထိန်းသိမ်းပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အရှေ့ပိုင်းရပ်ကွက်အတွင်းရှိ ဧရာဝတီမြစ်ဆိပ်ကမ်းနားလမ်း ကျောက်ရိုးစီမြေထိန်းနံရံအတွင်းရှိကျောက်များ အပြင်သို့ပွင့်အံထွက်နေစဉ် ကမ်းနားတွင် သက်တမ်းရင့်သစ်ပင်ကြီးများ၏ သစ်မြစ်နှင့် ပင်စည်ကြီးများကြောင့် ကျောက်ရိုးစီမြေထိန်းနံရံများ အက်ကွဲလာလျက်ရှိသည့်အပြင် ကမ်းနားလမ်း ကတ္တရာလမ်းပါ ဖောင်းကြွပျက်စီးလာသည်ကို တွေ့ရှိရသည်။ မြစ်ကမ်းဘေးရှိ သစ်ပင်ကြီးများအနက် လမ်းနှင့်မြေထိန်းနံရံတို့ကို ထိခိုက်ပျက်စီးစေသည့် သစ်ပင်ကြီးများနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးသွားရန် မြို့နေပြည်သူများက လိုလားလျက်ရှိသည်။

၂၀၀၄ ခုနှစ် -၂၀၀၆ ခုနှစ်ခန့်က ကြီးမြင့်ခဲ့သည့် မြစ်ရေတိုးမှုမျိုးကိုသာ ယခုလာမည့် မြစ်ရေတိုးကာလတွင် ထပ်မံကြုံတွေ့ရမည်ဆိုပါက မြေထိန်းနံရံများ ပျက်စီးပြိုကျနိုင်ကြောင်း ကမ်းနားလမ်းနေဆယ်အိမ်မှူးတစ်ဦးက ပြောကြားသည်။

ကိုကိုနိုင်(မြင်းမူ)

ပြည်တွင်းသတင်း

ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များ ကာကွယ်နိုင်မည့်နည်းလမ်းများတွင် အာမခံရန်ပုံငွေရရှိရေးနည်းလမ်းများကို ရှာဖွေ

နေပြည်တော် ဇွန် ၁၂

ကျန်းမာရေး စောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍ ဘဏ္ဍာငွေ ရှာဖွေဖြည့်တင်းရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ Royal Kumudra Hotel Ball Room ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များ၊ အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူ့ကျန်းမာရေးပညာရှင်များနှင့် ကျန်းမာရေးဘောဂဗေဒပညာရှင်များ၊ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ အငြိမ်းစားဆေးပညာရှင်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီ လွှမ်းခြုံရေးဆိုသည်မှာ နိုင်ငံသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှုအတွက်ကုန်ကျသည့် ကုန်ကျစရိတ်များကို လက်လှမ်းမီရန်ကာကွယ်ပေးသည့် လွှမ်းခြုံမှုစနစ်ကို ဆိုလိုပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များ ကာကွယ်နိုင်မည့် နည်းလမ်းများတွင် အာမခံရန်ပုံငွေ ရရှိရေးနည်းလမ်းများကို ရှာဖွေသွားရမည်ဖြစ်ကြောင်း၊ မဝယ်မနေရ ကျန်းမာရေး အာမခံစနစ်၊ နိုင်ငံတော် အစိုးရမှ အကုန်အကျခံခြင်း၊ အခွန်အကောက်အမျိုးမျိုး ကောက်ယူသည့်စနစ်ဖြင့် ကုန်ကျစရိတ်ရှာဖွေခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ လူမှုဖူလုံရေးအာမခံစနစ်၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ကျန်းမာရေးအာမခံစနစ်၊ ရပ်ရွာအခြေပြု ကျန်းမာရေးအာမခံစနစ်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ လူဦးရေ သန်း ၁၀၀ ခန့်သည် ကျန်းမာရေးကုသမှုစရိတ်များကြောင့် ဆင်းရဲမွဲတေသည့်ဘဝ ကျရောက်သွားခြင်းများ ဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ လူနာအတွက် ခံစားရသည့် ရောဂါအပြင် ဆေးကုသစရိတ်တို့ကြောင့် ဝန်ထုပ်ဝန်ပိုး နှစ်ထပ်ကွမ်း ဖြစ်စေပါကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တွက်ချက်မှုများအရ နှစ်စဉ်လူဦးရေသန်း ၁၅၀ ခန့်သည် ကိုယ်ပိုင်အိတ်ကပ်အတွင်းမှ ကျသင့်ငွေပေးချေသည့် ကျန်းမာရေးကုသစရိတ်များကြောင့် ဒုက္ခအမျိုးမျိုး တွေ့ကြုံနေရသည်ဟု ဆိုပါကြောင်း၊ ဆင်းရဲမှုလျော့ကျစေရန် နိုင်ငံတော်မှ ကျန်းမာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့်ချထားပေးနေပါကြောင်း၊ ညီမျှသည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိပြီး ငွေကြေးအခက်အခဲကြီးမားစွာခံရခြင်းမှ လွတ်မြောက်ရန် လုံလောက်သည့် ရန်ပုံငွေရရှိအောင်ရှာခြင်း၊ ငွေကြေးမြောက်မြားစွာ ထုတ်သုံးစွဲမှုကို လျှော့ချနိုင်ရန် ကြိုးပမ်းခြင်း၊ ငွေကြေးကို အကျိုးရှိရှိ အသုံးပြုစီမံခြင်းများ လိုအပ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တွက်ချက်မှုများအရ ကျန်းမာရေးကုန်ကျစရိတ်များမှ ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသည် ဆေးဝါးကို လွန်ကဲစွာအသုံးပြုခြင်း၊ ဓာတ်ခွဲခန်း ဓာတ်မှန်စသည့် ရောဂါရှာဖွေမှုကို ပိုမိုစမ်းသပ်ခြင်း၊ မလိုအပ်ဘဲဆေးရုံတက်ခြင်းနှင့် လိုအပ်သည့်ရက်ထက် ပိုတက်ရခြင်းတို့ ဖြစ်ပါကြောင်း။

အာရှပစိဖိတ်ဒေသတွင်း နိုင်ငံအချို့တွင် နိုင်ငံတော်ဘဏ္ဍာနှင့် လူမှုကျန်းမာရေးအာမခံ ပူးပေါင်းသည့် ကျန်းမာရေးအာမခံစနစ်၊ သမဝါယမစနစ်၊ အခြေခံလူတန်းစားများအတွက် ကျန်းမာရေးရန်ပုံငွေ အထိုက်အလျောက်ချမှတ်သည့်စနစ်၊ ကျန်းမာရေးအာမခံစနစ်နှင့် ရန်ပုံငွေစုဆောင်းခြင်း စသည့်စနစ်များ ဆောင်ရွက်လျက်ရှိကြရာ မြန်မာနိုင်ငံအနေဖြင့် အဆိုပါနည်းလမ်းများမှ လွှမ်းခြုံမှုစနစ်ရရှိရန် ကြံဆသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီးအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။**(အပေါ်ပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၂ ရက်မှ ၁၃ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ Civil Service Training သင်တန်း ရန်ကုန်တွင် ဖွင့်လှစ်

ရန်ကုန် ဇွန် ၁၂

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ဂျာမန်ဖောင်ဒေးရှင်း (Konrad Adenauer Stiftung)တို့ ပူးပေါင်းဖွင့်လှစ်သော Civil Service Training သင်တန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အဆောက်အအုံခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါသင်တန်းကို ဂျပန်နိုင်ငံ The Hiroshima Peace Institute မှ ပါမောက္ခနှင့် စင်ကာပူနိုင်ငံ Civil Service College မှ တွဲဖက်သင်တန်းမှူး Dr. N. Ganesan, စင်ကာပူနိုင်ငံ အခြေစိုက် အရှေ့တောင်အာရှသုတေသနဌာနမှ အကြီးတန်းသုတေသီ ဒေါက်တာတင်မောင်မောင်သန်းနှင့် Myanmar Development Partners မှ သင်တန်းမှူးဖြစ်သူ ဒေါ်စိမ့်ရီထက်တို့က သင်တန်းပို့ချမည်ဖြစ်သည်။

သင်တန်းတွင် Myanmar Political Economy of Development ခေါင်းစဉ်ဖြင့် ပို့ချသွားမည့် ဒေါက်တာတင်မောင်မောင်သန်းက "နိုင်ငံဝန်ထမ်းများကို စွမ်းရည်ပြည့်ဝသော ခေါင်းဆောင်ကောင်းများ ဖြစ်လာစေဖို့ ရည်ရွယ်ပါတယ်။ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာဖို့ အားလုံးနဲ့သက်ဆိုင်ပြီး အခြေခံအားဖြင့် နားလည်ထားသင့်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုတွေအပြင် Mind Set ပါ ပြောင်းလဲနေတဲ့ ဒီအချိန်မှာ စီးပွားရေးမကောင်းရင် နိုင်ငံမတည်ငြိမ်နိုင်တာ၊ နိုင်ငံတည်ငြိမ်ဖို့ဆိုတာ စီးပွားရေးကောင်းဖို့ လိုအပ်တယ်ဆိုတဲ့ အခြေခံသဘောတရားအပြင် စီးပွားရေးနဲ့ ပတ်သက်ပြီး နိုင်ငံရေးသိပ္ပံကို လေ့လာသူတစ်ယောက်အနေနဲ့ ပို့ချဆွေးနွေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

သင်တန်းကို ဇွန် ၁၄ ရက်အထိ သုံးရက်တာ ပို့ချသွားမည်ဖြစ်ပြီး ဇွန် ၁၃ ရက်တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ Dr. N. Ganesan ကလည်းကောင်း၊ ခေါင်းဆောင်မှုအရည်အချင်းနှင့် ပတ်သက်၍ ဒေါ်စိမ့်ရီထက်ကလည်းကောင်း သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းသို့ ဝန်ကြီးဌာနများမှ သင်တန်းသားသင်တန်းသူ ၅၂ ဦး တက်ရောက်ကြပြီး Civil Service Training သင်တန်းများကို နေပြည်တော်နှင့် ရန်ကုန်မြို့များတွင် နှစ်စဉ်ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း UNDP အဖွဲ့ ခေါင်းဆောင်နှင့် ဩစတြေးလျပါလီမန်မှ ခေါင်းဆောင်သောအဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား UNDP အဖွဲ့ ခေါင်းဆောင် Ms. Emma Morley, နှင့် ဩစတြေးလျပါလီမန်မှ the Clerk Mr. Davaid Elder ခေါင်းဆောင်သောအဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် အမျိုးသားလွှတ်တော်ရေးရာဆောင် I-20 ၌ လာရောက်တွေ့ဆုံကြသည်။

ဆွေးနွေး

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဦးဂျေယောဂူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး Strategic Plan ရေးဆွဲရေးနှင့် ကူညီပံ့ပိုးမည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

စာရေးကိရိယာလှူဒါန်း အာဟာရများတိုက်ကျွေး

ပဲခူး ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ပေါ်ရှိ အမကကျောင်းများကို ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ကျောင်းဝတ်စုံ၊ ကျောင်းသုံး စာရေးကိရိယာနှင့် အာဟာရကျွေးမွေးလှူဒါန်းလျက်ရှိရာ ဇွန် ၈ ရက်က မြို့တွင်း အနောက်(က) ဒေါ်အေးသောင်း အမကကျောင်းတွင် ကျောင်းသား ကျောင်းသူ ကလေးသူငယ်များအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် အာဟာရများကို ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးနှင့်အဖွဲ့က တိုက်ကျွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

ကန္တဝင်ရွှေပုံ Travels & Tours
Tourism Learning Centre ... Course (၃) မျိုးအား Tourism
(i)	Promotion & Marketing Course	( )	150,000/-
(ii)	Outbound Tour Leader Course	( )	150,000/-
(iii)	Tour Operation Course	( )	100,000/-

No.67, Baho Rd, Sanchaung. Ph: 01-500191, 519292, 510491,510218
E/1, 35 Rd, Bet 72x73 St, Mandalay.
Ph: 09-31693339,09-73013856
Hot Line: 09-73003772

နိုင်ငံတကာသတင်း

ကမ္ဘာ့ဖလားဘောလုံးပွဲကို တစ်ပွဲမကျန်အခမဲ့ပြသရန် ထိုင်းတပ်မတော်အစိုးရကဘောလုံးပွဲစီစဉ်သူများကိုအမိန့်ထုတ်

ဗန်ကောက် ဇွန် ၁၂

ထိုင်းတပ်မတော်အစိုးရက ကမ္ဘာ့ဖလား ဘောလုံးပွဲကို မည်သည့်ပြိုင်ပွဲမဆို ဘောလုံးပရိသတ်များကို အခကြေးငွေမယူဘဲ အခမဲ့ပြသသွားရန် ရုပ်မြင်သံကြား ညှိနှိုင်းဆောင်ရွက်သူများအား အမိန့်ထုတ်ပြန်လိုက်သည်။

ကမ္ဘာ့ဖလား ဘောလုံးပွဲသည် ပျော်ပွဲရွှင်ပွဲ အစိတ်အပိုင်းဖြစ်ကြောင်း၊ ဘောလုံးပရိသတ်များကို အခမဲ့ပြသခြင်းဖြင့် ဘောလုံးနည်းပညာများတိုးတက်ရမည်ဖြစ်ကြောင်း၊ ဘောလုံးပွဲသည် အခမဲ့ဆံပင်ညှပ်ပေးခြင်းနှင့် ကပွဲများဖျော်ဖြေပေးခြင်းနှင့်တူကြောင်း ထိုင်းတပ်မတော်က ပြောသည်။

ကမ္ဘာ့ဖလားဘောလုံးပြသခွင့်ကို ဝယ်ယူထားသော ရုပ်သံချန်နယ်က ဘောလုံးပွဲများကို အခမဲ့ပြသရမည်ဖြစ်၍ လျော်ကြေးငွေအမေရိကန် ဒေါ်လာ ၂၀ ဒသမ ၅ သန်းတောင်းဆိုထားကြောင်း သတင်းများက ဖော်ပြသည်။

ထိုင်းတပ်မတော်အစိုးရအနေဖြင့် ပြီးခဲ့သောလက အစိုးရကိုဖြုတ်ချပြီးနောက် နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိရန် ကြိုးစားလျက်ရှိသည်။

ထိုင်းအစိုးရက ဆန္ဒပြသူများကို ဖြိုခွင်းပြီး ရာပေါင်းများစွာသော အတိုက်အခံများကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထို့နောက် ယင်းတို့အား သတိပေးကတိဝန်ခံချက်များဖြင့် ပြန်လွှတ်ပေးခဲ့သည်။ ဗန်ကောက်နှင့် နိုင်ငံ၏ အခြားအစိတ်အပိုင်းအချို့၌ ကာဖျူးအမိန့်ထားရှိဆဲဖြစ်သည်။

လူတိုင်းက စောင့်ကြည့်ဖွယ်ရှိသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် လူများကို ပျော်ရွှင်စေအောင် လုပ်ဆောင်ပေးနိုင်သည့် အဓိက အစိတ်အပိုင်းဖြစ်ကြောင်း ဗန်ကောက်မြို့ ဘီဘီစီရုံးအကြီးအကဲ ဂျိုနသန်ကပြောကြားသည်။

အဆိုပါ ကမ္ဘာ့ဖလားဘောလုံးပွဲပြသခွင့်ကို RS ရုပ်သံထုတ်လုပ်ရေးက ဝယ်ယူထားပြီး ဘောလုံးပွဲသုံးပုံတစ်ပုံသာလျှင် အခမဲ့ချန်နယ်များမှ ပြသရန်စီစဉ်ထားခဲ့သည်။ သို့ရာတွင် ဘောလုံးပွဲကြည့်ရှုသူအားလုံးက အခမဲ့ ပြသပေးရန်လိုလားကြသည်။ ထိုင်းနိုင်ငံတွင် ဆင်းရဲသားအများစုမှာ ဘောလုံးပွဲကြည့်ရန် ခက်ခဲခြင်းကြောင့် အခမဲ့ပြသပေးရန် လိုလားကြသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

သြစတြေးလျကျောင်းများတွင် စွမ်းရည်မြှင့်တင်ရန် အာရှသင်္ချာသင်ကြားရေးနည်းလမ်းများ အသုံးပြုမည်

ဆစ်ဒနီ ဇွန် ၁၂

သြစတြေးလျနိုင်ငံသည် ဟောင်ကောင်၊ စင်ကာပူ၊ တောင်ကိုရီးယားနိုင်ငံများရှိ ကျောင်းများတွင် အသုံးပြုသင်ကြားနေသည့် သင်္ချာသင်ခန်းစာများကို မိမိတို့နိုင်ငံရှိ ကျောင်းသားများ၏ ရမှတ်စွမ်းရည် တိုးတက်စေရန် ရည်ရွယ်လျက် သင်ကြားရေးတွင် ထည့်သွင်းသင်ကြားလိမ့်မည်ဖြစ်သည်ဟု ဒေသမီဒီယာများက ဇွန် ၁၂ ရက်တွင် ဖော်ပြခဲ့သည်။

မူလတန်းကျောင်းများ၏ ပြဋ္ဌာန်းစာအုပ်အသစ်များသည် အာရှနိုင်ငံများ၏ နိုင်ငံတကာစစ်ဆေးမှုများအရ ယူဆရသော သင်္ချာသင်ကြားရေးနည်းလမ်းများကို အခြေခံထားကြောင်း သြစတြေးလျအနောက်ပိုင်းက ဖော်ပြခဲ့သည်။

ယင်းအခြေခံသင်္ချာဆိုင်ရာစာအုပ်သစ်များကို ကျောင်းသားများ ငယ်စဉ်ကတည်းက ရင်းနှီးကျွမ်းဝင်စေရာ သြစတြေးလျသင်ရိုးညွှန်းတမ်းများထက် ပိုမိုလွှမ်းမိုးထားခဲ့ကြောင်း ကျောင်းသုံးစာအုပ်ထုတ်ဝေသူကဆိုသည်။

စင်ကာပူနိုင်ငံတွင် အသက်သုံးနှစ်အရွယ်တွင် အနည်းငယ်သင်ကြားပေးခြင်းရှိသကဲ့သို့ အသက်ခြောက်နှစ်အရွယ်တိုင်အောင် အချို့သောသင်ခန်းစာများကို သင်ကြားပေးခြင်းမရှိသေးကြောင်း၊ အလွတ်ကျက်မှတ်သည့် နည်းလမ်းဖြင့် သင်ကြားပေးခြင်းမျိုးမဟုတ်ဘဲ သိမြင်နားလည်လာအောင် သင်ကြားပေးခြင်းသည် ကလေးငယ်များ၏ သင်္ချာဘာသာရပ်ဆိုင်ရာ အတွေးအခေါ်၊ ဆွေးနွေးမှုများတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ပညာရေးဌာနအကြီးအကဲ Christine Vale က ပြောခဲ့သည်။

သြစတြေးလျအနောက်ပိုင်းရှိ အချို့သော ကျောင်းများသည် ၄င်းသင်ခန်းစာများကို နမူနာအတန်းများထားကာ စမ်းသပ်သင်ကြားမည်ဖြစ်ပြီး စံချိန်စံညွှန်းပြည့်မီသော သင်ခန်းစာများကို သင်ကြားနေရသည့် ကျောင်းသားများ၏ ရလဒ်နှင့် နှိုင်းယှဉ်ကြည့်မည်ဟုဆိုသည်။

(ဆင်ဟွာ)

ပါကစ္စတန်နိုင်ငံတွင် ဒရုန်းလေယာဉ်များဖြင့် တိုက်ခိုက်မှု အမေရိကန်တို့ ပြန်လည်စတင်

ကရာချိ ဇွန် ၁၂

အမေရိကန်တို့အနေဖြင့် ပါကစ္စတန်နိုင်ငံတွင် ၄င်းတို့၏ ဒရုန်းလေယာဉ်များဖြင့် တိုက်ခိုက်မှုအစီအစဉ်ကို ပြန်လည်စတင်လိုက်ပြီး ပါကစ္စတန်နိုင်ငံ၏ မြောက်ပိုင်း မျိုးနွယ်စုများနေထိုင်ရာ ဝါဇီရစ္စတန်ပြည်နယ်တွင် စစ်သွေးကြွများ ကြီးစိုးရာဒေသသို့ ပြီးခဲ့သည့်ညက လေကြောင်းတိုက်ခိုက်မှုနှစ်ခု ပြုလုပ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည် ။

အဆိုပါ တိုက်ခိုက်မှုများတွင် စစ်သွေးကြွများဟု သံသယရှိသူ ၁၆ ဦး သေဆုံးခဲ့သည်ဟု သိရသည်။

ယခုကဲ့သို့ အမေရိကန်တို့၏ ပါကစ္စတန်အတွင်း ဒရုန်းလေယာဉ်ဖြင့် တိုက်ခိုက်မှုသည် ကရာချိ နိုင်ငံတကာလေဆိပ်သို့ စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး တိုက်ခိုက်သူ ၁၀ ဦး အပါအဝင် လူ ၃၉ ဦးသေဆုံးခဲ့ရသဖြင့် နောက်ဆက်တွဲဖြစ်လာသည့် ဖြစ်ရပ်လည်းဖြစ်သည်။

ဖိအားပေးခံ

ဝါရှင်တန်အနေဖြင့် ပြီးခဲ့သည့်ဒီဇင်ဘာက အစ္စလမ္မာဘတ်အစိုးရနှင့် ပါကစ္စတန်တာလီဘန်အဖွဲ့ (TTP) တို့ ငြိမ်းချမ်းရေး ဆွေးနွေးနိုင်ရေးအတွက် ဒရုန်းလေကြောင်း တိုက်ခိုက်မှုများ ရပ်တန့်ပေးထားမည်ဟု ကတိပြုထားခဲ့သည်။ သို့သော် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပျက်သွားခဲ့သဖြင့် ၄င်းဒေသများတွင် မြေပြင်တိုက်ခိုက်မှုများ စတင်ရန် ပါကစ္စတန်အာဏာပိုင်များ ဖိအားပေးခံနေကြရသည်။

ယမန်နေ့ည ဒရုန်းလေယာဉ်နှစ်စင်းတိုက်ခိုက်မှုသည် မြောက်ပိုင်း ဝါဇီရစ္စတန်၏ အဓိကမြို့တော်အနီးရှိ ရွာတစ်ရွာကို နာရီခြား တိုက်ခိုက်မှု ပြုခဲ့ခြင်းပင်ဖြစ်သည်။

ပထမတစ်စင်း တိုက်ခိုက်မှုကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်း ပြုလုပ်ခဲ့ပြီး နောက်တစ်စင်း တိုက်ခိုက်မှုကို ကြာသပတေးနေ့ နံနက်အစောပိုင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

စီးပွားရေးအကျပ်အတည်းကြောင့် ကိုယ့်ကိုယ်ကိုယ်သတ်သေမှုနှုန်းများလာ

လန်ဒန် ဇွန် ၁၂

ဥရောပနှင့် မြောက်အမေရိက စီးပွားရေး အကျပ်အတည်းသည် လူပေါင်း ၁၀၀၀၀ ကျော် မိမိကိုယ်ကိုယ်အဆုံးစီရင်မှုကို ဦးတည်သွားစေခဲ့ကြောင်း ယူကေသုတေသနပညာရှင်များ၏ လေ့လာမှု စစ်တမ်းတွင် ဖော်ပြသည်။

အလုပ်အကိုင်ရရှိရန် အလုပ်လျှောက်ထားသူများကို တွေ့ရစဉ်။

မိမိကိုယ်ကိုယ် အဆုံးစီရင်မှုသည်သိသိသာသာ တိုးလာကြောင်း ဗြိတိသျှစိတ်ရောဂါကုသမှု ဆိုင်ရာဂျာနယ်က ထုတ်ပြန်သော စစ်တမ်းတွင် ဖော်ပြသည်။

အချို့နိုင်ငံများက အဆုံးစီရင်မှုတိုးလာခြင်းမရှိသကဲ့သို့ သေဆုံးရန်ရှောင်တိမ်းနိုင်ဖွယ် ရှိကြောင်း အဆိုပါသုတေသနအဖွဲ့ကပြောသည်။

အဆိုပါ တွေ့ရှိလေ့လာချက်များသည် ကောင်းမွန်သော စိတ်ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများမည်သို့မည်ပုံ ဆောင်ရွက်သင့်ကြောင်းကို ဖော်ပြနေခြင်းဖြစ်ကြောင်း ၄င်းအဖွဲ့က ပြောသည်။

အဆိုပါသုတေသန ဆန်းစစ်ချက်စာတမ်းကို အောက်စဖို့ဒ်တက္ကသိုလ်နှင့် လန်ဒန်ဟိုက်ဂျင်းနှင့် ထရောပီကယ် ဆေးရုံမှ သုတေသနအဖွဲ့က အီးယူ ၂၄ နိုင်ငံ၊ အမေရိကန်နှင့် ကနေဒါတို့မှ အဆုံးစီရင်မှုများကို စစ်တမ်းကောက်ယူ တင်ပြထားခြင်းဖြစ်သည်။ ၂၀၀၇ ခုနှစ် တိုင်အောင် ဥရောပ၌ အဆုံးစီရင်မှုကျဆင်းခဲ့သော်လည်း ၂၀၀၉ ခုနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးလာသည်။

၂၀၁၁ ခုနှစ်အထိ ယင်းရာခိုင်နှုန်းအတိုင်း တိုးလာခဲ့ရာ လူပေါင်း ၇၉၅၀ ကျော် အဆုံးစီရင်ခဲ့သည်။ မျှော်လင့်ထားသည်ထက် တိုးလာခဲ့သည်။ ကနေဒါတွင် အဆုံးစီရင်မှုကျဆင်းခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် စီးပွားရေးကျဆင်းမှုကြောင့် အဆုံးစီရင်သူ ၂၄၀ ကျော် ရှိခဲ့သည်။ **(ဘီဘီစီ)**

အဲအာရှအိန္ဒိယစတင်ပြေးဆွဲ

နယူးဒေလီ ဇွန် ၁၂

အဲအာရှအိန္ဒိယလေကြောင်းလိုင်းသည် အိန္ဒိယ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်အတူ ပထမဆုံးလေကြောင်းလိုင်းကို ကြာသပတေးနေ့တွင် စတင်ပြေးဆွဲခဲ့သည်။

အဆိုပါ လေကြောင်းလိုင်းသည် အာရှ၏ဈေးနှုန်းအသက်သာဆုံးလေကြောင်းလိုင်းဖြစ်ပြီး အဲအာရှနှင့်အိန္ဒိယတာတာအုပ်စုတို့က ထူထောင်ထားသည်။

၄င်းလေကြောင်းလိုင်းက အိန္ဒိယနိုင်ငံတွင် လေယာဉ်လက်မှတ်ဈေးနှုန်းအသက်သာဆုံး လေကြောင်းလိုင်းဖြစ်လာစေရန် ကတိပြုပြောဆိုလိုက်သည်။ အိန္ဒိယ ပြည်တွင်းလေကြောင်းလိုင်းအများစုသည် လေယာဉ်ဆီဈေးနှုန်းမြင့်တက်မှုကြောင့် အရှုံးပြလျက်ရှိသည်။ **(ဘီဘီစီ)**

တူရကီနိုင်ငံအတွင်း အရက်ရောင်းချခြင်း တင်းကျပ်စွာတားမြစ်

တူရကီ ဇွန် ၁၂

တူရကီနိုင်ငံတစ်ဝန်းလုံး၌ အရက်ကြော်ငြာဘုတ်များကို ဖယ်ရှားရန် ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်း၍ အရက်တားမြစ်ချက်ကို ဇွန် ၁၂ ရက်က တင်းကျပ်စွာ ထုတ်ပြန်ခဲ့သည်။

တစ်ချိန်တည်းမှာပင် အရက်ရောင်းချနေသည့် ကော်ဖီဆိုင်များ၊ ဘားဆိုင်များ၊ စားသောက်ဆိုင်များရှိ ကြော်ငြာများ၊ လိုဂိုများကို ၂၄ နာရီအတွင်း ဖယ်ရှားရန် အကြောင်းကြားထားခဲ့သည်။

၄င်းဥပဒေကို လိုက်နာမှုမရှိပါက ဒေါ်လာ ၂၃၀၀ မှ ၉၅၀၀၀ အထိ အဆင့်ဆင့်သော ဒဏ်ကြေးငွေများကို ပေးဆောင်ရမည်ဟု ဆိုသည်။

(ဆင်ဟွာ)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း မွန်နှင့် ကရင်ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဇွန် ၁၂

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဆောင်ရွက်နေသော နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ စစ်ဆေးရန် ဇွန် ၇ ရက်တွင် သထုံမြို့သို့ ရောက်ရှိခဲ့ပြီး သထုံမြို့တွင်းဆောက်လုပ်မည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း မြေနေရာကို သွားရောက်စစ်ဆေးကာ အဆောက်အအုံများ ဆောက်လုပ်ရန် အကွက်ချပုံစံများနှင့် စပ်လျဉ်း၍ အနာဂတ်တွင်ဖြစ်ပေါ်လာမည့် အခြေအနေများအား တွက်ဆပုံစံချ ရေးဆွဲဆောင်ရွက်ရေး မှာကြားခဲ့သည်။

ဇွန် ၉ ရက်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဖောက်လုပ်နေသော မဲပလဲ-ထိဝါကလေး-တာလေလမ်းကြောင်းနှင့် ထိုကော်ကိုး-ကျော်ခို-ကော့ကော်လမ်းကြောင်းပေါ်ရှိ ကော့ကော်တံတားအား သွားရောက်စစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစတင်၍ မဲပလဲ-ထိဝါကလေး-တာလေ-ရှူးထ-မဲသဝေါ နယ်စပ်ပတ်လမ်းအား နှစ်အလိုက်စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မဲပလဲ-ထိဝါကလေးလမ်း မိုင် ၁၇ မိုင်အား ကျောက်ရောမြေလမ်းအဖြစ်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ထိဝါကလေး-တာလေလမ်းမိုင် ၃၀ အား ကျောက်ရောမြေလမ်းအဖြစ်လည်းကောင်း အသီးသီးဖောက်လုပ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တာလေ-ရှူးထလမ်း မိုင် ၂၀ အား ကျောက်ရောမြေလမ်းခင်းရန် စီစဉ်ဆောင်ရွက်နေကြောင်းနှင့် အဆိုပါလမ်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

❊ ရှေ့ဖုံးမှ

အာဆီယံအသိုက်အဝန်းထူထောင်နိုင်ရေးအတွက် ပြည်သူများအား အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် သံန္နိဋ္ဌာန်ချထားပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် ငြိမ်းချမ်းကြွယ်ဝသော အာဆီယံအသိုက်အဝန်းတစ်ရပ်အတွက် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာ ကြေညာချက် (Declaration on Social Responsible Media for a Peaceful and Prosperous ASEAN Community) ကို သဘောတူနိုင်သည့်အတွက် အလွန်ကောင်းမွန်သော ရလဒ်ဖြစ်ပါကြောင်း၊ ဤကြေညာချက်တွင် အရေးကြီးသော မျှော်လင့်ချက်များပါဝင်နေပါကြောင်း၊ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးမြတ်ဟိန်း၊ ဦးဌေးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E.Lee Luong Minh တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

မီဒီယာနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေး

နေပြည်တော် ဇွန် ၁၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.CAI Mingzhao နှင့်ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်းဗင်းရှင်းဗဟိုဌာန (MICC-II)၌ တွေ့ဆုံ၍ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား မီဒီယာနှင့်သိပ္ပံနှင့်နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟန်းဆက် တရားမဝင်တင်သွင်းမှုများ တရားဝင်လမ်းကြောင်းပေါ်ရောက်ရှိရေး ဆွေးနွေး

နေပြည်တော် ဇွန် ၁၂

ပြည်ပမှ Hand Phone(Hand Set) များ တင်သွင်းခြင်းနှင့် ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြည်တွင်းသို့ Hand Phone(Hand Set) များ တင်သွင်းရာ၌ ဖြေလျှော့ပေးနေမှု၊ အခွန်နှုန်းထားများ လျှော့ချမှုများ ပြုလုပ်ပေးခဲ့သော်လည်း Sim Card ထုတ်ပေးခဲ့သော အရေအတွက်နှင့် တရားဝင်လိုင်စင်ဖြင့် အမှန်တင်သွင်းမှု များစွာကွာခြားနေသောကြောင့် တရားမဝင်တင်သွင်းသူများပြားရပါကြောင်း၊ တရားဝင်တင်သွင်းသူများအနေဖြင့် တရားမဝင်တင်သွင်းနေသူများကို မယှဉ်ပြိုင်နိုင်ခြင်း၊ အရည်အသွေးနှင့်ပတ်သက်ပြီး လုံခြုံစိတ်ချရမှုမရှိ၍ သုံးစွဲသူများနစ်နာရခြင်းတို့ဖြစ်ပေါ်လျက်ရှိပြီး တရားမဝင်တင်သွင်းသူများ တရားဝင်လမ်းကြောင်းပေါ်သို့ရောက်ရှိလာစေရေး အထူးအရေးကြီးပါကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေသော လုပ်ထုံးလုပ်နည်းများ၊ အခွန်အကောက်ဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသောလုပ်ငန်းရှင်များကလည်း သိရှိလိုသည်များကို မေးမြန်းအကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❊ ကျောဖုံးမှ

မြှင့်တင်ပြုပြင်မှုများ ပြုလုပ်နိုင်ခဲ့ပြီးဖြစ်သည်။ ထို့အတူ ပြည်သူများ အပန်းဖြေနိုင်သည့် အချက်အချာကျသည့် ပန်းခြံများနှင့် အခြားပန်းခြံများကိုလည်း ပြုပြင်မှုများပြုလုပ်သွားရန် အစီအစဉ်ရှိနေသည်။

ထို့အပြင် ပန်းခြံနေရာများအား အဆင့်မြင့်အဆောက်အအုံများ တည်ဆောက်ရန် ခွင့်ပြုမည်မဟုတ်ဘဲ အများပြည်သူ အပန်းဖြေရေးအတွက်ကိုသာ ပြုပြင်မွမ်းမံမှုများပြုလုပ်သွားမည်ဖြစ်သည်။ တည်ရှိပြီးပန်းခြံများကို နေရာပြောင်းရွှေ့ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းများကို ခွင့်ပြုသွားရန် လုံးဝအစီအစဉ်မရှိကြောင်း သိရသည်။

ယခု အဆင့်မြင့်ပြုလုပ်သည့် ပန်းခြံငါးခုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကာလအတွင်း ပြီးစီးစေရန် ဆောင်ရွက်သွားမည်ဖြစ်ရာ မွန်းကျပ်သော မြို့ပြနေပြည်သူများအတွက် အပန်းဖြေစရာ အဆင့်မြင့်ပန်းခြံများ ထွက်ပေါ်လာတော့မည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့ ပထမအကြိမ် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများစည်းဝေး

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ရဲချုပ်ဇော်ဝင်း၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် Maj.Gen.Aziz Ahmed, psc,G ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၀ ရက်က နေပြည်တော်သို့ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ရဲချုပ်ဇော်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ နေပြည်တော် Horizon Lake View Resort ၌ ပထမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကျင်းပခဲ့သည်။

အစည်းအဝေးအပြီးတွင် နှစ်နိုင်ငံကိုယ်စားလှယ်များ၏ ဆွေးနွေးသဘောတူညီချက်မှတ်တမ်းအား ဇွန် ၁၂ ရက် နံနက် ၉ နာရီခွဲတွင် Horizon Lake View Resort အစည်းအဝေးခန်းမ၌ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးခြင်းဆောင်ရွက်ပြီး **(ယာပုံ)** အဆိုပါ ဟိုတယ် Diplomatic Lounge တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ရဲချုပ်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နယ်ခြားစောင့်တပ်ဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်တို့ ဦးဆောင်၍ သတင်းထုတ်ပြန်ခြင်း ဆောင်ရွက်ခဲ့ရာ ပြည်တွင်း/ပြည်ပသတင်းမီဒီယာအဖွဲ့ (၁၁) ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့များ၏ ဆွေးနွေးချက်များအရ သဘောတူညီချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တရားမဝင်လက်နက်ကိုင်အဖွဲ့များနှင့် ပြစ်မှုကျူးလွန်သူများအား ထိန်းချုပ်ဟန့်တားရေးအတွက် မြန်မာနိုင်ငံ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နယ်ခြားစောင့်တပ်ဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူညီကြပါသည်။

(ခ) နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား ပြုလုပ်ခဲ့သော အလံတင်အစည်းအဝေးများတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့်အချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီကြပါသည်။

(ဂ) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ Precursor Chemicals နှင့် တရားမဝင်မူးယစ်ဆေးဝါးကုန်သွယ်မှု၊ အထူးသဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်မှုများ တားဆီးထိန်းချုပ်နိုင်ရေးအတွက် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များနှင့် သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအကြား သတင်းဖလှယ်ခြင်းများအပါအဝင် လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် သဘောတူညီကြပါသည်။

(ဃ) နယ်စပ်ဒေသနှင့်ဆက်စပ်သော ပြဿနာရပ်များအား ဖြေရှင်းနိုင်ရေး (သို့မဟုတ်) ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် အဆင့်ဆင့်သော ကွပ်ကဲရေးမှူးများနှင့် ဦးစီးအရာရှိများအကြား တိုက်ရိုက်ဆက်သွယ်မှုစနစ်ထူထောင်ရန် သဘောတူညီကြပါသည်။

(င) နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေသည့် ဘင်္ဂလားဒေ့ရှ်ပိုင်နက်နယ်မြေအတွင်းရှိ RSO သောင်းကျန်းသူများ၊ ၄င်းတို့နှင့်ဆက်စပ်သော သတင်းအချက်အလက်များအား မြန်မာနိုင်ငံဘက်က ပေးအပ်မှုအပေါ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ သဘောတူလက်ခံခဲ့ပါသည်။

(စ) မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသများ၌ ၂၀၁၄ ခုနှစ် မေလအတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကဲ့သို့ အလားတူထပ်မံမဖြစ်ပွားစေရေးအတွက် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားရန် နှစ်ဖက်သဘောတူညီကြပါသည်။

(ဆ) နယ်စပ်ဒေသစီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ရေးစနစ်နှင့်နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးစနစ် ထူထောင်ရန်အတွက် နယ်စပ်ဆက်ဆံရေးရုံး (BLO) ဖွင့်လှစ်ရန်ကိစ္စအပေါ် မူအားဖြင့် သဘောတူညီကြပါသည်။

(ဇ) နယ်စပ်ဒေသတစ်လျှောက်တွင်နေထိုင်သည့် ဒေသခံပြည်သူများအား နှစ်နိုင်ငံနယ်နိမိတ်မျဉ်းနှင့် စပ်လျဉ်းသည့် အသိပညာပေးအစီအစဉ်များဆောင်ရွက်ကြရန် သဘောတူညီကြပါသည်။

(ဈ) နှစ်နိုင်ငံနယ်စပ်ဒေသ တာဝန်ရှိသူများအကြား အပြန်အလှန် ယုံကြည်မှု တည်ဆောက်ရေးအတွက် အလည်အပတ်ခရီးစဉ်များ၊ ချစ်ကြည်ရေးအားကစားပွဲများကို အခါအားလျော်စွာ ကျင်းပပြုလုပ်သွားရန် သဘောတူညီကြပါသည်။

မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ နတ်မြစ်ကို ဖြတ်ကျော်ဝင်ရောက်လာသော ဖြစ်စဉ်နှစ်ခုမှ ဖမ်းဆီးခံထားရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ငါးဖမ်းသမား ပြန်လည်လွှဲပြောင်းပေးရန် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့က မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့မှတစ်ဆင့် အကြောင်းကြားခဲ့ရာ ၄င်းငါးဖမ်းသမားသည် မြန်မာနိုင်ငံပိုင်နက်နယ်မြေအတွင်းသို့ တရားမဝင် ဝင်ရောက်လာသဖြင့် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ အရေးယူဆောင်ရွက်ထားခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဘက်မှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း ၎င်းတို့နိုင်ငံအနေဖြင့် ပြစ်မှုကျူးလွန်သူများ သို့မဟုတ် တရားမဝင်လက်နက်ကိုင်အဖွဲ့များနှင့်စပ်လျဉ်း၍ ၎င်းတို့၏ မည်သည့်လုပ်ရပ်ကိုမျှ လက်ခံခြင်းမပြုသကဲ့သို့ ဘင်္ဂလားဒေ့ရှ်ပိုင်နက်နယ်မြေပေါ်တွင် အခြေချအသုံးပြုခွင့်ကို ယခင်ကလည်း ခွင့်မပြုခဲ့သည့်အပြင် နောင်တွင်လည်း ခွင့်ပြုမည်မဟုတ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်အစိုးရသည် ယင်းအချက်များအတိုင်း အခိုင်အမာရပ်တည်လျက်ရှိပါကြောင်း၊ ဖြစ်ပွားခဲ့ပြီးသော ပြဿနာရပ်များကို ဆက်လက်စုံစမ်းဖော်ထုတ်ပြီး ဆောင်ရွက်မှုများနှင့် ရရှိလာမည့် သတင်းအချက်အလက်များကို အကြောင်းပြန်ကြားသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြန်လည်ဆွေးနွေးချက်အပေါ် သဘောတူညီခဲ့ကြကြောင်း သတင်းရရှိသည်။ (ရဲပြန်ကြား)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ထူးခြားသော ဝိသေသနှင့် နယုန်လ

ဝိသုဓ္ဓက(ပဲခူး)

နယုန်လသည် မြန်မာဆယ့်နှစ်လတွင် နွေဥတုတစ်ဝက် မိုးဥတု တစ်ဝက်တွင်ပါဝင်ပြီး နွေရာသီကုန်ဆုံးတော့မည့်လဖြစ်သည်။ “ကဆုန်၊ နယုန်ဆွေ့ဆွေ့ခုန်” ဟုဆိုရလောက်အောင် ပူလောင်ရာမှ နယုန်လရောက်လျှင် “နယုန်မိုးသေးမြက်သားမွေး” ဟုဆိုသကဲ့သို့ မိုးသေးမိုးဖွဲများ ရွာသွန်းစပြုလေ၏။ အပူရှိန်ကြောင့် အရိုးအပြိုင်းပြိုင်းဖြစ်နေသည့် သစ်ပင်သစ်ကိုင်းများမှာ ရွက်ညွန့်ကလေးများကြောင့် စိမ်းစိုလျက်ရှိသည်။ မြေသားပေါ်တွင် မြက်နုလေးများဖြင့် စိမ်းစိုအေးမြလာ၏။ တောင်သူလယ်သမားတို့သည် ဝါဂွမ်း၊ ပြောင်း၊ နှမ်း၊ ဂျုံ၊ ပဲမျိုးစုံတို့ ကြဲကြတော့မည်။ မျိုးစပါးများကို ပျိုးထောင်ကြရပေမည်။ တောရွာများ၏ မြင်ကွင်းအလှများတွင် စိမ်းလဲ့လဲ့ပျိုးခင်းများက ကျေးရွာအလှကို မွမ်းမံလျက်ရှိသည်။ လယ်ယာ၏ သားပျို၊ သမီးပျိုတို့သည် အားမာန်ဝင့်လျက် ပျော်ပျော်ပါးပါးလယ်ယာတောသို့ ဝင်ရောက်ကြရန် ပြင်ဆင်နေကြပြီ။

နယုန်လ

“နယုန်” ဟူသောဝေါဟာရတွင် “န”သည် အချိန်ကာလဖြစ်၏။ “ယုန်” သည် မြန်မာ့ရောင်းရင်းဘာသာစကားအရ“မိုးရွာခြင်း”ဟု အနက်ထွက်၏။ နယုန်လသည် မိုးရွာပြီဖြစ်သောလဟု မှတ်ယူကြ၏။

ဤလတွင် ရက်ပေါင်း ၃၀ ရှိ၏။ နာရီအားဖြင့် နေ့ ၃၄ နာရီ၊ ည ၂၆ နာရီရှိ၏။ နေ့တာရှည်၏။ ညတာတိုသည်။ ရာသီအလို “မေထုန်”ခေါ်ဆို၏။ ဇေဋ္ဌနက္ခတ်နှင့်စန်းယှဉ်ကြည့်ကာ မြင်းတာရာထွန်းပ၏။ ရာသီရုပ်မှာ အပျို၊ လူပျို ယှဉ်တွဲနေပုံဖြစ်၏။

မိုးသားထစ်ကြူး၊ ကျေးငှက်မြူးကြသည့် လနယုန်တွင် ပွင့်ငုံလေ့ရှိကြသော ရာသီပန်းမှာ “ဗိုလ်ခြိတ်ရွှေလယ်မှာ၊ ငွေစံပယ်ဖြူမုလေးက၊ မွှေးလှတယ်လေး” ဟူ၍ မဟာအတုလမင်းကြီးက နယုန်လတွင် မြတ်လေးခေါ် မုလေးပန်းကို ရာသီပန်းအဖြစ် ထည့်သွင်းဖွဲ့ဆိုခဲ့သည်။ ယင်းမြတ်လေးခေါ် မုလေးပန်းကို ရှေးအခါက ပန်းတကာတို့တွင် တော်ဝင်ပန်းအမြတ်ဆုံးပန်းဟု တင်စားသုံးနှုန်းကြ၏။ မြတ်လေးပန်းသည် ဆေးဖက်လည်းဝင်သည်။

နယုန်လအဓိပ္ပာယ်

ပုဂံခေတ်၊ အင်းဝခေတ်ထိုးကျောက်စာတို့၌ နံယုန်၊ နယုန်၊ နံမျုန်ဟု အမျိုးမျိုးရေးထိုးခဲ့ကြသည်။ ဒုတိယ ရှင်ပုညကာမိ စီရင်သော ဘုန်းမီးထက်လျှံချီ မှန်စီသတ်ပုံတွင် “တန်ခူးကဆုန်၊ လနမျုန်၊ ဖုန်ဖုန်လွင့်မြူးလိမ်း”ဟုလည်းကောင်း၊ သက္ကရာဇ် ၁၀၈၈ ခုနှစ်ပြီးသည့် သီရိမင်္ဂလာသတ်ပုံတွင် “ကဆုန် နမျုန်၊ ကြိုးသုန်သုန်၊ နယုန် နသတ်မြန်း”ဟုလည်းကောင်း လာရှိသည်တို့ကိုထောက်လျှင် ဒုတိယအင်းဝခေတ်၌ “နမျုန်”ဟုလည်း အရေးအသားရှိကြောင်းသိရ၏။

နယုန်၏ရင်းမြစ်မှာ “နရယုဂ”ဟူသော ပါဠိပုဒ်ဖြစ်၏။ နရယုဂသဒ္ဒါပျက်၍ ယုန်ဖြစ်လာသည်ဟုယူရန်ရှိ၏။ မေထုန်ရာသီ၏ အမည်များကိုရာဇမတ္တဏ်ကျမ်းရာသီဘိဓာနအပိုင်း၌ ဇီတုမ၊ မိထုန၊ နရယုဂဟုသုံးမျိုးပြဆိုထားသည်။ ထိုသုံးမျိုးတွင်“နရယုဂ”မှ မေထုန်ရာသီ၏ နာမည်တစ်မျိုးဖြစ်၏။

အဓိပ္ပာယ်မှာ မိန်းမယောက်ျားအစုံ(နရ=လူ+ယုဂ=အစုံ)ဟု ဆိုလို၏။ ဤသို့ ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ ပြဆိုထား၏။ ထိုကျမ်းဆရာ၏ အလိုမှာ မေထုန်ရာသီဟော နရယုဂသဒ္ဒါမှ နရယုဂ်ဖြစ်လာပြီး နရယုဂ်မှ နယုန်ဖြစ်လာသည်ဆို၏။

ရှေးခေတ်ပညာရှင်ရွေးပွဲ

ပုဂံအနော်ရထာ(အနိရုဒ္ဓ)ဘုရင်မှစ၍ ရှေးမြန်မာဘုရင်အဆက်ဆက်တို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ကြ၏။ ဗုဒ္ဓဘာသာဝင်ဘုရင်များဖြစ်ကြသည့်အလျောက် မိမိတို့လက်ထက်တော်အခါတွင် သာသနာတော်ပြန့်ပွားတိုးတက်ထွန်းကားရေးကို စွမ်းအားရှိသရွေ့ချီးမြှောက်အားပေးခဲ့ကြ၏။

သာသနာတော်သုံးရပ်တွင် ပိဋကစာပေဟူသော“ပရိယတ္တိ”သာသနာတော်သည် အရေးအကြီးဆုံး၊ အခြေခံအကျဆုံးဖြစ်ကြောင်း ကောင်းစွာသိတော်မူ၏။ ပရိယတ္တိသာသနာတော်တည်မှ ကျန်သာသနာများတည်တံ့နိုင်ရကား ပရိယတ္တိသာသနာမှာ သာသနာသုံးရပ်၏ အသက်သွေးကြောဖြစ်၏။

ရှေးခေတ်ရှေးအခါက ဖြစ်ထွန်းနေသော ဘုန်းကြီးကျောင်းပညာရေးကိုလည်း အထူးအားပေးလို၏။ ထိုဘုန်းကြီးကျောင်းပညာရေးက မွေးထုတ်ပေးလိုက်သော ပညာရှင်များကိုလည်း လောကသာသနာနှစ်ဖြာလုံးတွင် အသုံးချရန် ဆန္ဒရှိ၏။

ထို့အတွက်ကြောင့် ရှေးမြန်မာဘုရင်များသည် ပရိယတ္တိသာသနာ တိုးတက်ပြန့်ပွားရန်နှင့် ပညာရှင်များထွန်းကားလာရန်ဟူသော ဆန္ဒဖြင့် ပထမစာတော်ပြန်ပွဲကို နယုန်လ၏ရာသီပွဲတော်အဖြစ် တခမ်းတနားပြုလုပ်ကျင်းပခဲ့ခြင်းဖြစ်၏။

မြန်မာမင်းများ ကျင်းပခဲ့သည့် စာတော်ပြန်ပွဲသည် မြန်မာ့တက္ကသိုလ်စာမေးပွဲများပင်ဖြစ်၏။ ထိုစာတော်ပြန်ပွဲများမှ လူကောင်းလူတော်ပညာရှင်များကို ရွေးထုတ်ပြီး လွှတ်တော်၊ ရုံးတော်၊ ဗြဲတိုက်တော်တို့တွင် အသုံးချသွားခဲ့၏။ ယင်းပုဂ္ဂိုလ်များအနက် အချို့မှာ စာရေးတော်များဖြစ်လာကြ၏။ အချို့သော လူကောင်းလူတော်များသည် ရာထူးကြီးများကိုပင် တိုက်ရိုက်ရကြ၏။ ပညာရှိဆိုသည်မှာ လောကရေး၊ ရာဇရေး၊ ဓမ္မရေးတို့တွင် တစ်ဖက်ကမ်းခပ်တတ်မြောက်သော ပါရဂူတို့သာများသည်၊ တွင်းသင်းမင်းကြီး၊ ကင်းဝန်မင်းကြီး၊ ပခန်းဝန်ကြီးစသည်တို့သည် ရဟန်းအဖြစ်မှလူဝတ်လဲရန် နန်းတော်သို့ရောက်ကြပြီး အုပ်ချုပ်ရေးယန္တရားများကို လည်စေသောသူများပင်ဖြစ်၏။ စာတော်ပြန်ပွဲသည် တိုင်းပြည်၏သာသနာရေး၊ နိုင်ငံရေး၊ ပညာရေးနှင့်အုပ်ချုပ်ရေးဘက်တွင် လိမ္မာကျွမ်းကျင်သော ပညာရှင်များကို တစ်နှစ်လျှင်တစ်ကြိမ် မှန်မှန်ရွေးထုတ်ပေးသော ရှေးခေတ်ပညာရှင်ရွေးပွဲပင်ဖြစ်၏။

စာတော်ပြန်ပွဲ

သမိုင်းများတွင် အစောဆုံးတွေ့ရသည်မှာ ဒုတိယအင်းဝခေတ်သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ်(၁၀၀၀) ပြည့်နှစ်ဖြစ်၏။ မှန်နန်းရာဇဝင်တော်ကြီး တတိယတွဲ (၂၃၉)တွင် . . .

“သက္ကရာဇ်(၁၀၀၀)ပြည့်နှစ်တွင် ကျမ်းဂန်သင်ကြားသော သာမဏေတို့ကို သင်ကျမ်းကို ဆရာတို့မေးရသည်။ အနက်အဓိပ္ပာယ်ကို ဆိုနိုင်သော သာမဏေတို့ကို ပဉ္စင်း ၁၀၈ ပါး၊ သာမဏေ ခုနစ်ပါး၊ ထိုနှစ်ကဆုန်လဆန်း ၁၄ ရက်(တနင်္ဂနွေနေ့) မွန်းတည့်ကျော် ၂ နာရီ ၃ ပါဒ်တွင် ပဉ္စင်းခံတော်မူသည်” ဟူ၍ လာရှိ၏။

ထို့အတွက်ကြောင့် ပညာရှင်များက သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် (၁၀၀၀)ပြည့်နှစ်တွင် ပထမစာတော်ပြန်ပွဲကို စတင်ကျင်းပခဲ့ကြောင်း လက်ခံအတည်ပြုထားကြ၏။ အင်ရုံစာတမ်းခေါ် လောကဗျူဟာကျမ်းတွင် အင်ရုံဝန်ကြီးက အင်းဝမင်းများ နယုန်လတွင် ပထမစာတော်ပြန်ပွဲ သဘင်ဆင်ယင်ကျင်းပပုံကို စုံလင်စွာဖော်ပြထား၏။ သမိုင်းမှတ်တမ်းများတွင် စတင်တွေ့ရှိရသော သာလွန်မင်းတရားလက်ထက်မှ သီပေါမင်းလက်ထက်အထိ မင်းဆက်အချို့၊ စာတော်ပြန်ပွဲကျင်းပသည့်အကြောင်းကို မှန်နန်းရာဇဝင်၊ ကုန်းဘောင်ခေတ်မဟာရာဇဝင်တော်ကြီးနှင့် သမိုင်းဝင်မှတ်တမ်းများ၌ မဖော်ပြထားပါ။ အချို့မင်းများလက်ထက်ကျင်းပသော ပထမစာတော်ပြန်ပွဲများသည် မှတ်တမ်းမတင်ခဲ့ခြင်းကြောင့် သမိုင်းတွင် မပါရှိခြင်းဖြစ်သည်။ မင်းစဉ်မင်းဆက်အားလုံး အဆက်မပြတ် ပထမစာတော်ပြန်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ကြသည်ဟု ကောက်ချက်ချနိုင်သည်။

မဟာသမယအခါတော်နေ့

နယုန်လ၏ ထူးခြားသော ဝိသေသလက္ခဏာကို တင်ပြရသော် လွန်လေခဲ့သည့် မဟာသက္ကရာဇ် ၁၀၇ ခုနှစ်အတွင်းကဖြစ်၏။ သုံးလောကထွတ်ထား မြတ်ဘုရားရှင်သည် နယုန်လပြည့်နေ့၌ ကပိလဝတ်အနီး မဟာဝုန်တော၌ စံနေတော်မူသည်။ ထိုစဉ် ရောဟိနီမြစ်ရေစစ်ပွဲကြောင့် တရားအရသာသိလာကြသော သာကီဝင်မင်းသားငါးရာတို့သည် ရဟန်းပြု၍ ကမ္မဋ္ဌာန်းတရားများ အားထုတ်လျက်ရှိ၏။ ထိုရဟန်းတော်တို့သည် နယုန်လပြည့်နေ့ ညနေမှာပင် မဂ်ဖိုလ်ဆိုက်၍ ရဟန္တာများဖြစ်တော်မူကုန်ကြ၏။

ပထမဦးစွာ ရဟန္တာဖြစ်တော်မူသော ရဟန်းတော်သည် မြတ်ဘုရားထံသို့ မိမိရဟန္တာဖြစ်ပုံကို လျှောက်ထားရန်လာရောက်၏။ မိမိအပြင် အခြားသူရှိမရှိကို ပြန်၍ကြည့်လိုက်သောအခါ မိမိကဲ့သို့ လျှောက်ထားမည့် အခြားသော ရဟန်းတစ်ပါးကို တွေ့ရသည်။ မိမိရဟန္တာဖြစ်ပုံကို မလျှောက်တော့ဘဲ ထိုင်မြဲထိုင်နေလေသည်။ နောက်တစ်ပါးကလည်း ထိုကဲ့သို့ လျှောက်ထားရန် လာရောက်ရာ အခြားရဟန်းတစ်ပါးကို တွေ့ရပြန်သဖြင့် ထိုနည်းတူစွာပင် ထိုင်နေလေ၏။

ဤပုံဤနည်းဖြင့် အဆက်မပြတ်ရောက်လာကြရာ အသစ်စက်စက် ရဟန္တာငါးရာတို့ အစုံအလင်ရောက်ရှိကုန်ကြသည်။ ထိုအခါ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းသည် မြတ်ဘုရားရှင်နှင့် ရဟန္တာများကို ဖူးမြော်ရန် စုရုံးလာကြကုန်၏။ ထိုအချိန်သည် နယုန်လပြည့်နေ့ညဖြစ်၍ မဟာဝုန်တောသည် တောပန်းရနံ့တို့ဖြင့် သာယာစိုပြည်လျက်ရှိနေလေသည်။

ဤသို့အတိုင်းမသိ များပြားလှစွာ နတ်ဗြဟ္မာအပေါင်းတို့ စုံလင်စုဝေးကြသောအခါကို “မဟာသမယ” ဆို၏။ မြတ်ဘုရားရှင်သည် နတ်ဗြဟ္မာအပေါင်းအား မည်သည့်အရပ်မှ မည်မျှသောနတ်များ လာရောက်ကြသည် စသည်ဖြင့် ကြေညာတော်မူ၏။ ယင်းသို့ ကြေညာတော်မူသည့် စကားတော်ကို “ မဟာသမယသုတ်” ဟူသော အမည်ဖြင့် သင်္ဂါယနာတင်တော်မူခဲ့ကြ၏။

ထိုသုတ်ကို အမြဲမပြတ် ဟောရွတ်ပါက နတ်ဗြဟ္မာတို့ လွန်စွာချစ်မြတ်နိုးကုန်၏။ အဘယ်မှာ နာကြားရပါအံ့နည်းဟု အမြဲနားစိုက်စုံစမ်းကုန်၏။ အိမ်သစ်၊ ရွာသစ်၊ မြို့သစ်တည်ရာနေရာတို့၌ ပဓာနအားဖြင့် ဟောရွတ်ထိုက်၏။ သရဇ္ဈာယ်ထိုက်၏ဟု ကျမ်းဂန်များ၌ ဖော်ပြထား၏။

ဘေးအန္တရာယ်ကို ကာကွယ်နိုင်သော တန်ခိုးကြီးနတ်တို့လာရောက်နာကြားခြင်း၊ ရန့်ရင်းကြမ်းတမ်းသော နတ်တို့စိတ်နှလုံးနူးညံ့စေခြင်း၊ တစ္ဆေမြေဖုတ်ဘီလူးတို့ ရှောင်ရှားကြခြင်း၊ မကောင်းသောဘေးအန္တရာယ်တို့မှ ကင်းဝေးခြင်းစသော အကျိုးကို မုချရနိုင်သည်ဟု ယုံကြည်ထားကြ၏။

မြတ်စွာဘုရားရှင်သည် နတ်ဗြဟ္မာအပေါင်းတို့အား ထိုမဟာသမယသုတ် တစ်သုတ်တည်းကိုသာ ဟောကြားခဲ့သည်မဟုတ်ပေ။ နတ်ဗြဟ္မာများ ကျွတ်တမ်းဝင်ရေးအတွက် သမ္မာပရိဗ္ဗာဇနိယစသော စရိုက်ခြောက်မျိုးခွဲကာ မဟာသမယသုတ်ခြောက်သုတ်ကို ဟောကြားတော်မူခဲ့သည်။ ၎င်းတို့မှာ-

၁။ ရာဂစရိုက်ရှိသော နတ်ဗြဟ္မာတို့အား သမ္မာပရိဗ္ဗာဇနိယသုတ်။
၂။ ဒေါသစရိုက်ရှိသော နတ်ဗြဟ္မာတို့အား ကလဟဝိဝါဒသုတ်။
၃။ မောဟစရိုက်ရှိသော နတ်ဗြဟ္မာတို့အား မဟာဗျူဟသုတ်။
၄။ ဝိတက်စရိုက်ရှိသော နတ်ဗြဟ္မာတို့အား စူဠဗျူဟသုတ်။
၅။ သဒ္ဓါစရိုက်ရှိသော နတ်ဗြဟ္မာတို့အား တုဝဋ္ဋကသုတ်။
၆။ ပညာ(ဗုဒ္ဓိ)စရိုက်ရှိသော နတ်ဗြဟ္မာတို့အား ပုရာဘေဒသုတ် တို့ပင်ဖြစ်သည်။

ထိုသုတ်များကို ဟောကြားပြီးအဆုံး၌ ရဟန္တာဖြစ်သော နတ်ဗြဟ္မာအပေါင်း တစ်ကုဋေ့စီရှိကြသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ကြသော နတ်ဗြဟ္မာတို့မှာ မရေမတွက်နိုင်အောင် များပြားကြောင်း ကျမ်းဂန်များ၌ လာရှိသည်။ နတ်ဗြဟ္မာတို့၏ အမည်များသာပါရှိသော မူလမဟာသမယသုတ်ကို ရွတ်ဖတ်ရုံမျှဖြင့် နတ်ဗြဟ္မာတို့ချစ်သည်၊ စောင့်ရှောက်သည်ဟု ယုံကြည်ကြလျှင် နတ်ဗြဟ္မာများ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတို့ဖြစ်သော သမ္မာပရိဗ္ဗာဇနိယစသော မဟာသမယသုတ်ခြောက်သုတ်ကို အမြဲမပြတ် ဟောရွတ်ပါက ဆိုဖွယ်ရာမရှိတော့ပေ။ နတ်ဗြဟ္မာများသည်သာ၍ ချစ်ကြခင်ကြစောင့်ရှောက်ကြပေမည်။ တရားအထူးကိုလည်း ရရှိသိမြင်နိုင်ကြပေမည်။ အားလုံးကို တစ်ပြိုင်တည်းရွတ်ဖတ်ရန် အချိန်မရပါက စရိုက်အားလျော်စွာ ဆင်ခြင်၍ သုတ်တော်တစ်သုတ်ချင်း ရွတ်ဆိုအပ်ပေသည်။

မဟာသမယသုတ်များသည် မြတ်ဘုရားရှင်၏ အဆုံးအမဩဝါဒများပင်ဖြစ်သည်။ ထိုအဆုံးအမများကို နေ့စဉ်ရွတ်ဖတ်လျက် သီလကိုအစ၊ သမာဓိကိုအလယ်၊ ပညာကိုအဆုံးထား၍ သမထမှု၊ ဝိပဿနာမှုတို့အား မမေ့မလျော့ဘဲ ဓမ္မာနုဓမ္မပဋိပတ်ကိုကျင့်လျက် ဓမ္မပူဇာဖြင့် မြတ်ဘုရားရှင်ကို ပူဇော်ရာ၏။

ကျေးရွာအရောက် သတင်းစာများ ဖြန့်ချိပေးလျက်ရှိ

နောင်ချို ဇွန် ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာတွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar သတင်းစာများကို နေ့စဉ်နံနက် စောစောတွင် ဖတ်ရှုနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

နောင်ချိုမြို့နယ်အတွင်းရှိ ဘန့်ဘွေးကျေးရွာနှင့် ဆက်စပ်နေသော ညောင်ထောက်၊ သုံးဆယ်ဆမ်ဆယ်၊ ဝက်ဝံ၊ ခြေမြင့်ပင်၊ ဂန့်ဂေါ၊ ကျောင်းကုန်း၊ ရေဝင်နှင့်အုန်းမသီးကျေးရွာများတွင် အဆိုပါသတင်းစာများ ဖတ်ရှုနိုင်ရန် ဘန့်ဘွေးကျေးရွာနေ ဦးဇော်မျိုးလွင် (နီလာပွင့်စက်သုံးဆီအရောင်းဆိုင်)မှ သတင်းစာကိုယ်စားလှယ်အဖြစ် လျှောက်ထားရယူ၍ ဇွန် ၁၀ ရက် ကစတင်၍ ဖြန့်ချိပေးလျက်ရှိရာ ဘန့်ဘွေးကျေးရွာသို့ နံနက် ၇ နာရီခွဲတွင် သတင်းစာများရောက်ရှိ၍ ကျန်ကျေးရွာများသို့ အချိန်နှင့် တစ်ပြေးညီ ဖြန့်ချိပေးလျက်ရှိရာ ဒေသခံရွာသူ ရွာသားများ နံနက် စောစောတွင် ဖတ်ရှုနိုင်ကြပြီဖြစ်သဖြင့် ကျေးဇူးတင်ဝမ်းမြောက်လျက် ရှိကြောင်း ကိုယ်စားလှယ် ကိုဇော်မျိုးလွင်က ပြောသည်။

“ကျွန်တော်တို့ရွာသူ ရွာသားတွေက စာပေဖတ်ရှုတာကို ဝါသနာပါပေမယ့် အခွင့်အရေးမရခဲ့ပါဘူး။ မှာယူပို့ဆောင်ပေးရမယ့် အခက်အခဲတွေကြောင့်ပေါ့လေ။ အခုလိုသတင်းစာတွေ နေ့စဉ်ဖတ်ဖြစ်အောင် စီစဉ်ပို့ဆောင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီလုပ်ငန်းက ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့လုပ်ငန်းတစ်ခုဖြစ်လို့ ရွာတွေအားလုံး နေ့စဉ်ဖတ်နိုင်အောင် ဖြန့်ချိပေးပါမယ်”ဟုပြောသည်။

“ဘန့်ဘွေးရွာတွင် အခြေချနေထိုင်ပြီး ခရီးသွားလက်မှတ်အရောင်းဆိုင်ဖွင့်ထားသော ကိုသန့်စင်ကလည်း ကျွန်တော်ဒီရွာကို ရောက်တာ ၁၀ နှစ်ကျော်ပါပြီ။ အခုလို သတင်းစာတွေကို ဖတ်ဖြစ်အောင် ဝန်ဆောင်မှုပေးတာမျိုးမကြုံခဲ့ပါဘူး။ ဒီရွာက ကားလမ်းဘေးမှာ တည်ရှိတဲ့အတွက် အစိုးရ ရုံးဌာနတွေ၊ သကြားစက်၊ ဘိလပ်မြေစက်ရုံနဲ့ အခြားစီးပွားရေးလုပ်ငန်းတွေ ရင်းနှီးမြှုပ်နှံဖို့လာရောက် လေ့လာဆောင်ရွက်နေတဲ့အတွက် မကြာမီမြို့ကြီးတစ်မြို့လိုဖြစ်လာတော့မှာပါ။ ဒါကြောင့် သတင်းစာဟာ မရှိမဖြစ်လိုအပ်ပါတယ်” ဟု ပြောသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ သုံးတောင်ကျေးရွာမှ ဒေသခံတစ်ဦးကလည်း အဆိုပါ သတင်းစာများအား ကိုယ်စားလှယ်အဖြစ်လျှောက်ထားရယူ၍ သုံးတောင်နှင့်ပြင်စာကျေးရွာများသို့ နံနက်စောစော ဖြန့်ချိပေးလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

အကျဉ်းဦးစီးဌာနသို့ ကွင်းဆင်းဆောင်ရွက်

ဘူးသီးတောင် ဇွန် ၁၂

အမျိုးသားစာပေဆုရှင် ပခုက္ကူဦးအုံးဖေ၏ဘဝအား အတုယူအားကျစေရန်နှင့် ပြည့်ဝသည့် စာပေဦးနှောက်ဖြင့် အကျဉ်းသူအကျဉ်းသားများ လူကောင်းလူမွန်ဖြစ်လာစေရေး၊ စာပေအသိရှိလာစေရေး၊ အချိန်ကို အကျိုးရှိရှိအသုံးချတတ်စေရေးကို ရည်ရွယ်လျက် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ယုယုနွယ်နှင့်အဖွဲ့ဝင်များသည် ဇွန် ၉ ရက်တွင် စာအုပ်စာစောင် ၁၅၀ ကိုယူဆောင်ကာ အကျဉ်းဦးစီးဌာန ထောင်မှူးကြီး ဦးဝင်းညွန့်ထံသို့ စာအုပ်များအပ်နှံ၍ ပြည်သူ့ဗဟိုပြု ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်မည်

နေပြည်တော် ဇွန် ၁၂

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာစသည့် ဓာတ်သတ္တုများအား အသေးစား ထုတ်လုပ်ခွင့်ပြုမိန့်လျှောက်ထားရာတွင် ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ **သတ္တုတွင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်**က ဓာတ်သတ္တုလက်လုပ်လက်စားနှင့် ဓာတ်သတ္တုအသေးစား ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများ၏ သဘောထားမှတ်ချက်၊ မြို့နယ်မြေစာရင်းဦးစီးဌာန၏ မြေစာရင်းပုံစံ(၁၀၅)၊ မြို့နယ်သစ်တော ဦးစီးဌာန၏ သဘောထားမှတ်ချက်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သဘောထားမှတ်ချက်နှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်တို့ဖြင့် အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံစွာပူးတွဲတင်ပြ၍ သတ္တုတွင်းဝန်ကြီးဌာနမှ လုပ်ကွက်ကင်းရှင်းမှု၊ ဓာတ်သတ္တုဖြစ်ထွန်းပြီး စီးပွားဖြစ် ထုတ်လုပ်နိုင်မှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိခြင်းတို့ကို စိစစ်ပြီး ထုတ်လုပ်ရန်ခွင့်ပြုမိန့်များထုတ်ပေးလျက်ရှိပါကြောင်း။

ကျောက်မျက်ရတနာ ထုတ်လုပ်မှုနှင့်ပတ်သက်၍ လက်ရှိတွင် နိုင်ငံတော်နှင့် အကျိုးတူတူးဖော်လုပ်ကိုင်နေသည့် လုပ်ကွက်၊ သတ်မှတ်လုပ်ကွက်(အသစ်)နှင့် ဖော်ထုတ်လုပ်ကွက်(အသစ်)များ သုံးမျိုးကို တင်ပြလျှောက်ထားခြင်းကို ကန့်သတ်ချက်များနှင့် လွတ်ကင်းသည့်နေရာများတွင် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ခွင့် ချထားပေးလျက်ရှိပါကြောင်း၊ မြန်မာ့ကျောက်မျက်လုပ်ငန်းဥပဒေနှင့် သတ္တုလုပ်ငန်းဥပဒေများကို အသစ်ပြင်ဆင်ပြဋ္ဌာန်းပြီးပါက မေး

ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြေကြားစဉ်။
(သတင်းစဉ်)

ခွန်းပါ အဖြေများကို ပြဋ္ဌာန်းပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ ငပုတောမြို့နယ်အတွင်းရှိ ကမ္ဘာ့ဘဏ်တာကျွန်း(၁)(၂)၊ အထက်ပြွန်၊ သစ်ပုတ္တိုတ်နှင့် မကျည်းပင် ရေငန်တားတာရှိ ရေလွှဲတံခါးနှစ်ခုတို့အား ယခုပွင့်လင်းရာသီတွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်**က ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့်တာတမံ အချို့အနက်အလယ်ကျွန်းတာ(၃)၊ မကျည်းပင်- မဒေါ့ကန်တာများကို အခိုင်အမာပြုပြင်ထားပြီးဖြစ်ပြီး အလယ်ကျွန်းတာ(၁)ရှိ ဆင်သေရေတံခါးနှင့် အလယ်ကျွန်းတာ(၂)ရှိ ရေကျော်တံခါးများကိုလည်း ပြန်လည်ပြုပြင်ပေးပြီးဖြစ်ပါကြောင်း။

ဆောင်ရွက်ရန်ကျန်ရှိနေသည့် အလယ်ကျွန်းတာ(၁)သည် အလျား(၁၃ ဒသမ ၃၈)မိုင်နှင့် အလယ်ကျွန်းတာ(၂)သည် အလျား(၂၂ ဒသမ ၃၈)မိုင်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားသော်လည်း ရန်ပုံငွေမရရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ငပုတောမြို့နယ် အထက်ပြွန်ကျေးရွာအုပ်စုရှိ အထက်ပြွန်-သစ်ပုတ္တိုတ် ရေငန်တားတာတွင် ပြန်လည်ပြုပြင်ပေးရမည့် အလျားလေးမိုင်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ငပုတောမြို့နယ် မကျည်းပင်ကျေးရွာအုပ်စု မကျည်းပင်-မဒေါ့ကန်တာအတွင်းရှိ လက်ရှိအသုံးပြုလျက်ရှိသော သစ်သားရေထုတ်ပေါက်နှစ်ခုကို အခိုင်အမာရေတံခါးအဖြစ် ပြန်လည်တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန် ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ(ကိုယ်စား)**မှော်ဘီမဲဆန္ဒနယ်မှ**

ငပုတော မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် မေးမြန်းစဉ်။
(သတင်းစဉ်)

ဦးကြည်မြင့်၏ ထန်းတပင်မြို့နယ်အတွင်းရှိ မြစ်ကူး၊ ချောင်းကူးကျေးရွာများသည် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်နေသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ ခွင့်ပြုပေးနိုင်ပါရန်နှင့် ယိုယွင်းပျက်စီးနေသော ကျေးလက်ကျန်းမာရေးဌာနခွဲများအား မည်သည့်အချိန်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ **ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေး**က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရိုးခွကျေးရွာ၊ ဆက်ကလေးကျေးရွာ၊ အလိန်လည်ကျေးရွာ၊ ရေပေါ်သောင်ကျေးရွာ၊ တလိုင်မှီကျေးရွာ၊ ကြမန်းကျေးရွာ၊ သံပုရာကုန်းကျေးရွာ၊ ဒိတ်ကုန်းကျေးရွာ၊ ကုန်းလှည်းဆိပ်ကျေးရွာများရှိ ယိုယွင်းပျက်စီးနေသော ကျေးလက်ကျန်းမာရေးဌာနများအတွက် ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်လျာထားချက်တွင် ပါဝင်ခြင်းမရှိပါ၍ ဆောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် သက်ဆိုင်ရာဒေသန္တရ စီမံကိန်းများ၌ ပါဝင်စေရန် ဆောင်ရွက်သင့်ပါကြောင်း။

စံကင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်ခွင့်ပြုမိန့်ရရှိရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဘေးမခကျေးရွာ၌ လူဦးရေ ၃၈၀ ခန့်သာရှိပါသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန်မလိုအပ်ပါကြောင်း၊ အပြင်ရေကျော်ကျေးရွာသည် သွားလာဆက်သွယ်ရေး လွယ်ကူသောကျေးရွာတစ်ရွာဖြစ်သဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန်မလိုအပ်ပါကြောင်း၊ ရေခနဲရိကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်ရန်ခွင့်ပြုမိန့်ရရှိရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မော့သော့ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်ခွင့်ပြုမိန့်ရရှိရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ အုတ်ဖို-တက်ဆွဲမြို့နယ်ချင်းဆက် လမ်းမကြီးအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ **သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း**က အုတ်ဖို-တက်ဆွဲလမ်းသည် အရှည် (၇/၄)မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၁၀ လက်မ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ပြီး ၄င်းလမ်းကို (၇ ဒသမ ၅ × ၁၂ ပေ× ၁၀ လက်မ) ကျောက်ချောလမ်းခင်းမည့်ကုန်ကျငွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲဆောင်ရွက်နိုင်ရန် တင်ပြသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သည့် “အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း”နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် (၂၈) ချက်အနက် (၂၅)ချက်ကို ပြည်သူ့လွှတ်တော်က သဘောတူခဲ့ပြီး ဥပဒေကြမ်း၏ အခန်း(၁) အပိုဒ်(၂) အပိုဒ်ခွဲ (ဌ)၊ အခန်း(၄) အပိုဒ်(၇)နှင့် အပိုဒ်ခွဲ (ည)၊ အခန်း(၅) အပိုဒ်(၁၄) တို့တွင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အခြေခံကျောင်းများအတွက် သာမန်အသုံးစရိတ်၊ အသေးသုံးရန်ပုံငွေများ ခွဲဝေချထားပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၂

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထဲရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး၊ ဆောက်လုပ်ရေးနှင့် ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက ရှင်းလင်း ဖြေကြားကြသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်၏ **“မြန်မာနိုင်ငံတွင် အရက်သေစာသောက်စားခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ လုပ်ငန်းလိုင်စင်များထုတ်ပေးခြင်းနှင့် စပ်လျဉ်းသည့် အနိမ့်ဆုံး အသက်အရွယ် ကန့်သတ်ချက်နှင့် အလွန်အကျွံသောက်သုံးခြင်းနှင့်စပ်လျဉ်းသည့် ပညာပေးတားဆီးလျှော့ချရေး အစီအစဉ်များပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြန်မာနိုင်ငံ၌ မည်သည့်အရွယ်တွင် စတင်အရက်သောက်သုံးနိုင်ကြောင်း ဥပဒေပြဋ္ဌာန်းချက်မရှိသော်လည်း ယစ်မျိုးနည်းဥဒေအရ “အရက်ရောင်းချရာတွင် ကူညီဆောင်ရွက်ရန် အသက်(၁၆)နှစ်အောက်ရှိသူအား လိုင်စင်ရဆိုင်ပိုင်နက်အတွင်း ခိုင်းစေခြင်းမပြုရဟူ၍လည်းကောင်း၊ သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ အရက်ရောင်းချခြင်းမပြုရ” ဟူ၍ လည်းကောင်း အသက်ကန့်သတ်ထားပါကြောင်း။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် မိမိတို့၏ လူမျိုးစရိုက်၊ ကိုးကွယ်သည့်အယူဝါဒအပေါ် ထားရှိသည့် သဘောထား၊ မျိုးရိုး ဓလေ့ထုံးစံတို့အပေါ်တွင် အခြေခံပြီး အရက်သေစာသောက်စားလေ့ရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ သောက်သုံးမှုကို ဥပဒေအရ ကန့်သတ်ရန်မှာ မည်သို့မျှ သင့်လျော်လွယ်ကူနိုင်မှု မရှိနိုင်ပါကြောင်း၊ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးအရ သက်ဆိုင်ရာမိဘများ၊ ဆွေမျိုးများ၊ ဆရာ၊ ဆရာမများက ထိန်းကျောင်းပေးသည့် နည်းလမ်းသာရှိပါကြောင်း။

မြန်မာနိုင်ငံယစ်မျိုးဥပဒေတွင် အခွင့်အာဏာရှိသူ၏ ခွင့်ပြုချက်မရှိဘဲ ယစ်မျိုးပစ္စည်းများကို နိုင်ငံတွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ စုဆောင်းခြင်း

ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင် ဖြေကြားစဉ်။
(သတင်းစဉ်)

အရက်ချက်စက်ရုံ တည်ဆောက်ခြင်း၊ ချက်လုပ်ခြင်း၊ ကုန်ကြမ်းပစ္စည်းနှင့် ကိရိယာများ လက်ဝယ်ထားရှိခြင်းကို တားမြစ်ထားပါကြောင်း၊ ထို့ကြောင့် ယစ်မျိုးလုပ်ငန်းများကို ခွင့်ပြုချက်လိုင်စင် ရယူပြီးမှသာ ဆောင်ရွက်နိုင်ပါကြောင်း၊ လိုင်စင်မဲ့ အရက်ဆိုင်များကို ဥပဒေနှင့်အညီ စနစ်တကျအရေးယူနိုင်ရန်အတွက် စိစစ်ကြပ်မတ်ရေးအဖွဲ့များ ဖွဲ့စည်း၍ ပညာပေးဆွေးနွေးခြင်း၊ စီမံခန့်ခွဲရေးနည်းလမ်း၊ အုပ်ချုပ်ရေး နည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး နှစ်စဉ်ခွင့်ပြုသည့် ယစ်မျိုးအစီအစဉ်ကိုလည်း တစ်နှစ်ထက်တစ်နှစ် လျှော့ချ၍ ခွင့်ပြုပေးပြီး ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

အရက်အလွန် အကျွံသောက်သုံးခြင်း ပညာပေးရေးအစီအစဉ်များကို ကျန်းမာရေးဝန်ကြီးဌာနက စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး အရက်၏ဆိုးကျိုးများနှင့် သိကောင်းစရာများကို ဆွေးနွေးဟောပြောခြင်း၊ ပညာပေးခြင်းများကို ရုပ်မြင်သံကြားအစီအစဉ်များတွင် အခါအားလျော်စွာထုတ်လွှင့်လျက်ရှိပြီး အသိပညာပေး ဆောင်းပါးများကိုလည်း ထည့်သွင်းဖော်ပြပေးလျက်ရှိပါကြောင်း၊ အရက်သေစာ သောက်စားခြင်း၊ သယ်ဆောင်/ရောင်းဝယ်ခြင်းနှင့် လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်းတို့ကို ယစ်မျိုးဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အနိမ့်ဆုံးအသက်အရွယ် ကန့်သတ်ရန် လောလောဆယ်မရှိပါကြောင်းနှင့် အလွန်အကျွံ သောက်သုံးခြင်းကို ပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ အရေးယူခြင်းတို့ဖြင့် တားဆီးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီး

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် မေးမြန်းစဉ်။ (သတင်းစဉ်)

ဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်ကရှင်းလင်းဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးထွန်းမြင့်၏ **“ဝေးလံခက်ခဲသောဒေသရှိ ပညာရေးဝန်ထမ်းများ၏ နေ့ရာသီအပြန် ခရီးစရိတ်အဖြစ် ထုတ်ပေးခဲ့သော ငွေအား နိုင်ငံတော်သို့ ပြန်လည် ပေးသွင်းရန် ညွှန်ကြားခဲ့ခြင်းရှိ/ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဝေးလံခက်ခဲသောဒေသရှိ ပညာရေးဝန်ထမ်းများအား နွေရာသီအိမ်အပြန်ခရီးစရိတ်အဖြစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်အတွင်း ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့အတွက် ထုတ်ပေးခဲ့သော ပညာရေးဝန်ထမ်းများ၏ နွေရာသီအပြန်ခရီးစရိတ်အား နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် ညွှန်ကြားထားပါကြောင်း၊ လက်ရှိတည်ဆဲဖြစ်သည့်ခရီးစရိတ် ညွှန်ကြားချက်နှင့် မကိုက်ညီသည့်အတွက် ပြန်လည်ပေးသွင်းရန် ညွှန်ကြားခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **“အထက်တန်းကျောင်းများသို့ ခွင့်ပြုပေးသော အသုံးစရိတ်သုံးစွဲရေး ညွှန်ကြားချက်ရှိ/မရှိ သိရှိလိုခြင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ အခြေခံပညာကျောင်းများသို့ သာမန်အသုံးစရိတ်၊ ရုံးအသုံးအဆောင်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ ခေါင်းစဉ်အောက်မှ အသေးသုံးရန်ပုံငွေများကို ခွဲဝေချထားပေးလျက်ရှိပါကြောင်း၊ အဆိုပါရန်ပုံငွေများအား ငွေစာရင်းခေါင်းစဉ်နှင့် ကိုက်ညီစွာ သုံးစွဲနိုင်ရေးအတွက် ရှင်းလင်းမှုများပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း။

အဆိုပါအခြေခံပညာကျောင်းများ၏ အသေးသုံး သုံးစွဲမှုအား သက်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်နှင့် ကိုက်ညီအောင်သုံးစွဲခြင်းရှိ/မရှိ၊ အသုံးစရိတ်ပြေစာများသည် ပြေစာ အင်္ဂါရပ်နှင့်ညီညွတ်မှုရှိ/ မရှိတို့ကို သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးနှင့်

စာမျက်နှာ ၈သို့

ပြည်တွင်းသတင်း



ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (12th Conference of The ASEAN Ministers Responsible for Information)(12th AMRI) ဖွင့်ပွဲတွင် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

* ကျောဖုံးမှ

ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံဂုဏ်ပြုတေးသီချင်းကို နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂီတမိတ်အဖွဲ့တို့ တွဲဖက်၍ တင်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာ၌ ၂၀၁၃ ခုနှစ် (၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ငြိမ်းချမ်းတည်ငြိမ်ကြွယ်ဝပြီး ယှဉ်ပြိုင်မှုရှိသော အာဆီယံအသိုက်အဝန်းတစ်ရပ် တည်ဆောက်ရေးအတွက် အာဆီယံခေါင်းဆောင်များက ဆုံးဖြတ်ချက်ချခဲ့ပါကြောင်း၊ ရည်ရွယ်ချက်မှာ အာဆီယံ အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရေးပင်ဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ်တွင် အာဆီယံပဋိညာဉ်စာတမ်းကို ချမှတ်ခဲ့ပြီးနောက်ပိုင်းအာဆီယံသည် အာဆီယံအသိုက်အဝန်း ထူထောင်ရေးအတွက် တရားဝင်သော **အင်စတီကျူးရှင်းနယ်** မူဘောင်တစ်ရပ်အဖြစ် ရောက်ရှိလာပါကြောင်း၊ အာဆီယံပဋိညာဉ်စာတမ်း အသက်ဝင်လာပြီးနောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းအောက်ရှိ လုပ်ငန်းများကို အကောင်အထည်ဖော်ရန် တာဝန်ပေးအပ်ခြင်းခံခဲ့ရပါကြောင်း။

ထို့ပြင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကျိုးစီးပွားအတွက် အာဆီယံ Identity တည်ဆောက်ရန် အခြားအာဆီယံမဏ္ဍိုင်များနှင့် ဆွေးနွေးညှိနှိုင်းရန်ကိုလည်း တာဝန်ပေးအပ်ခံခဲ့ရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အသိပညာပိုင်းမြှင့်တင်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းမှ တစ်ဆင့် ပြည်သူအချင်းချင်းဆက်သွယ်မှုရရှိရေး အပါအဝင် အာဆီယံချိတ်ဆက်မှုဆိုင်ရာ Master Plan အောက်ရှိ အာဆီယံ စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းတွင် မိမိတို့ ဒီမိုကရေစီအစိုးရသစ်သည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် မကြုံဖူးသော ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

မီဒီယာကဏ္ဍတွင် အစိုးရနှင့်ပြည်သူများအကြား ပိုမိုရင်းနှီးမှုရရန် လုပ်ဆောင်ခြင်းဖြင့် မြန်မာပြည်သူများနှင့် လိုက်လျောညီထွေမှုရှိသော မီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အလေးထားလုပ်ဆောင်လျက်ရှိပါကြောင်း၊ လူမှုတာဝန်သိသော မီဒီယာဖော်ဆောင်ရေးအတွက် မရှိမဖြစ်လိုအပ်သော မီဒီယာလွတ်လပ်မှု ရရှိရေးသည် အထူးအရေးပါလှပါကြောင်း။

ချောမွေ့သွက်လက်ပြီး စည်းကမ်းရှိသော မီဒီယာဖော်ဆောင်ရေး ရည်မှန်းချက်ဖြင့် မီဒီယာဥပဒေအသစ်ကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့်လည်း ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မီဒီယာဖွံ့ဖြိုးတိုးတက်မှု နှီးနှောဖလှယ်ပွဲများ၊ အသက်မွေးဝမ်းကျောင်း ပညာသတင်းစာပညာ သင်တန်းများ ပို့ချလျက်ရှိပါကြောင်း၊ ထို့ပြင် မီဒီယာကျင့်ဝတ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာပါဝင်ပတ်သက်သူအားလုံးကို အားပေးလျက်ရှိပါကြောင်း။

မိမိတို့သည် မီဒီယာပုဂ္ဂိုလ်များအတွက် ဖြည့်စွက်ပညာရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်မည် ဖြစ်ပါကြောင်း၊ ပွင့်လင်းမြင်သာသော မီဒီယာနှင့် လူမှုတာဝန်သိမှုတို့ သဟဇာတဖြစ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည်ကို အလေးထားပြောကြားလိုပါကြောင်း။

အာဆီယံပြည်သူများအတွက် အာဆီယံ၏ ဓလေ့ထုံးတမ်းအစဉ်အလာနှင့် တန်ဖိုးများကို မြှင့်တင်ရာတွင် မီဒီယာသည်အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံပြည်သူများအကြား ချစ်ခင်ရင်းနှီးမှုနှင့် နားလည်မှုမြှင့်တင်ရန်ပေါင်းကူးတံတားလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်းအာဆီယံအတွင်းအပြန်အလှန် ချိတ်ဆက်မှုသည် အာဆီယံအသိုက်အဝန်းတွင် အရေးပါသောအခန်းကဏ္ဍ၌ရှိပါကြောင်း။

မီဒီယာသည် သတင်းအချက်အလက်များဖြန့်ဝေရာတွင် အလွန်ထိရောက်သော လက်နက်ဖြစ်သည့်အတွက် အာဆီယံပြန်ကြားရေးဝန်ကြီးများအနေဖြင့် **"ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီသို့ လူမှုတာဝန်သိသော မီဒီယာဖြင့်လှမ်းချီစို့"** (Socially Responsible media for peace and prosperous community) ဆောင်ပုဒ်နှင့်အညီ အာဆီယံအသိုက်အဝန်းနှင့် လူမှုတာဝန်သိသော မီဒီယာမြှင့်တင်ရေးအတွက် သင့်လျော်သည့်လုပ်ငန်းဆောင်တာများ ချမှတ်ခြင်းနှင့် လက်ရှိလုပ်ငန်းစဉ်များ တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

သတင်းအချက်အလက်နှင့် မီဒီယာကို မြှင့်တင်ခြင်းအားဖြင့် အာဆီယံပြည်သူများသတင်း အချက်အလက်ကို ပို၍လက်လှမ်းမီမည်ဖြစ်ပါကြောင်း၊ ကွဲပြားသော မီဒီယာများနှင့်လူမှုရုပ်မြင်သံကြား ထုတ်လွှင့်သူများမှတစ်ဆင့် အာဆီယံပြည်သူများ ဆက်ဆံရေးကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

အာဆီယံ အသိုက်အဝန်းအတွက် လူမှုတာဝန်သိသော မီဒီယာတစ်ရပ် မြှင့်တင်ရေးသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ ယခုအစည်းအဝေးမှ မိမိတို့ ရည်မှန်းချက်များအထမြောက်ရေးအတွက် အကျိုးရှိသောရလဒ်များကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အာဆီယံပြန်ကြားရေးဝန်ကြီးများစုပေါင်း၍ လည်းကောင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့မှ ပြန်ကြားရေးဝန်ကြီးများ စုပေါင်း၍လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့မှ ပြန်ကြားရေးဝန်ကြီးများ၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် လေ့လာသူများ၊ အာဆီယံ အတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်တို့ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

ဒေသစာရင်းစစ်ရုံးများမှ ကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းများသို့ အသေးသုံးရန်ပုံငွေ ခွဲဝေပေးသည့် ဘတ်ဂျက်သည် ပြည်ထောင်စုဘတ်ဂျက်ဖြစ်သဖြင့် သုံးစွဲရန် အဆုံးအဖြတ်ပြုသူမှာ ကျောင်းအုပ်ကြီးသာဖြစ်ပါကြောင်း။။

သို့သော် ၎င်းရန်ပုံငွေအား ကျောင်းအုပ်ကြီး တစ်ဦးတည်းမှ ကိုင်တွယ် သုံးစွဲခြင်းမဖြစ်စေရန် ကျောင်းအုပ်ကြီးအပါအဝင် ဆရာဆရာမများပါဝင်သော အသေးသုံးရန်ပုံငွေသုံးစွဲရေးအဖွဲ့ ဖွဲ့စည်း၍ သုံးစွဲရန် လမ်းညွှန်ထားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ မြင့်ကြည်တင်သွင်းထားသည့် **"အလုပ်ရှင်နှင့်အလုပ်သမားပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ၂၀ ရက်အတွင်း ပြန်လည်ဖြေရှင်းဆွေးနွေးနိုင်သည့်အတွက် ၂၀ ရက်စောင့်ဆိုင်းပြီးမှ အဆိုအား လွှတ်တော်၏အဆုံးအဖြတ်ရယူသွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ရက်ပေါင်း ၉၀ ကြိုတင်ကြေညာမည်

ရန်ကုန် ဇွန် ၁၂

၂၀၁၄ ခုနှစ်တွင်ကျင်းပမည့် ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာ နောက်ဆုံးပတ်သို့မဟုတ် ဒီဇင်ဘာပထမပတ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမောင်ချိုက ယနေ့ ပြောကြားသည်။ လစ်လပ်လွှတ်တော် ကိုယ်စားလှယ်နေရာအတိအကျကို မူပြော၍မရနိုင်သေးကြောင်းလည်း ၎င်းကဆိုသည်။

၂၀၁၂ ခုနှစ် ဧပြီ ၁ရက်တွင် ပထမအကြိမ်ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲမှာ အစိုးရသစ် လက်ထက် လွှတ်တော်သက်တမ်း ၁၉ လကျော် ကျန်ရှိသည့်ကာလအတွက် ကျင်းပခြင်းဖြစ်သည်။

ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲအတွက် လတ်တလော လစ်လပ်နေရာများတွင် ပြည်သူ့လွှတ်တော် ၁၃ နေရာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော် ၁၁ နေရာရှိသည်ဟု သိရှိရသည်။

ခင်ချိုဝင်း

အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး သတင်းစာရှင်း

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC II) ၌ကျင်းပသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီး ဦးရဲထွဋ်က အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပခဲ့မှု၊ ဆွေးနွေးခဲ့မှုနှင့် ရလဒ်များ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် လူမှုတာဝန်သိသည့် မီဒီယာများ ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများက အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပြန်ကြားရေးကဏ္ဍပူးပေါင်း ဆောင်ရွက်မည့် အစီအစဉ်များနှင့် အနာဂတ်အလားအလာများ၊ လူမှုတာဝန်သိသော မီဒီယာကဏ္ဍတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြရာ ဒုတိယဝန်ကြီး ဦးရဲထွဋ်က ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

(၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် (၃)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၂

(၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးကို ယနေ့နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-II)၌ ကျင်းပခဲ့ပြီး (၃)ကြိမ်မြောက် အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးကို မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီခွဲအထိ ကျင်းပခဲ့သည်။ (အောက်ပုံ)

နံနက်ပိုင်းအစည်းအဝေးကို အစီအစဉ်အတိုင်းကျင်းပရာ အစည်းအဝေးဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အာဆီယံအသိအမြင် မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ရနိုင်သမျှသော မီဒီယာနည်းလမ်းပေါင်းစုံကို ကျင့်သုံးဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားရာ စင်ကာပူနိုင်ငံက ဆွေးနွေးရာ၌ Digital ရုပ်သံထုတ်လွှင့်မှုစနစ်သို့ ပြောင်းလဲမှုတွင် အာဆီယံဒေသတွင်းရှိ မိသားစုတိုင်း ဝယ်ယူကြည့်ရှုနိုင်သည့် ဈေးနှုန်းဖြင့် DVB -T2 Set Top Box များ ထုတ်လုပ်ရောင်းချဖြန့်ဖြူးနိုင်စေရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ကဏ္ဍပေါင်းစုံ ထုတ်လွှင့်ပေးနိုင်ခြင်းသည် အာဆီယံအသိပညာ ကြွယ်ဝမှုနှင့်ပတ်သက်၍ ထိရောက်သော နည်းလမ်းတစ်ခု ဖြစ်ကြောင်းဖြင့်လည်းကောင်း၊ မလေးရှားနိုင်ငံက ဆွေးနွေးရာ၌ ၂၀၁၅ ခုနှစ်လွန် ပြန်ကြားရေးဆိုင်ရာ ရည်မှန်းချက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း လုပ်ငန်းစီမံချက်များချမှတ်ပြီး ဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့်လည်းကောင်း ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် နေပြည်တော် ကြေညာစာတမ်းဖြစ်သည့် ငြိမ်းချမ်းကြွယ်ဝသော အာဆီယံအသိုက်အဝန်းအတွက် လူမှုတာဝန်သိသောမီဒီယာဆိုင်ရာကြေညာချက် (Declaration on Social Responsible Media for a Peaceful and Prosperous ASEAN Community) ကို ထုတ်ပြန်နိုင်ခဲ့သည်။ ထို့ပြင် ASCC Blueprint နှင့်ပတ်သက်၍ လမ်းပြမြေပုံကို သဘောတူညီခဲ့ပြီး အာဆီယံအသိအမြင်မြှင့်တင်ရေးဆိုင်ရာ (ASEAN Virtual Learning Resource Centre)ကို ၂၀၁၅ ခုနှစ် ပထမလေးလပတ်ကာလအတွင်း ထုတ်လွှင့်နိုင်ရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ အာဆီယံဒေသတွင်း ပြည်သူများ ဝယ်ယူကြည့်ရှုနိုင်မည့် DVB-T2 Set Top Box များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ကိုလည်း ဆုံးဖြတ်ခဲ့ကြသည်။

မွန်းလွဲပိုင်းအစည်းအဝေးတွင် အစည်းအဝေးဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့အကြား ပြန်ကြားရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်၍ ဆောင်ရွက်ခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့ရှိ ပြည်သူများအကြား ရင်းနှီးချစ်ကြည်မှုနှင့် အပြန်အလှန်ယုံကြည်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားပြီး ဆွေးနွေးဖက်သုံးနိုင်ငံက ပြန်ကြားရေးကဏ္ဍစုံတွင် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်ကို လေးလေးနက်နက်တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြည်သူများ အသိအမြင်မြှင့်တင်ရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

တက်ရောက်

အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး (ARMI) သို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပြီး အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများ၊ ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၃)ကြိမ်မြောက် အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသူများအား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

(၃)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

လူမှုတာဝန်သိသောမီဒီယာကို အာဆီယံအသိုက်အဝန်းတွင် လက်ခံကျင့်သုံးသွားမည်ဟု သဘောတူညီခဲ့ကြ

ငြိမ်းချမ်းကြွယ်ဝသော အာဆီယံအသိုက်အဝန်းတစ်ရပ်အတွက် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာကြေညာချက်ထုတ်ပြန်

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးကို ဇွန် ၁၂ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC- II) ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ငြိမ်းချမ်းကြွယ်ဝသော အာဆီယံအသိုက်အဝန်းတစ်ရပ်အတွက် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာကြေညာချက် (Declaration on Social Responsible Media for a Peaceful and Prosperous ASEAN Community) ကို ထုတ်ပြန်သည်။

ယခုကျင်းပသည့် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးတွင် မီဒီယာနည်းလမ်းမျိုးစုံကို အသုံးပြု၍ အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် ၎င်းတို့၏ အကျိုးကျေးဇူးများနှင့်ပတ်သက်ပြီး ပြည်သူများ ပိုမိုသိရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် လူမှုတာဝန်သိသော မီဒီယာများ ပေါ်ပေါက်လာရေး ရည်ရွယ်ပြီး ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အဆိုပါကြေညာချက်တွင် ငြိမ်းချမ်းကြွယ်ဝသည့် အာဆီယံအသိုက်အဝန်းကိုတည်ဆောက်ရန်၊ ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ရန်၊ အာဆီယံအတွင်း လူမှုတာဝန်သိသော မီဒီယာတိုးတက်ဖွံ့ဖြိုးရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်၊ အာဆီယံပြည်သူများကို ပြန်ကြားရေးဆိုင်ရာပညာပေးရာတွင် မီဒီယာနည်းလမ်းအသစ်များနှင့် လူမှုမီဒီယာတို့၏ အားသာချက်များကို ပိုမိုအသုံးချရန်နှင့် မီဒီယာအတတ်ပညာ အဆင့်အတန်းကို မြှင့်တင်နိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်းများပို့ချရန်နှင့် အများပြည်သူ ဝန်ဆောင်မှုမီဒီယာ၊ ပုဂ္ဂလိကမီဒီယာနှင့် လူမှုအသိုင်းအဝိုင်း အခြေပြုမီဒီယာများမှတစ်ဆင့် တစ်ခုတည်းသောအာဆီယံအသိုက်အဝန်းပေါင်းစည်းရေးတို့ကို ဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်းဖြင့် ဖော်ပြပါရှိသည်။

(သတင်းစဉ်)

နိုင်ငံပိုင်မီဒီယာများအနေဖြင့် လူမှုတာဝန်သိသောမီဒီယာအဖြစ် လိုက်နာပြောင်းလဲဆောင်ရွက်သွားမည်

မြန်မာ့သတင်းစဉ် သတင်းအဖွဲ့

နေပြည်တော်၌ ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပသည့် (၁၂) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးက ငြိမ်းချမ်းကြွယ်ဝသော အာဆီယံအသိုက်အဝန်းတစ်ရပ်အတွက် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံ၌ လူမှုတာဝန်သိသော မီဒီယာအဖြစ် ဖော်ဆောင်နေမှုအခြေအနေကို သိရှိနိုင်ရန် မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်အားမေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်-

ဒုတိယဝန်ကြီး ဦးရဲထွဋ်
ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၂ ခုနှစ်ကတည်းက မြန်မာနိုင်ငံမှာ လူမှုတာဝန်သိသောမီဒီယာကို မြန်မာနိုင်ငံနဲ့ အသင့်တော်ဆုံးလို့ယူဆပြီး ဖော်ဆောင်ခဲ့ပါတယ်။ ဒီအယူအဆဟာ အသစ်အဆန်း မဟုတ်ပါဘူး။ ဥရောပသမဂ္ဂမှာ ကျင့်သုံးနေတာ နှစ်ပေါင်း ၃၀ လောက်ရှိနေပြီဖြစ်ပါတယ်။

၁၉၈၉ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ထုတ်ပြန်ခဲ့တဲ့ အာဆီယံအစည်းအဝေးမှာလည်း အာဆီယံနိုင်ငံတွေက မီဒီယာတွေဟာ စာနယ်ဇင်း လွတ်လပ်မှုကို လူမှုတာဝန်သိသော မီဒီယာပုံစံနဲ့ ဖော်ပြရမယ်လို့ ပါရှိခဲ့ပြီးဖြစ်ပါတယ်။

၂၅ နှစ်ကြာမှ ဒီအယူအဆကို ASEAN နိုင်ငံများအကြား လက်တွေ့အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လူမှုတာဝန်သိသောမီဒီယာကို လုပ်ငန်းစဉ်သုံးရပ်နဲ့ ဖော်ဆောင်နေတယ်လို့ ယေဘုယျပြောနိုင်ပါတယ်။

အဲဒါတွေကတော့ စာနယ်ဇင်းလောကအတွက် သတင်းမီဒီယာဥပဒေနဲ့ သတင်းမီဒီယာကောင်စီတစ်ခုပေါ်ပေါက်လာဖို့၊ နိုင်ငံတကာအဆင့်မီ စာနယ်ဇင်းကျင့်ဝတ်များထွန်းကားဖို့နဲ့ စာနယ်ဇင်းအတတ်ပညာနဲ့ သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ဖို့တို့ပဲ ဖြစ်ပါတယ်။ အခုအချိန်မှာ သတင်းမီဒီယာဥပဒေလည်း ရေးဆွဲအတည်ပြုပြီးသွားပြီ။ သတင်းမီဒီယာကောင်စီ မဖွဲ့နိုင်သေးပေမယ့် စာနယ်ဇင်းကောင်စီ(ယာယီ)က ရေးဆွဲထားတဲ့ စာနယ်ဇင်းကျင့်ဝတ်လည်း ပေါ်လာပြီ။ လွတ်လပ်တဲ့ မြန်မာစာနယ်ဇင်းသင်တန်းကျောင်းဖြစ်တဲ့ (MJI) လည်း မကြာခင်ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ လူမှုတာဝန်သိသောမီဒီယာနဲ့ ပတ်သက်ပြီး အခြေခံကောင်းတွေရနေပြီလို့ ပြောနိုင်ပါတယ်။

အဲဒီလိုပြောင်းလဲတဲ့အခါ လူမှုတာဝန်သိသောမီဒီယာအဖြစ် နိုင်ငံပိုင်မီဒီယာတွေကလည်း လိုက်နာပြောင်းလဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ **စာနယ်ဇင်းကျင့်ဝတ်နဲ့ပတ်သက်ရင် နိုင်ငံပိုင်သတင်းစာတွေဖြစ်တဲ့ မြန်မာ့အလင်းသတင်းစာနဲ့ ကြေးမုံသတင်းစာတွေကလည်း လက်ရှိ စာနယ်ဇင်းကောင်စီ (ယာယီ)က ရေးဆွဲထားတဲ့ကျင့်ဝတ်တွေကို**

ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယ ဝန်ကြီး ဦးရဲထွဋ် မီဒီယာများ မေးမြန်းမှုကို ဖြေကြားစဉ်။ (သတင်းစဉ်)

လိုက်နာ ဆောင်ရွက်သွားဖို့ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် အများပြည်သူဝန်ဆောင်မှုမီဒီယာကျင့်ဝတ်များကိုလည်း လိုက်နာဆောင်ရွက်သွားမှာဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

လူမှုတာဝန်သိသော မီဒီယာပုံစံဟာ ASEAN အသိုက်အဝန်းကို သဟဇာတဖြစ်တဲ့ လူ့အဖွဲ့အစည်းဖြစ်အောင် ဆောင်ရွက်ပေးနိုင်မယ့် နည်းလမ်းဖြစ်တဲ့အတွက် အားလုံးက ပူးပေါင်းအကောင်အထည်ဖော်သွားရမှာဖြစ်ပါတယ်။

✳ *ကျောဖုံးမှ*

"ကျွန်မတို့ ဒီနေ့ နံနက် ၆ နာရီကျော် ၇ နာရီလောက်ကတည်းက ပစ္စည်းတွေ ဟိုပြောင်း ဒီပြောင်းနဲ့ တော်တော်ဒုက္ခရောက်တယ်။ မိုးကလည်း အခုညနေပိုင်းအထိ လုံးဝစဲသွားတယ်လို့မရှိဘူး။ ကားတွေလည်း ဒီလမ်းထဲရောက်ပြီး ပြန်ထွက်ဖို့ကို တော်တော်နဲ့ မထွက်နိုင်ကြဘူး။ တစ်နေ့လုံးပဲ။ ကျသွားတယ်လို့ကို မရှိဘူး။ ဒီနောက်က ရပ်ကွက်တွေဆို အနည်းဆုံးမြေညီထပ်တော့ မြုပ်မယ်။ သူတို့လည်း ခုချိန်ထိ အဆင်မပြေကြဘူး။ မီးက ညကတည်းက လုံးဝပျက်သွားတယ်။ ကျွန်မတစ်သက်မှာ အခုလို ကြုံတာ ယခင်နာဂစ်တုန်းကတစ်ခါ၊ ခုတစ်ခါ" ဟု မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက်ကျိုက်ဝိုင်းဘုရားလမ်းပေါ်တွင် ကုန်မျိုးစုံအရောင်းဆိုင်ဖွင့်ထားသည့် ဒေါ်မြင့်မြင့်သန်းက ပြောသည်။ ယခုနှစ် မြန်မာနိုင်ငံကို အနောက်တောင်မုတ်သုံလေဝင်ရောက်မှုမှာ မေ ၁၇ ရက်မှစတင်၍ မြန်မာနိုင်ငံတောင်ပိုင်းသို့ဝင်ရောက်ခဲ့ပြီး မေ ၂၀ ရက်တွင် မြစ်ဝကျွန်းပေါ်ဒေသနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၊ မေ ၂၉ ရက်တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့ကိုဝင်ရောက်ခဲ့ပြီး ဇွန် ၇ ရက်တွင် တစ်နိုင်ငံလုံးသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ ရန်ကုန်(ကမ္ဘာအေး) မိုး/ဇလအနေနဲ့ကတော့ ဒီနေ့ဆို ၆ ဒသမ ၃၈ လက်မ ရှိပါတယ်။ အဲဒါကတော့ ရန်ကုန်အနောက်ပိုင်းမှာပါ။ ဒီနေ့ ရေကြီးတဲ့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းလည်း ပါပါတယ်။ ရန်ကုန်မြို့လယ်ကောင်ကတော့ ၄ ဒသမ ၀၆ လက်မပဲရှိတာပါဟု" မိုး/ဇလဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အိအိဇင်က မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ယနေ့မွန်းလွဲ ၂ နာရီထုတ်ပြန်ချက်အရ ၂၄ နာရီအတွင်း ရန်ကုန်အနောက်ပိုင်း (ရန်ကုန်-ကမ္ဘာအေး) တွင် ၆ ဒသမ ၃၈ လက်မ၊ ရန်ကုန်အနောက်ပိုင်း မိုးရေချိန်သည် နိုင်ငံတစ်ဝန်း မိုးရေချိန်တိုင်းထွာချက်များအရ ဒုတိယအများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

မီဒီယာတွေရဲ့ တာဝန်ကတော့ ပြည်သူတွေကို မှန်ကန်တိကျပြီး အကျိုးရှိတဲ့ သတင်းများကိုသာ ပေးဖို့ဖြစ်

တွေ့ဆုံမေးမြန်း
ဒေါက်တာသာစိန်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နေပြည်တော်တွင် ၂၀၁၄ ခုနှစ် ဇွန် ၉ ရက်နေ့မှ ၁၂ ရက်နေ့ အထိ ကျင်းပသော (၁၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်လာကြသော နိုင်ငံစုံမှ ကိုယ်စားလှယ်များထဲမှအချို့ကို မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းမီဒီယာဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းခဲ့သည်။

ဦးစွာ မြန်မာ့သတင်းစဉ် (နိုင်ငံခြား)သည် ဂျပန်နိုင်ငံပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ နိုင်ငံတကာရေးရာ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Soichiro SEKI နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ-

မေး။ အာဆီယံအသိုက်အဝန်းပေါ်ပေါက်လာရေးနှင့် အာဆီယံနိုင်ငံတွင်း ပြည်သူများချိတ်ဆက်မှု ကောင်းမွန်ရေးအတွက် မီဒီယာရဲ့အခန်းကဏ္ဍကို သိပါရစေ။

ဂျပန်နိုင်ငံပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာရေးရာ ညွှန်ကြားရေးမှူးချုပ် Mr. Soichiro SEKI ။

ဖြေ။ အာဆီယံ အသိုက်အဝန်းကို ၂၀၁၅ ခုနှစ်မှာ ပေါ်ပေါက်လာဖို့ ကြိုးစားနေကြပါတယ်။ ဒါကလည်း အင်မတန်အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ ပြည်သူတစ်ဦးနဲ့တစ်ဦး ဆက်ဆံတဲ့နေရာမှာ connectivity ဟာ အရေးကြီးတဲ့အတွက် connectivity ရရှိဖို့ မီဒီယာကသာ စွမ်းဆောင်နိုင်တဲ့အတွက် မီဒီယာက အဓိကအခန်းကဏ္ဍမှ ပါဝင်နေတာဖြစ်ပါတယ်။

မေး။ ကျွန်တော်တို့နိုင်ငံမှာ မီဒီယာလွတ်လပ်မှု ဘယ်လောက်အတိုင်းအတာထိ ရှိတယ်လို့မြင်ပါသလဲ။

ဖြေ။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ မီဒီယာလွတ်လပ်ခွင့်နဲ့ပတ်သက်ပြီး လက်ရှိဖြစ်ပေါ်တိုးတက်မှုအပေါ် အသေးစိတ်တော့ မလေ့လာရသေးပါဘူး။ သေချာတာတစ်ခုကတော့ မြန်မာနိုင်ငံဟာ အရင်ကနဲ့စာရင် သတင်းလွတ်လပ်မှုပိုပြီး ရှိလာတယ်ဆိုတဲ့အချက်ပါပဲ။ ဒီပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်ပြီး ဂျပန်က အပြည့်အဝ အကူအညီပေးနေပါတယ်။

မေး။ အာဆီယံနိုင်ငံများ အကောင်အထည်ဖော်မယ့် လူမှုတာဝန်သိ မီဒီယာ အောင်မြင်မှုရှိနိုင်၊ မရှိနိုင် သိလိုပါတယ်။

ဖြေ။ ဂျပန်နိုင်ငံမှာလည်း မီဒီယာတာဝန်သိမှုနဲ့ပတ်သက်ပြီး မကြာခဏ ငြင်းခုန်မှုတွေရှိခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာ သတင်းစာထုတ်လုပ်သူရဲ့ အမြင်နဲ့ သဘောထားမှတ်ချက်တွေကို အစိုးရကနေ အရေးတယူလုပ်လေ့ရှိသလို တီဗွီနှင့်ပတ်သက်ပြီး ဥပဒေကြောင်းအရ သတ်သတ်မှတ်မှတ်ထားရှိပါတယ်။ ကျွန်တော့်အမြင်နဲ့ ပြောရမယ်ဆိုရင်တော့ မီဒီယာဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူမှုတာဝန်သိမှုမီဒီယာလည်း အောင်မြင်မှုရှိပါတယ်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ ပြည်သူ့ဆက်ဆံရေးရုံးမှ ဒုတိယဝန်ကြီးဖြစ်သူ Mr. Bang Sun-gyu နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ကိုရီးယားသမ္မတနိုင်ငံ ပြည်သူ့ဆက်ဆံရေးရုံး ဒုတိယဝန်ကြီး Mr. Bang Sun-gyu ။

မေး။ ယခုအခါ မြန်မာနိုင်ငံတွင် လူမှုတာဝန်သိမှုမီဒီယာကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ အဲဒီလို အကောင်အထည်ဖော်ရာမှာ တွေ့ကြုံနိုင်တဲ့ စိန်ခေါ်မှုများအပေါ် အမြင်ကို သိပါရစေ။

ဖြေ။ နိုင်ငံတိုင်းမှာ သတင်းလွတ်လပ်ခွင့်ဆိုတာ လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံအများစုဟာလည်း သတင်းလွတ်လပ်ခွင့်နှင့်ပတ်သက်ပြီး ဦးစားပေး ဆောင်ရွက်ကြပါတယ်။ သတင်းလွတ်လပ်ခွင့်ရှိပါမှ မျက်မှောက်ရေးရာ ဖြစ်ပျက်မှုများကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်မှာဖြစ်ပါတယ်။ ပြည်သူလူထုကလည်း အဲ့ဒါတွေကို သိရှိခွင့်ရှိကြပါတယ်။ မီဒီယာကလည်း သတင်းအမှန်ပေးဖို့ တာဝန်ရှိပါတယ်။

မေး။ အာဆီယံဒေသတွင်း မီဒီယာလွတ်လပ်မှုအတိုင်းအတာ ဘယ်လောက်ရှိတယ်လို့ထင်ပါသလဲ။

ဖြေ။ သတင်းလွတ်လပ်မှုဟာ ဒီမိုကရေစီအတွက် မရှိမဖြစ်လိုအပ်ပါတယ်။ သတင်းလွတ်လပ်မှုမရှိဘဲ တိုးတက်မှုဆိုတာ မဖြစ်နိုင်ပါဘူး။ ကိုရီးယားမှာ သတင်းလွတ်လပ်ခွင့်ကနေ ဒီမိုကရေစီဖော်ဆောင်နိုင်တာ ဖြစ်ပါတယ်။ အာဆီယံဒေသတွင်းမှာတော့ အချိန်ကြာလာတာနဲ့အမျှ သတင်းလွတ်လပ်မှုတွေ တိုးတက်လာပါတယ်။ အင်တာနက်အသုံးပြုမှု ပိုကောင်းလာတာနဲ့အမျှ မီဒီယာလွတ်လပ်မှု ပိုပြီးရှိလာတာ တွေ့ရပါတယ်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ The State Council Information Office ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Xu Ying ။

မေး။ ယခုအခါမှာ အာဆီယံနိုင်ငံများအနေနဲ့ အာဆီယံချိတ်ဆက်မှုဆိုင်ရာ Master Plan အောက်မှာရှိတဲ့ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အဲ့ဒီအပေါ် တွေ့ကြုံနိုင်တဲ့အခက်အခဲများရှိတယ်လို့ ထင်ပါသလား။

ဖြေ။ ဒီစီမံကိန်းကို အကောင်အထည်ဖော်ရာမှာ သတင်းလွတ်လပ်မှုနဲ့ အာဆီယံဒေသတွင်းရှိ ပြည်သူတွေသတင်းသိရှိခွင့်အပေါ်မှာ အများကြီးမူတည်ပါတယ်။ မီဒီယာဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဒီစီမံကိန်းတွေကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ The State Council Information Office မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Xu Ying နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ မြန်မာနိုင်ငံမှာ သတင်းလွတ်လပ်မှုကို အလေးထားဆောင်ရွက်နေပါတယ်။ ယခုအခါ မြန်မာနိုင်ငံရဲ့ သတင်းလွတ်လပ်မှုအပေါ် အမြင်ကို သိလိုပါတယ်။

ဖြေ။ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့အခြေခံမူဝါဒတွေကို လေးစားလျက်ရှိပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံဟာ အပြန်အလှန် အကျိုးကျေးဇူးရှိတဲ့ လုပ်ငန်းတွေမှာ ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်ကြပါတယ်။ မြန်မာနိုင်ငံရဲ့ အောင်မြင်မှုဟာ တရုတ်နိုင်ငံရဲ့ အောင်မြင်မှုပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ရွေးချယ်မှုကို တရုတ်နိုင်ငံက ထောက်ခံပါတယ်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံ သမ္မတရုံးဆိုင်ရာ ဆက်သွယ်ရေးဝန်ကြီးအား ဆက်လက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ အာဆီယံနိုင်ငံ အတွင်းမှာ မီဒီယာ ဖွံ့ဖြိုးတိုးတက်လာအောင် ဘယ်လိုလုပ်ဆောင်ရမယ်လို့ ထင်ပါသလဲ။

ဖြေ။ မီဒီယာတွေရဲ့တာဝန်ကတော့ ပြည်သူတွေကို မှန်ကန်တိကျပြီးအကျိုးရှိတဲ့ သတင်းများကိုသာပေးဖို့ဖြစ်ပါတယ်။ မီဒီယာဟာ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်အတွက် အဆုံးအဖြတ်ပေးတဲ့ အရာလည်းဖြစ်ပါတယ်။ အာဆီယံ ပေါင်းစည်းရေးဖြစ်ဖို့ဟာ အာဆီယံနိုင်ငံအတွင်းရှိ ပြည်သူများရဲ့ အတွေးအခေါ် ရင့်ကျက်မှုက အဓိကကျပါတယ်။ ဒီနေရာမှာ အကောင်းမွန်ဆုံး ဆက်သွယ်ရေးကဏ္ဍ ပေါ်ပေါက်လာဖို့နဲ့ အာဆီယံပြည်သူများအတွက် မြင့်မားတဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သာယာကြွယ်ဝမှုတို့လည်း လိုအပ်ပါတယ်။ လိုအပ်တဲ့အခြေခံအဆောက်အအုံများ ပြည့်မီပြီဆိုရင် အာဆီယံနိုင်ငံအတွင်း မီဒီယာဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဖိလစ်ပိုင်နိုင်ငံ သမ္မတရုံးဆိုင်ရာ ဆက်သွယ်ရေးဝန်ကြီး။

မေး။ ဒီအစည်းအဝေးကနေ မြန်မာနိုင်ငံရဲ့မီဒီယာဖွံ့ဖြိုးတိုးတက်မှုအပေါ် ဘယ်လောက်အထိ အကျိုးသက်ရောက်မှု ရှိနိုင်ပါသလဲ။

ဖြေ။ ဒီအစည်းအဝေးကနေ မီဒီယာဖွံ့ဖြိုးတိုးတက်မှုအတွက် အတွေ့အကြုံများ၊ ထင်မြင်ချက်များကို ဆွေးနွေးခဲ့ကြတဲ့အတွက် သက်ဆိုင်ရာနိုင်ငံများမှာ မီဒီယာဖွံ့ဖြိုးတိုးတက်မှု ရစေနိုင်မှာဖြစ်သလို မြန်မာနိုင်ငံအတွက်လည်း များစွာအကျိုးသက်ရောက်နိုင်ပါတယ်။

❐ ရှေ့ဖုံးမှ

လာရေး အစိုးရနှင့်ပြည်တွင်းစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းရှင်များမှ ဖိတ်ခေါ်သင့်ပြီး ဆန် ပိုမိုတင်ပို့နိုင်ပါက မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများဘဝကိုမြှင့်တင်နိုင်မည်ဟု အစီအရင်ခံစာအရ သိရသည်။"ကမ္ဘာ့ဘဏ်ရဲ့ အစီအရင်ခံစာက မှန်ကန်တဲ့အကြံဉာဏ်ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့အနေနဲ့ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေအများကြီးရှိပါတယ်။ မိုးလေဝသ၊ ရာသီဥတု၊ စိုက်ပျိုးရေလုံလောက်မှု၊ လယ်ယာကဏ္ဍအတွက် ထုတ်ချေးငွေ၊ လိုအပ်တဲ့ နည်းပညာအကူအညီ၊ ဈေးကွက်ရှာဖွေမှုအပိုင်းတွေ အားလုံးမှာ အဆင့်လိုက် အခက်အခဲတွေ အများကြီးရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ မျိုးစပါးရွေးချယ်မှုကအစ တောင်သူတွေမှာ မလွယ်ကူပါဘူး။ လယ်ယာကဏ္ဍအတွက် ကျွမ်းကျင်လုပ်သားတွေကို ဈေးကြီးပေးငှားရမ်းနေကြရတယ်။ အခက်အခဲတွေအများကြီးရှိတာကိုသိလို့ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကလည်း လယ်ယာကဏ္ဍကို နောက်တွန့်ကြတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူ ဦးညီညီအောင်က ပြောသည်။

အဆိုပါအစီအရင်ခံစာအတွင်း ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံဆန်စပါးတင်ပို့မှုအား တန်ချိန်လေးသန်းအထိတိုးမြှင့်ရန် ဆောင်ရွက်နိုင်မည်ဟု ဖော်ပြထားသော်လည်း ထိုအတိုင်းအတာထိ အောင်မြင်ရန် လွယ်ကူမှုရှိမည် မဟုတ်ကြောင်း သာယာဝတီမြို့နယ်အတွင်းရှိ မြကမ္ဘာဆန်စက်ပိုင်ရှင် ဦးမြင့်ကျော်က ခန့်မှန်းသည်။

"တင်ပို့တဲ့အခါမှာ ဆန်အရည်အသွေးကို ပြည့်မီအောင်တင်ပို့ဖို့လည်း လိုအပ်ပါတယ်။ ပို့ကုန်ဆန်တွေ အရည်အသွေးပိုင်းကို စိတ်ချရမယ်ဆိုရင် အခုထက်ပိုပြီး အရောင်းအဝယ်ကောင်းမှာပါ။ အရည်အသွေးပိုင်းကို တာဝန်ယူမှုနဲ့ အဆင့်ဆင့် စိစစ်ပေးမယ်ဆိုရင် တင်ပို့မှုပိုမိုအားကောင်းလာနိုင်ပါတယ်။ ယုံကြည်မှုတည်ဆောက်ဆဲကာလဖြစ်နေလို့ ဆန်တင်ပို့သူတွေ ပိုမိုဂရုပြုသင့်တယ်" ဟု မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့သူလုပ်ငန်းရှင် ဦးရဲနိုင်မိုးကလည်း ပြောကြားသည်။

လက်ရှိတွင် စပါးစိုက်ပျိုးသည့်ရာသီဖြစ်သည့်အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများအမှန်တကယ် အကျိုးရှိစွာရရှိသုံးစွဲနိုင်စေရေးနှင့် နည်းပညာအခက်အခဲများအား ဆန်စပါးနှင့်သက်ဆိုင်သည့် အသင်းအဖွဲ့များနှင့် အစိုးရက ပံ့ပိုးကူညီမှုများပေးရန် တောင်သူများက မျှော်လင့်နေကြကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူက ပြောကြားသည်။

ပြည်တွင်းမှဆန်များကို တရုတ်နိုင်ငံသို့ ပုံမှန်တင်ပို့နေရခြင်းဖြစ်ပြီး ဆိပ်ကမ်းကုန်သွယ်ရေးမှ ဂျပန်၊ စင်ကာပူ စသည့်ရေကြောင်းတင်ပို့ရေးများမှာ ပုံမှန်တင်ပို့နေရခြင်း အားနည်းလျက်ရှိသည်။ ထို့အပြင် ပြည်ပဈေးကွက်အတွင်းတွင် ထိုင်းနိုင်ငံမှ အာဖရိကဈေးကွက်သို့ ပို့ဆောင်ရန် ဆန်တန်ချိန်သန်းချီကာ လျှော့ဈေးဖြင့် ထုတ်ယူရောင်းချပေးခဲ့သဖြင့် ယခုလအတွင်း မြန်မာဆန်ရောင်းအားများ ကျဆင်းခဲ့သည်။ ဧပြီလကုန်ပိုင်းတွင် မြန်မာ ၂၅ မှတ်တန် ဆန်ကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ ပေါက်ဈေးရှိခဲ့ပြီး ထိုင်းဆန်မှာ ဒေါ်လာ ၄၀၀ နှုန်းဈေးပေါက်ခဲ့သည်။ သို့သော် ထိုင်းနိုင်ငံမှ ဆန်တန်ချိန်များစွာကို တစ်တန်လျှင် ဒေါ်လာ ၃၂၀ နှုန်းအထိ ဈေးလျှော့ရောင်းခဲ့သဖြင့် မြန်မာဆန်များ ဈေးနှုန်းအနည်းငယ် ကျဆင်းလာခဲ့သည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ဆန်တင်ပို့နှုန်းထားများမှာ ၂၀၁၃ ခုနှစ်ထက် ယခုဇွန်လတင်ပို့မှုသည် ပိုမိုလျော့နည်းလျက်ရှိနေပြီး မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ပုံမှန်တင်ပို့နေမှုနှုန်းမှာလည်း တစ်နေ့လျှင် ဆန်တန်ချိန် ၂၅၀၀ ဝန်းကျင်သာရှိကြောင်း မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးမှ ထုတ်ပြန်ချက်အရ သိရသည်။

(မြန်မာ့အလင်း)

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေသည် (၁) ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၉၉၄၊ အလျားပေ ၄၀×အနံပေ ၆၀ဟု ခေါ်တွင်သောပါမစ်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုလည်းကောင်း၊ (၂) ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၉၉၆၊ အလျားပေ ၄၀×အနံပေ ၆၀ဟုခေါ်တွင်သော ပါမစ်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုလည်းကောင်း တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဦးဝင်းတင် ၁၂/သကတ(နိုင်)၀၉၃၈၃၆ထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ သုံးရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မော်မော်ခင် (တရားလွှတ်တော်ရှေ့နေ)   ဒေါ်ဖြူစင်သန့် (အထက်တန်းရှေ့နေ)

အမှတ်(၅၀)၊ ပထမထပ်၊ အခန်း-အီး(၉)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆၊ ၀၉-၄၂၁၀၉၁၀၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နိုင်ငံတကာကျောင်းများနှင့် နိုင်ငံတကာသင်ရိုးဖြင့် သင်ကြားသော ပြည်တွင်း ပုဂ္ဂလိကကျောင်းများမှ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများနှင့် ဝန်ကြီးဌာနမှခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းများတွင် ပြောင်းရွှေ့ပညာသင်ကြားလိုသူများအတွက် Placement Test ဖြေဆိုရန် လျှောက်လွှာခေါ်ယူခြင်း

Placement Test ဖြေဆိုရန် လျှောက်ထားသူများသည် အောက်ပါ အချက်များနှင့် ပြည့်စုံရပါမည်-

(၁) လျှောက်ထားသူသည် မိမိတက်ရောက်ခဲ့သည့်ကျောင်းမှ ဖြေဆိုအောင်မြင်ခဲ့သည့် Level ကို ကျောင်း၏ ထောက်ခံချက်မူရင်း(သို့မဟုတ်) အောင်လက်မှတ်မူရင်းဖြင့် တင်ပြလျှောက်ထားရမည်။
(၂) မွေးသက္ကရာဇ်အတွက် မူရင်းမွေးစာရင်း (သို့မဟုတ်) အသက်အတွက် ထောက်ခံချက်တစ်ခုခုဖြင့် တင်ပြလျှောက်ထားရမည်။
(၃) လျှောက်ထားသူသည် မိမိသင်ကြားပြီးမြောက်ခဲ့သော Level အရ တက်ရောက်သင်ကြားလိုသောအတန်း၏ တစ်ဆင့်နိမ့်အတန်းကို Placement Test ဖြေဆိုရမည်။
(၄) ပညာရေးဝန်ကြီးဌာန၏ အတန်းအလိုက် သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းအတိုင်း ဘာသာရပ်များကို ဖြေဆိုရမည်။
(၅) ဖြေဆိုလိုသော အတန်းနှင့် ကျောင်းမွေးသက္ကရာဇ်အရ အသက်ကိုက်ညီမှုရှိရမည်။
(၆) Placement Test ဖြေဆိုခွင့် လျှောက်လွှာများကို အမှတ်(၁)/(၂) အခြေခံပညာ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးများတွင်လည်းကောင်း၊ အမှတ်(၃) အခြေခံပညာ ဦးစီးဌာနအတွက် လက်ထောက်ညွှန်ကြားရေးမှူး (သင်ကြား) ရုံးခန်း၊ အမှတ် ၅၉၁၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်တွင်လည်းကောင်း ၁၃-၆-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း အခမဲ့ထုတ်ယူပြီး ၂၀၁၄ ခုနှစ် ဇွန် ၂၀ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

ပညာရေးဝန်ကြီးဌာန

ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် လုံလောက်သည့် အကာအကွယ်ပေးမှုများလိုအပ်

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ တစ်နေ့တခြား ပိုမိုများပြားလာသည်နှင့်အမျှ ယခုအခါ ၎င်းရွှေ့ပြောင်းအလုပ်သမားများ အခက်အခဲနှင့် ပြဿနာပေါင်းစုံ ရင်ဆိုင်ကြုံတွေ့နေမှုကြောင့် လုံလောက်သည့်ဝန်ဆောင်မှုနှင့် အကာအကွယ်ပေးမှုများ လိုအပ်လျက်ရှိသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဖြေကြားစဉ်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် အကြောင်းအမျိုးမျိုးကြောင့် မိမိနိုင်ငံကနေထွက်ခွာပြီး ပြည်ပနိုင်ငံများသို့ အစိုးရ၏တရားဝင်ခွင့်ပြုချက်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်နေကြသည်။ သို့သော်လည်း ထိရောက်သည့် အကာအကွယ်ပေးမှု လိုအပ်သည့်အတွက် ၎င်းအလုပ်သမားများ မလိုလားအပ်သည့် ထိခိုက်သေဆုံးနစ်နာမှုဖြစ်ပေါ်လျက်ရှိသည်။

ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒသမပုံမှန်အစည်းအဝေး နဝမနေ့တွင် ပြည်ပနိုင်ငံများ၌ အလုပ်လုပ်ကိုင်နေကြသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ထိခိုက်သေဆုံးနစ်နာမှုများရှိလျှင် ဖြေရှင်းပေးမှုအပေါ် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက ၎င်း၏မေးမြန်းချက်နှင့်ပတ်သက်၍ "ကျွန်တော်တို့နိုင်ငံမှာ အကြောင်းမျိုးစုံကြောင့် ထိုင်း၊ မလေးရှား၊ စင်ကာပူစတဲ့ ပြည်ပနိုင်ငံတွေကို သွားရောက် အလုပ်လုပ်ကိုင်နေတာတွေ့ရတယ်။ အဲဒီလိုသွားလုပ်တဲ့အခါမှာလည်း အခက်အခဲတွေပြဿနာပေါင်းစုံကြုံတွေ့ရတာကို နေရာစုံကနေ နည်းလမ်းပေါင်းစုံနဲ့ ဆက်သွယ်အကြောင်းကြားတာတွေ ရှိတယ်။ တရားဝင်ပြန်လာတာရှိသလို တချို့လည်းစက်ရုံတွေမှာ ဖမ်းဆီးခံရတာတွေ၊ ရောင်းစားခံရတာတွေရှိတယ်။ အဲဒီလိုအခက်အခဲဖြစ်တဲ့အခါ အကူအညီ မရတဲ့သူတွေဆိုရင် မလိုအပ်ဘဲ အသက်ဆုံးရှုံးကြရတာရှိတယ်။

ဒီဖြစ်စဉ်တွေက ဘာကြောင့်လဲဆိုရင် ပြည်ပအလုပ်သွားလုပ်တဲ့သူတွေ တစ်နေ့တခြားတိုးလာလို့ပဲ။ ပြည်ပသွားပြီးတော့ သူများမလုပ်ချင်တဲ့အလုပ်တွေ၊ အန္တရာယ်ရှိတဲ့ အလုပ်တွေ သွားလုပ်တာလျော့နည်းသွားအောင် ဆောင်ရွက်ပေးဖို့လိုတယ်လို့ ယူဆပါတယ်။ နောက်တစ်ခုက မလွဲမရှောင်သာလို့ ကိုယ့်နိုင်ငံကထွက်ပြီးတော့ ရွှေ့ပြောင်းအလုပ်သမားတွေဖြစ်တဲ့အခါ အဲဒီသူတွေကိုယ့်နိုင်ငံသားတွေကို အကာအကွယ်ပေးမှု၊ တာဝန်ယူမှုတွေ လုံလုံလောက်လောက် လုပ်ဆောင်ပေးဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ တခြားနိုင်ငံမှာ အလုပ်လုပ်သူတွေများလာတာနဲ့အမျှ ပြဿနာတွေလည်း ပိုပြီးများလာပါတယ်။ ဒီလိုမဖြစ်အောင်ဥပဒေတွေ၊ ဝန်ဆောင်မှုတွေ၊ သံတမန်နည်းတွေ ပညာပေးမှုတွေနဲ့ အကာအကွယ်ပေးရမှာဖြစ်ပါတယ်။ အဲဒီလို အကာအကွယ်ပေးမှုတွေဟာ ယနေ့အချိန်မှာလုံလောက်မှု မရှိဘူးဆိုတာသိစေချင်လို့ အခုလိုလွှတ်တော်မှာ မေးမြန်းဖြစ်ခဲ့တာပါ" ဟု မြန်မာ့အလင်းသို့ပြောသည်။

လိုအပ်သည့်အခါ ဥပဒေပြဋ္ဌာန်းမည်ဆိုပါက အကာအကွယ်ပေးနိုင်လောက်သည့် ဥပဒေဖြစ်ရန်လိုအပ်သကဲ့သို့ ဥပဒေအတိုင်းထိထိရောက်ရောက် ဆောင်ရွက်ရန်လိုကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

သတင်း-တင်မောင်လွင်
ဓာတ်ပုံ-မောင်လွင်

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

နယုန်လပြည့်မဟာသမယအခါတော်နေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ရန်ကုန် ဇွန် ၁၂

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် မြတ်ဗုဒ္ဓ၏ မမေ့အပ်ရာနေ့ထူးနေ့မြတ် မင်္ဂလာအခမ်းအနားများကို စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ ယနေ့ နံနက် ၅ နာရီမှစတင်၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ်မြောက် နယုန်လပြည့် (မဟာသမယအခါတော်နေ့) အခမ်းအနားကို ရင်ပြင်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပွဲကို ရင်ပြင်တော်တောင်ဘက် ဧည့်ခံတန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဘာသာရေး အသင်းအဖွဲ့များက ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းပူဇော်ကန်တော့ကြပြီး နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဒုတိယအကြိမ်မြောက် နယုန်လပြည့် မဟာသမယအခါတော်နေ့ ရေစက်ချအနုမောဒနာ အခမ်းအနားကို ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယအဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဆရာတော် ဘဒ္ဒန္တနန္ဒောဘာသထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များက နဝင်္ဂသီလ ခံယူဆောက်တည်ကြပြီး မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ဒွိပိဋကကောဝိဒ နိုင်ငံတော်သြဝါဒါ စရိယဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ အနုမောဒနာ တရားနာကြားပြီး ရေစက်ချအမျှပေးဝေကြသည်။

ဆက်လက်၍ မဟာသမယသုတ်ရွတ်ဆိုပူဇော်ပွဲကို ချမ်းသာကြီးတန်ဆောင်း၌ကျင်းပရာ မဟာသမယသုတ်ပါဠိတော်များ ရွတ်ဆိုခြင်းနှင့် ငြိမ်းချမ်းရေး ကြွေးကြော်သံများ ကြွေးကြော်ကာ ရင်ပြင်တော်ပတ်လည်ရှိ ခေါင်းလောင်းများကို သံပြိုင်ညီညာ တီးခတ်ခဲ့ကြသည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ယနေ့နံနက် ၉ နာရီတွင် နယုန်လပြည့် မဟာသမယအခါတော်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိုးရေကြီးမှုကြောင့် ကျောင်းအချို့ယာယီပိတ်

ရန်ကုန် ဇွန် ၁၂

အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)၌ ဇွန် ၁၁ ရက်နှင့် ၁၂ ရက်များတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး မိုးရေကြီးမှုကြောင့် မရမ်းကုန်းမြို့နယ်တွင် မူလတန်းကျောင်းတစ်ကျောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် မူလတန်းကျောင်း နှစ်ကျောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တွင် အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်းသုံးကျောင်း၊ လှိုင်သာယာမြို့နယ်တွင် အထက်တန်းကျောင်းနှစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်း တစ်ကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်တွင် အထက်တန်းကျောင်းနှစ်ကျောင်း၊ အလယ်တန်းကျောင်းသုံးကျောင်း၊ မူလတန်းကျောင်း တစ်ကျောင်း၊ရန်ကင်းမြို့နယ်တွင် အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်းလေးကျောင်း၊ တောင်ဥက္ကလာပမြို့နယ်တွင် အထက်တန်းကျောင်းနှစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်းလေးကျောင်း၊ ဒေါပုံမြို့နယ်တွင်အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်းတစ်ကျောင်း စုစုပေါင်းရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်း ၃၂ ကျောင်း ယာယီပိတ်ထားလျက်ရှိသည်။

အဆိုပါ ရေကြီးမှုကြောင့် ကျောင်းသား ကျောင်းသူများ အန္တရာယ် မဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ မြို့နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများနှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် တစ်ဝိုက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အမှတ်(၃) ရပ်ကွက်ရှိ အောင်သိဒ္ဓိလမ်း တစ်လျှောက်၌ ယနေ့နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရေများ ပြည့်လျှံလျက်ရှိရာ မော်တော်ယာဉ်များ၊ ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသူကျောင်းသားများ သွားလာရေးခက်ခဲလျက် ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-အောင်မြင့်

ဇွန် ၁၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရန်ကုန်မြို့ တာမွေမြို့နယ် သမိန်ဗရမ်းလမ်းမပေါ်၌ ရေကြီးနေမှုကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်ဝင်းလေး
(ကြည့်မြင်တိုင်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)
တောင်ဥက္ကလာပမြို့နယ် တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၈

ဦးဝင်းညို **နှင့်** ၁။ ဒေါ်တင်မြင့်လတ်
၂။ ဦးတင်ရွှေ

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၁၅နေ ဒေါ်တင်မြင့်လတ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၈၅၉/ခ နေ ဦးတင်ရွှေ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၁၇ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်ဝယ်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်စိုးခိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တောင်ဥက္ကလာပမြို့နယ်တရားရုံး

ပျောက်ဆုံး

ဆရာလေး ဒေါ်ဓမ္မစာရီ၏ နိုင်ငံကူးလက်မှတ် (M 674259)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၀၇၈၈၀၉

ပျောက်ဆုံး

ကျွန်တော် မောင်နိုင်ဇော်ဝင်း ၉/မရမ(နိုင်)၀၉၀၁၀၂၏ Ship's Cook လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၁၁၂၉၈၂၊ ၀၉-၄၃၁၀၈၈၂၂

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စိုက်နည်းစနစ်ပညာပေး

နေပြည်တော် ဇွန် ၁၂

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ၂၀၁၄ မိုးစပါး စိုက်ပျိုးထုတ်လုပ်ရန် သိပ္ပံနည်းကျ G.A.Pစိုက်ပျိုးနည်းစနစ် ပညာပေးဟောပြောပွဲကို ဇွန် ၉ ရက် နံနက် ၉ နာရီက လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာ၊ ကံလှကျေးရွာ တောင်သူကြီး ဦးမြသိန်း၏နေအိမ်တွင် ကျင်းပခဲ့သည်။

၎င်းဟောပြောပွဲတွင် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို လယ်ဝေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစောဝင်းက လည်းကောင်း၊ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲနည်းကို သီးနှံပိုးမွှားရောဂါကာကွယ်ရေးတာဝန်ခံ ဒေါ်နွယ်နီဝင်းတို့က တောင်သူ ၅၀ တို့ကို ဟောပြောခဲ့ပြီး လက်တွေ့ကွင်းဆင်းပြသခဲ့ကြောင်း သိရသည်။

ကိုပေါက်

ဘုန်းတော်ကြီးသင်ကျောင်းရှိကျောင်းသားများအားထောက်ပံ့

ရန်ကုန် ဇွန် ၁၂

မေတ္တာသင်္ဂဟအဖွဲ့၏ (၃၁)ကြိမ်မြောက် အလှူဒါနပေးအပ်ပွဲကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက သဃ်န်းကျွန်းမြို့နယ် (င/က)ရပ်ကွက် ဓမ္မဝိဟာရဘုန်းတော်ကြီးသင်ပညာရေးကျောင်း(ဘ/က)ရှိ ဆင်းရဲနွမ်းပါးကျောင်းသူ၊ ကျောင်းသား ၄၀၀ ကျော်အား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်းပွဲကျင်းပရာ အကယ်ဒမီခန့်စည်သူနှင့် ရုပ်ရှင်သရုပ်ဆောင်အနုပညာရှင်များက ၅၄ သိန်း လေးသောင်းကို ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အရှင်ဂရုဝံသ ဘိဝံသထံ ပေးအပ်လှူဒါန်းကြသည်။ ဇွန် ၁၁ ရက်က ၆၅ သိန်း ငါးသောင်းကို လှူဒါန်းပြီး ယခုဒုတိယအကြိမ် လှူဒါန်းခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

မေတ္တာသင်္ဂဟအဖွဲ့အနုပညာရှင်များ ရုပ်ရှင်သရုပ်ဆောင်များ၏ လှူဒါန်းခဲ့ပြီးသော အလှူငွေစုစုပေါင်းမှာ ကျပ် ၁၂၀၆၄၀၀၀၀ ရှိပြီးဖြစ်ကြောင်း သိရသည်။ **ကျော်မြင့်သန်း(လမ်းမတော်)**

လေဘေးသင့်ကျောင်းနှင့် အိမ်ထောင်စုများထောက်ပံ့

နောင်တရား ဇွန် ၁၂

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့နယ်ခွဲတွင် ဧပြီ ၂၁ ရက်က နန်းပုလင်းကျေးရွာအုပ်စု ထီရီးကျေးရွာတွင်လည်းကောင်း၊ မေ ၁၉ ရက်က ဘုရားဖြူကျေးရွာအုပ်စု လှည်းကုန်းကျေးရွာတွင် လည်းကောင်း လေပြင်းများတိုက်ခတ်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထီရီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှာ ပြိုကျပျက်စီးခဲ့ပြီး လှည်းကုန်းကျေးရွာတွင် အိမ်ခြေခြောက်လုံးမှာ အမိုးများလန်၍ ပျက်စီးမှုများ ဖြစ်ပွားခဲ့မှုအပေါ် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၁၁ နာရီက နောင်တရားမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးက ထီရီးမူလတန်းကျောင်းကျောင်းအုပ်ဆရာကြီးထံ ငွေကျပ်တစ်သိန်းနှင့် အိမ်ထောင်စု ခြောက်စုအတွက် ငွေကျပ်သုံးသောင်းစီကို ပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၂-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၅၁၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၁၂၃၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၅၁၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	ကျပ် ၄၀၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၈၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၅၀၀-၁၃၀၀၀
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၇၀၀၀-၉၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	ကျပ် ၈၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	ကျပ် ၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	ကျပ် ၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	ကျပ် ၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	ကျပ် ၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၅-၉၇၂
ဥရောပ	တစ်ယူရို	ကျပ် ၁၂၉၈-၁၃၁၆
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၆၀-၇၇၇
ထိုင်း	တစ်ဘတ်	ကျပ် ၂၉.၈-၃၀
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၆-၁၆.၃၁
တရုတ်	တစ်ယွမ်	ကျပ် ၁၅၃-၁၅၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၈-၃၀၁

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။

ကျိုင်းတုံ၌ ဘိန်းအစားထိုး ပုလဲသွယ်မျိုးစပါးထောက်ပံ့ပေးအပ်

ကျိုင်းတုံ ဇွန် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်တွင် တောင်ပေါ် ငါးအုပ်စုနှင့် လွိုင်မွေကျေးရွာအုပ်စုတို့တွင် ဘိန်းအစားထိုးစိုက်ပျိုးရန်ဧက ၁၃၀ အတွက် ပုလဲသွယ်မျိုးစပါးထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက အမှာစကားပြောကြားပြီး ကျိုင်းတုံမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးကမျိုးစပါးပေးအပ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျိုင်းတုံမြို့နယ် လွိုင်မွေ၊ နမ့်အင်း၊ နားပေါ်၊ နမ့်ခတ်၊ နောင်တောင်း၊ မိုင်းအင်း အုပ်စုများသို့ တစ်အုပ်စုလျှင် ပုလဲသွယ် မျိုးစပါး ၁၇၃ ကီလိုပေးအပ်ခဲ့သည်။ အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာများမှ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မောင်မောင်နိုင်(iprd)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် (၂၅)မြို့နယ် သမဝါယမဦးစီးဌာနရုံးများအတွက် အောက်ပါရုံးသုံးပစ္စည်း (၃)မျိုးကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	Computer	(၁၀) စုံ
(ခ)	Laser Printer	(၂၇) လုံး
(ဂ)	Fax	(၅) လုံး

၂။ အဆိုပါ အိတ်ဖွင့်ဈေးနှုန်းလွှာများကို ၂၄-၆-၂၀၁၄ ရက် ညနေ (၁၅:၀၀)နာရီ နောက်ဆုံးထား၍ မကွေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနသို့အရောက် ပေးပို့တင်ပြရမည်။

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တယ်လီဖုန်းအမှတ် (၀၆၃-၂၅၀၁၁) နှင့် (၀၆၃-၂၃၀၃၉) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့
မကွေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန**

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာနမှ အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

တည်နေရာ	လုပ်ငန်း
သမဝါယမသင်တန်းကျောင်း(မကွေး) အောင်မေတ္တာ(ဃ)ရပ်ကွက် မြင်းကင်းကျေးရွာအနီး	တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဝန်ထမ်းအိမ်ရာအဆောက်အအုံ အလျားပေ၈၀×အနံ၃၇ပေ×အမြင့်၁၂ပေရှိ လေးခန်းတွဲသံကူကွန်ကရစ် RC တစ်ထပ်အဆောက်အအုံ၊ ရေ၊ မီး၊ မိလ္လာ၊ ဂါလန် ၈၀၀ ဆံ့ရေကန်ပါ၊ ၁၂ပေအမြင့်ရေစင်အပါအဝင်တည်ဆောက်ခြင်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၆-၂၀၁၄ ရက်မှ ၂၀-၆-၂၀၁၄ ရက်အထိ နေ့စဉ်နံနက် ၁၀း၀၀နာရီမှ ၁၆း၃၀နာရီအထိ ရုံးဖွင့်ရက်များအတွင်း မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၇-၆-၂၀၁၄ ရက် နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအတွင်း မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မကွေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဖုန်း-၀၆၃-၂၅၀၁၁နှင့် ၀၆၃-၂၃၀၃၉သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့
မကွေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန**

သီဟ (၇၉) သူငယ်ချင်းများသို့ ဖိတ်ကြားလွှာ

ကျောင်းဆင်း (၂၄)နှစ်မြောက် အထိမ်းအမှတ်အဖြစ်
နှစ်စဉ်တွေ့ဆုံဒါနပြုပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

ဒါနပြုပွဲ	နေ့ရက်/အချိန်	နေရာ
	၂၂-၆-၂၀၁၄ရက် ၀၉း၀၀နာရီ	နိုင်ငံတော်သံဃာ့မဟာနာယကကျောင်းဆောင်(ကမ္ဘာအေး)
ဂေါက်သီးရိုက်ကစားခြင်း	၂၂-၆-၂၀၁၄ရက် ၁၃း၀၀နာရီ	Y.C.D.C ဂေါက်ကွင်း
တွေ့ဆုံညစာစားပွဲ	၂၂-၆-၂၀၁၄ရက် ၁၈း၀၀နာရီ	ကုန်းမြင့်သာစားတော်ဆက်၊ (၈)မိုင်

သူငယ်ချင်းများ ဇနီးနှင့်အတူ တက်ရောက်ပါရန်နှင့် ကျဆုံး/ကွယ်လွန် သူငယ်ချင်းများ၏ဇနီးများလည်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-
ခင်ငွေ ဖုန်း-၀၉-၅၀၃၄၉၃၅၊ မျိုးမြင့် ဖုန်း-၀၉-၅၁၅၆၀၁၃၊ ထွန်းညွှန့် ဖုန်း-၀၉-၄၄၈၀၂၃၆၁၉၊ ကျော်ငွေ ဖုန်း-၀၉-၇၃၂၄၄၇၇၀၊ မြသန်း ဖုန်း-၀၉-၅၁၃၀၀၃၀၊ ဝင်းကိုကို ဖုန်း-၀၉-၄၉၂၁၀၄၅၁၊ ရဲမြင့်ကျော် ဖုန်း-၀၉-၅၀၁၆၅၂၂၊ အောင်ကျော်မင်း ဖုန်း-၀၉-၄၉၆၇၄၀၃၀၊ ယဉ်ကြည် ဖုန်း-၀၉-၇၃၀၆၅၇၇၂

လေလံတင်ရောင်းချရန် ကြေညာခြင်း

ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ သစ်တောဦးစီးဌာန၊ ပုံစံ(၈) အခြားခွဲသား ၁၃၁၄ချောင်း ၁၅ဒသမ၇၃၉၆တန်နှင့် ပျော်ဘွယ်မြို့နယ်၊ သစ်တောဦးစီးဌာန ပုံစံ (၈) အခြားသစ်/တိုင် ၉လုံး ၁ဒသမ၀၆၂တန်တို့အား အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

လေလံတင်မည့်ရက်	-	၂-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)
အချိန်	-	နံနက် ၁၀း၀၀နာရီ
နေရာ	-	လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ရမည်းသင်းခရိုင်

လေလံလျှောက်လွှာများကို ရမည်းသင်းခရိုင် သစ်တောဦးစီးဌာနတွင် ဝယ်ယူနိုင်ပါသည်။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မသီတာခိုင်သည် မိဘတို့၏သဘောမတူသူနှင့် လိုက်သွားပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဒေါ်တင်ရွှေ

အများသိစေရန်ကြေညာခြင်း

[illegible]

(LL.M)

[illegible]

အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သွယ်သွယ်မြင့် ၁၂/သဃက(နိုင်)၀၀၃၆၇၄နှင့် ဦးဇော်နိုင် ၁၂/သဃက(နိုင်)၁၁၉၉၆၈တို့၏သမီး မနေခြည်ဦး ၁၂/သဃက(နိုင်)၁၈၃၈၅၀သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘ၏ဂုဏ်သိက္ခာကျဆင်းအောင်၊ စိတ်ဆင်းရဲအောင်ပြုမူဆောင်ရွက်ကာ နေအိမ်မှဆင်းသွားပါသဖြင့် မနေခြည်ဦးအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ သုခနေခြည်ဆောက်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ မနေခြည်ဦးအား လွှဲအပ်ထားသည့် လုပ်ပိုင်ခွင့်အဝဝကိုလည်း ပြန်လည်ရုပ်သိမ်းလိုက်ကြောင်းနှင့် သုခနေခြည်ဆောက်လုပ်ရေးနှင့်မနေခြည်ဦးသည် မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ကြောင်း မနေခြည်ဦးမှ သုခနေခြည်ဆောက်လုပ်ရေးအမည်ဖြင့် လုပ်ငန်းစာချုပ်များ ထပ်မံချုပ်ဆိုလာပါက ကျွန်ုပ်တို့၏မိတ်ဆွေများနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိကြောင်း တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူအောင် LL.B	**ဒေါ်ဥမ္မာဦး LL.B**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၈၉၇၆)	**(စဉ်-၉၆၃၃)**
ဖုန်း-၀၉-၇၃၁၆၇၄၄၅	**ဖုန်း-၀၉-၄၂၁၀၈၀၃၂၅**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

အထက်ကြည့်မြင်တိုင်လမ်းမကြီးပေါ် ယာဉ်သုံးစီးတိုက်မှုဖြစ်

ရန်ကုန် ဇွန် ၁၂

ဇွန် ၁၂ ရက် နံနက် ၅ နာရီ မိနစ် ၄၀ ခန့်က ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင် လမ်းမကြီး အပေါ် အင်းစိန်လမ်းထိပ်၌ ယာဉ်သုံးစီး ဆင့်ကဲတိုက်မှုဖြစ်ပွားခဲ့သည်။

ကြည့်မြင်တိုင် ဗားကရာဘက်မှ အထက်ကြည့်မြင်တိုင် လမ်းမကြီး အတိုင်း လူငယ်တစ်ဦးမောင်းနှင်လာသော HYBIRD 9G/... (Civic) ခဲရောင်မှာ ကြည့်မြင်တိုင်ညဈေးဘက်မှ မောင်းနှင်လာသော ရွှေပဲဆီကုမ္ပဏီမှ လိုက်အေ့စ် 8B/... (အဖြူရောင်)၏ ရှေ့ဘယ်ဘက်အခြမ်းကို တိုက်မိပြီး အင်းစိန်လမ်းဘက်အခြမ်း လမ်းမကြီးပေါ်တွင် ညအိပ်ရပ်နားထားသည့် ၆က/.... နစ်ဆန်းကုန်တင်ကား၏ ဦးခေါင်းပိုင်းနှင့် ဝင်ရောက်တိုက်မိပြီး ရပ်သွားခဲ့သည်။

ယာဉ်များဆင့်ကဲတိုက်မှုကြောင့် လူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြသော်လည်း HYBIRD ကားသစ်၏ ရှေ့ပိုင်းများစွာ ပျက်စီးခဲ့ပြီး လိုက်အေ့စ် ကားမှာ ဘယ်ဘက်ရှေ့ပိုင်း ပျက်စီးခဲ့ရသည်။

ဘော်ဂါသွေး

ရပ်ထားသော ခရီးသည်တင်ယာဉ်ကို နောက်မှဝင်တိုက်မိသည့်ယာဉ်မောင်းသေဆုံး

ရန်ကုန် ဇွန် ၁၂

ဇွန် ၁၁ ရက် နံနက် ၂ နာရီဝန်းကျင်တွင် ရန်ကုန်မှ ပုသိမ်သို့ ကုန်တင်ဆောင် ထွက်ခွာသွားသော ၁၄ ပေ ဒိုင်နာယာဉ်အဖြူ ယာဉ်အမှတ် ၂ခ/....သည် ကန်ကြီးထောင့်လမ်းဆုံအလွန်တွင် လမ်းဘေးရပ်ထားသော ခရီးသည်တင်မှန်လုံယာဉ်ကြီး YGN 3C/ . . . အဖြူရောင်ကို နောက်မှ ဝင်တိုက်မိရာ ၁၄ ပေ ဒိုင်နာယာဉ်မှာ ရှေ့ခန်းပျက်စီးသွားပြီး ယာဉ်မောင်းသူကိုရဲဆွေ (၃၀နှစ်)မှာ သေဆုံးသွားကြောင်း၊ ယာဉ်နောက်လိုက်မှာ ဒဏ်ရာအနည်းငယ်သာ ရရှိသွားကြောင်း ယင်းနေရာသို့ ဖြတ်သန်းသွားသော ရန်ကုန်-ပုသိမ်ကုန်ကား ယာဉ်မောင်းတစ်ဦးက ဆိုသည်။

အဆိုပါယာဉ်ကြီးမှာ မန္တလေး-မကွေး-မင်းဘူး-ရန်ကုန်-မြောင်းမြ-ပုသိမ်-ထားဝယ်ခရီးစဉ် ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်ဖြစ်ပြီး ဖြစ်ပွားသည့်နေ့တွင် ယာဉ်စက်ချွတ်ယွင်း၍ လမ်းဘေးတွင် ရပ်ထားခြင်းဖြစ်သည်ဟု သိရသည်။

ဇွန် ၁၀ ရက် နံနက် ၁၁ နာရီဝန်းကျင်တွင်လည်း ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ပိတောက်လမ်းသွယ်အတိုင်း မောင်းနှင်လာသော ယာဉ်မောင်း ကိုမောင်ထွေး (၃၅နှစ်)၏ ၁၄ ဘီးကုန်ကားအဖြူရောင် ၆ဂ/. . . . နောက်ပိုင်းသို့ ကုံကော်လမ်းမထိပ် မရောက်မီ မျက်နှာချင်းဆိုင်မှ လမ်းကြောင်းပြောင်းပြန်စီးနင်းလာသော စက်ဘီးတစ်စီးက ဝင်တိုက်မိရာ စက်ဘီးစီးသူ မောင်မင်း (၃၅နှစ်) သည် ညာဘက်ပေါင်ရင်းနှင့် ဘယ်ဘက်နားရွက်တို့တွင် ဒဏ်ရာရရှိပြီး စက်ဘီးမှာ ပျက်စီးသွားကြောင်းနှင့် သက်ဆိုင်ရာ အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်းတွင် ကာယကံရှင်များ ညှိနှိုင်းပြေလည်မှု ရရှိသွားကြောင်း သိရသည်။

အထူးလိုအပ်

မေလအတွင်း ရန်ကုန်-ပုသိမ် ကားလမ်းမ၏ မအူပင်လမ်းဆုံအနီး ငါးကန်များအနီးတွင် ပုသိမ်မှ ကုန်တင်ဆောင်လာသော ၁၄ ပေ ကုန်ကားတစ်စီး ယာဉ်တိုက်မှုဖြစ်ပွားပြီး ယာဉ်မောင်းသေဆုံးခဲ့သည်။

ယခုအခါ မိုးရာသီရောက်ရှိလာပြီဖြစ်၍ ဘုရင့်နောင်ပွဲရုံဝင်းတွင် ယာဉ်စည်းကမ်းလိုက်နာရန် ယာဉ်မောင်းများသာမက ခြေကျင်နှင့် အနေးယာဉ်သမားများပါ စည်းကမ်းလိုက်နာမှုရှိရန် အထူးလိုအပ်နေကြောင်း ကားဂိတ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ခင်ဆိုင်

မင်းကင်း၌ မိုးသည်းထန်စွာ ရွာသွန်း ချောင်းရေကြီးမှုကြောင့် လူနေအိမ်များ ဖျက်သိမ်း

နေပြည်တော် ဇွန် ၁၂

ဇွန် ၈ ရက် နံနက် ၇ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် သံပေါက်ချောင်းဖျားတွင် မိုးသည်းထန်စွာရွာသွန်းပြီး နံနက် ၁၀ နာရီက သံပေါက်ချောင်းရေ တက်လာသဖြင့် ချောင်းကမ်းပါးတစ်လျှောက်တွင် နေထိုင်လျက်ရှိသော သွပ်မိုး/ပျဉ်ကာနေအိမ် သုံးလုံး၊ သွပ်မိုး/ကပ်ကာနေအိမ် ၁၆ လုံးနှင့် ကပ်မိုး/ကပ်ကာနေအိမ် ၁၄ လုံး စုစုပေါင်းနေအိမ် ၃၃ လုံးတို့ကို ဖျက်သိမ်း၍ အိမ်ထောင်စု ၃၄ စုမှ လူဦးရေ အမျိုးသား ၈၇ ဦး၊ အမျိုးသမီး ၇၉ ဦး စုစုပေါင်း ၁၆၆ ဦးတို့မှာ သံပေါက်ကျေးရွာရှိ ဓမ္မဝိဟာရဘုန်းတော်ကြီးကျောင်းအတွင်းသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါ ချောင်းရေကြီးမှုကြောင့် လယ်မြေဧက ၂၀ ခန့်မှာ သဲဖုံးပြီး ဧက ၂၀ ခန့် ကမ်းပါးပြိုကျပျက်စီးခဲ့ကြောင်းနှင့် မော်လိုက်နယ်မြေ ရဲစခန်းမှတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

ယာဉ်ပေါ်ပါမေ့ကျန်ပစ္စည်း ပြန်လည်အပ်နှံ ယာဉ်အဖွဲ့အား ဂုဏ်ပြု

ရန်ကုန် ဇွန် ၁၂

ဗန္ဓုလ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက် ရွှေမန်းသူအဝေးပြေး ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းမှ ယာဉ်ပေါ်ပါမေ့ကျန်ပစ္စည်း ရိုးသားစွာ ပြန်လည်အပ်နှံသည့် ယာဉ်အဖွဲ့အား ဂုဏ်ပြုပွဲနှင့် ဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းရှိ ရွှေမန်းသူအဝေးပြေး ခရီးသည်ပို့ဆောင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ဆွေးနွေးပွဲတွင် ဦးဌေးဝင်း (ယာဉ်ကြီးကြပ်)က "ခရီးသွားဝန်ဆောင်မှုနှင့် ခရီးသွားအာမခံလုပ်ငန်း" ဖြင့်လည်းကောင်း၊ ဦးကျော်သူရ (ကွန်ပျူတာ အငယ်တန်း)က "ဘယ်လို ဘယ်စခန်း နေပြည်တော်အမြန်လမ်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးကျော်တင့် (အငယ်တန်းစာရေး)က"ကိုယ်စီတာဝန်များကို လေးစားလိုက်နာပါ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ထမ်းများ၏ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး ပါဝင်ဆွေးနွေးသူ သုံးဦးအားလည်းကောင်း၊ အမြတ်အများဆုံးရှာဖွေပေးနိုင်သည့် ယာဉ်အဖွဲ့သုံးဖွဲ့အား လည်းကောင်း၊ လမ်းရှာငွေအများဆုံးပေးသွင်းသည့် ယာဉ်ကြီးကြပ် သုံးဦးအားလည်းကောင်း၊ ယာဉ်ပေါ်ကျန်ရှိ ငွေနှင့်အဖိုးတန်ပစ္စည်းများအား ရိုးသားစွာ ပြန်လည်အပ်နှံသည့် ယာဉ်အဖွဲ့အား လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်မောင်ဦး(အလုံ)

သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဦးရဲလွင် မန်နေဂျင်းဒါရိုက်တာ ရွှေလွင်လွင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက် (တိုက်-စီ၊ အခန်း-၁၀၁၊ ဒယ်လ်တာပလာဇာ၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေး ကြေညာလိုက်ပါသည်။

(၁) ကိုကျော်ဇင်ဝင်း (ဘ) ဦးလှကြည် ၁၄/မအပ(နိုင်)၂၈၉၂၈၀၊ (၂) ကိုအောင်မျိုးလင်း (ဘ)ဦးရွှေမြင့် ၁၂/ကတန(နိုင်)၁၁၂၀၉၉၊ (၃) မငုကေခိုင် (ဘ) ဦးဝင်းဇော်ဦး ၁၂/ဒဂမ(နိုင်)၀၁၃၇၆၇၊ (၄) မဖြူနှင်းအိ (ဘ)ဦးလှမြင့် ၁၂/မဂဒ(နိုင်)၁၂၄၂၀၈၊ (၅) ကိုမျိုးချစ် (ဘ)ဦးသိန်း ၁၀/သဖရ (နိုင်)၁၃၁၈၆၇၊ (၆)ကိုထွန်းမင်းမင်း(ဘ)ဦးမောင်ချို ၇/ပခန(နိုင်)၃၀၉၃၅၈တို့သည် ရန်ကုန်မြို့၊ ရွှေလွင်လွင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်နှင့်ဆက်သွယ်ပြီး ဂျပန်နိုင်ငံသို့ အထွေထွေလုပ်သားများအဖြစ်သွားရောက်လုပ်ကိုင်နေရာမှ စာချုပ်ပါအတိုင်း လုပ်ငန်းတာဝန်ထမ်းဆောင်နေဆဲကာလအတွင်း လုပ်ငန်းခွင်အားအကြောင်းမဲ့စွန့်ခွာထွက်ပြေးတိမ်းရှောင်သွားကြပါသည်။

၎င်းတို့အတွက် စာချုပ်ပါစည်းကမ်းချိုးဖောက်ခဲ့ပါလျှင် ရွှေလွင်လွင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်သို့ ကျပ်သိန်း ၂၀၀ထိပေးလျော်ပါမည်ဟု အောက်ပါပုဂ္ဂိုလ်များက အသီးသီးဝန်ခံကတိစာချုပ်ပြုလုပ်ပြီးမှ အထက်ဖော်ပြပါထွက်ပြေးတိမ်းရှောင်သွားသူများကို ဂျပန်နိုင်ငံသို့စေလွှတ်၍ အလုပ်လုပ်ကိုင်စေခြင်းဖြစ်ရာ၊ ထွက်ပြေးတိမ်းရှောင်သွားသူများအတွက် အာမခံသူများဖြစ်ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မိမိတို့တာဝန်ယူထားသော အာမခံကြေးများအား ရွှေလွင်လွင်ဝန်ဆောင်မှုကုမ္ပဏီသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ပေးလျော်ရန် အများသိစေရန်ကြေညာလိုက်ပါသည်။

ထွက်ပြေးတိမ်းရှောင်သွားသူ	အာမခံသူ	ပေးလျော်ရန်ငွေ
၁။ ကိုကျော်ဇင်ဝင်း	၁။ ဦးဝင်းမြင့် ၁၄/မအပ(နိုင်)၀၂၃၅၀၃ အမှတ် ၂၁၊ ခိုင်မဍ္ဍုလမ်း၊ (၆)ရပ်ကွက်၊ မအူပင်မြို့။ ၂။ ဒေါ်ဖြူဖြူဝင်း ၁၄/မအပ(နိုင်)၂၃၅၇၇၄ အမှတ် ၅၁၊ ဦးဖိုးကျားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။	ကျပ်သိန်း ၂၀၀
၂။ ကိုအောင်မျိုးလင်း	၁။ ဦးမျိုးဝင်း ၁၂/ကတန(နိုင်)၀၃၇၆၃၂ အမှတ် ၇၂၂၊ ကမ္ဘာ့ဌာန်းလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၂။ ဦးရွှေမြင့် ၁၂/ကတန(နိုင်)၀၄၃၅၉၉ နရွဲချောင်ကျေးရွာ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၃။ ဦးမောင်အေး ၁၂/ကတန(နိုင်)၀၄၃၂၆၈ နရွဲချောင်ကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	ကျပ်သိန်း ၂၀၀
၃။ မငုကေခိုင်	၁။ ဒေါ်သက်သက်ထွန်း ၁၄/မအပ(နိုင်)၀၀၈၅၃၀ တိုက် ၂၂၊ အခန်း ၂၄၊ မလိခအိမ်ရာ၊ သဃ်န်းကျွန်း၊ ရန်ကုန်။ ၂။ ဒေါ်ဆုမြတ်မွန် ၁၂/ဒဂမ(နိုင်)၀၁၂၃၈၅ တိုက် ၂၂၊ အခန်း ၂၄၊ မလိခအိမ်ရာ၊ သဃ်န်းကျွန်း၊ ရန်ကုန်တိုင်းဒေသကြီး။	ကျပ်သိန်း ၂၀၀
၄။ မဖြူနှင်းအိ	၁။ ဦးလှမြင့် ၁၂/မဂဒ(နိုင်)၁၂၄၂၀၈ အမှတ် (၃/၁၃၆)၊ ပေါက်ကုန်းအပိုင်း(၃)၊ ဂျိုးဖြူလမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၂။ မကြည်ကြည်မြင့် ၁၂/မဂဒ(နိုင်)၁၂၄၂၀၆ အမှတ် (၃/၁၃၆)၊ ပေါက်ကုန်းအပိုင်း(၃)၊ ဂျိုးဖြူလမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	ကျပ်သိန်း ၂၀၀
၅။ ကိုမျိုးချစ်	၁။ ဦးသိန်း ၁၀/သဖရ(နိုင်)၀၂၆၁၅၂ ပ/င ကျေးရွာ၊ လယ်ရွာပိုင်၊ သံဖြူဇရပ်မြို့။ ၂။ ဦးထွန်းသိန်း ၇/ပခန(နိုင်)၀၃၉၄၂၅ အမှတ် (၆၃၄)၊ မွန်စံပြ(၅)လမ်း၊ ဟသ်ာကုန်း(၁၉)ရပ်ကွက်၊ ပဲခူးမြို့။	ကျပ်သိန်း ၂၀၀
၆။ ကိုထွန်းမင်းမင်း	၁။ ဦးမောင်ချို အမှတ် (၆၇)၊ ဇိုင်း/မြောက် (၄)လမ်း၊ ပဲခူးမြို့၊ ၂။ ဒေါ်သူဇာအောင် ၇/ပခန(နိုင်)၃၀၉၇၁၉ အမှတ် (၆၇)၊ ဇိုင်း/မြောက်(၄)လမ်း၊ ပဲခူးမြို့။	ကျပ်သိန်း ၂၀၀

ဤကြေညာချက်ပါသည့်ရက်တွင် အာမခံသူများက ရွှေလွင်လွင်ဝန်ဆောင်မှုကုမ္ပဏီရုံးသို့ လာရောက်ပေးလျော်ရန် ပျက်ကွက်ပါက တရားဥပဒေအရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ရင် B.A (Law)., LL.B တရားလွှတ်တော်ရှေ့နေ
သင်-၁၉၀၂ (၁၉၈၀) ၁၀/၁၂၊ ၃၅ လမ်း(အောက်)၊ အခန်း၁၀၃(A/B)(ပထမထပ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၉-၈၆၁၁၂၉၀၊ ၀၉-၇၃၁၀၀၅၈၅

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဇာနည်ဦး ၁၂/ကမရ (နိုင်)၀၄၉၄၁၄၏ 2H -2578 ကား စာရွက်စာတမ်းများ ကညနရုံးတွင်ထပ်ထားစဉ် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

ဖုန်း-၅၅၀၂၇၀၀

ဓမ္မမျက်လှည့်ပြပွဲမှတ်တမ်းအား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း(NRC)မှတစ်ဆင့် တစ်ကမ္ဘာလုံးဆိုင်ရာ ဇဝံဂေလိဝေဠုရာနေ့ (ဂျီအိုဒီ)ဖြစ်သည့် ၁၄-၆-၂၀၁၄ ရက် (စနေနေ့) နံနက် ၁၁း၀၀နာရီမှ မွန်းလွဲ ၁း၀၀နာရီတွင် နှစ်ပိုင်းခွဲ၍ပြသမည်ဖြစ်ပါသဖြင့် ဓမ္မမိတ်ဆွေများအားလုံး ကြည့်ရှုအားပေးနိုင်ရန် အသိပေးအပ်ပါသည်။

(တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း NRC ကို 5-Movies Digital Channel နှင့် 4 HD Receiver Set a Box မှ တစ်ဆင့် ကြည့်ရှုနိုင်ပါသည်။)

၁၀-၆-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာပါ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-အီး)၊ လူနေရပ်ကွက်အမှတ်(၄-၁၁)၊ အမှတ်(၁၂၇) တည်ရှိရာမြေအား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်နှင့်ပတ်သက်၍ ကန့်ကွက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၁၂ လမ်း၊ အမှတ် ၄၀ နေ ကျွန်ုပ်တို့၏မိတ်ဆွေ ချန်အလျှောင်(ခ)ဦးမြင့်ဦး ၁၂/လမတ (နိုင်)၀၂၉၀၄၇ မှ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-အီး)၊ မြေကွက်အမှတ် ၅၈၊ ဧရိယာအကျယ်အဝန်း ၀ ဒသမ ၀၂၉ ဧကရှိ နှစ် ၉၀ ဂရန်မြေအား ၁၀-၉-၂၀၀၁ ရက်က ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၂၆၃၆/၀၁)ဖြင့် ထိုစဉ်က အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းဝင်း ၁၂/အလန(နိုင်)၀၂၅၂၃၉ထံမှ ဝယ်ယူလက်ဝယ်ထားရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် မိမိ၏အမည်သို့ ၁၆-၁-၂၀၀၂ ရက်ကပင် ပြောင်းလဲပြီး စဉ်ဆက်မပြတ်ပိုင်ဆိုင် လက်ဝယ်ထားရှိခဲ့ပါသည်။

၁၀-၆-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာပါ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိထားသည့်မြေ၏ မြေကွက်အမှတ်မှလွဲ၍ ကျန်အချက်အလက်များတူညီသည့်မြေကွက်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း၊ ကြေညာထားချက်အား ကန့်ကွက်ကြောင်း ကျွန်ုပ်တို့မိတ်ဆွေ၏ လက်ဝယ်တွင်ခိုင်လုံသည့် မှတ်ပုံတင်စာချုပ်စာတမ်းအဆင့်ဆင့် နှစ် ၉၀ ဂရန်မူရင်းတို့ လက်ဝယ်ထားရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

(ဒေါ်မေမေလွင်) (ဒေါ်မေဝိုင်း) (ဒေါ်မိုးမိုးအေး)
တရားလွှတ်တော်ရှေ့နေများ

(ဒေါ်စုလှိုင်ထွေး)
အထက်တန်းရှေ့နေ

အမှတ် ၅၆၃၊ အခန်းအမှတ် ၂၀၃၊ MAC Tower
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၅၃၄၁၄၊ ၀၉-၄၃၀၉၆၅၀၈

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

ကမ္ဘာ့ဖလားကန့်လန့်ကာအဖွင့်မှာဖြင့်

အာကာကျော်

၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပွဲကို ကြာသပတေးနေ့မှာ စတင်ကာ အိမ်ရှင်ဘရာဇီးက ခရိုအေးရှားအသင်းနဲ့ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ပါတယ်။ တစ်လကြာ ယှဉ်ပြိုင်မယ့် နိုင်ငံပေါင်း ၃၂ နိုင်ငံက ဘောလုံးအသင်းတွေဟာ ဇူလိုင် ၁၃ ရက်မှာ ရီယိုဒီဂျနေးရိုးမြို့မှာ ကျင်းပမယ့် ဗိုလ်လုပွဲတက်လှမ်းနိုင်ဖို့ အကြိတ်အနယ်ယှဉ်ပြိုင်သွားကြမှာဖြစ်ပါတယ်။ ဖွင့်ပွဲအခမ်းအနားကိုတော့ သဘာဝအလှအပ၊ ပြည်သူနဲ့ ဘောလုံးကစားခြင်းကို ထင်ဟပ်စေတဲ့ ဆော်ပေါလိုမြို့မှာ ကျင်းပတာဖြစ်ပါတယ်။ "ကမ္ဘာ့ဖလားမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ ဒီဖလားက ကျွန်တော်တို့ရဲ့ ဖလားပါ"လို့ ဘရာဇီးနည်းပြစကိုလာရီက ပြောပါတယ်။

ကမ္ဘာ့ဖလားမှာ ဆန္ဒပြနှောင့်ယှက်မှုတွေ မပြုနိုင်အောင်လည်း တပ်ဖွဲ့ဝင်တွေ ဖြန့်ကြက်ချထားပါတယ်။ အင်္ဂလန်အသင်းကတော့ အဖွင့်ပွဲအဖြစ် ဇွန် ၁၄ ရက်မှာ

အီတလီနဲ့ကစားရမှာဖြစ်ပါတယ်။ ရွိုင်းဟော့ဆင်ရဲ့အင်္ဂလန်အသင်းဟာ အုပ်စု D မှာ ဥရုဂွေး၊ ကော်စတာရီကာတို့နဲ့ ကစားရမှာ ဖြစ်ပါတယ်။ ဘရာဇီးအသင်းကတော့ ကမ္ဘာ့ဖလားကို ခြောက်ကြိမ်မြောက် ဆွတ်ခူးဖို့ ရေပန်းစားနေပါတယ်။ လက်ရှိချန်ပီယံ စပိန်ကလည်း လွန်ခဲ့တဲ့နှစ်နှစ်က ယူရိုချန်ပီယံဖြစ်ခဲ့ပြီးတဲ့နောက် ဒုတိယကြိမ်ဖလားဆွတ်ခူးရန် မျှော်မှန်းထားတယ်လို့ ဆိုပါတယ်။ အခြားသော အသင်းတွေဖြစ်တဲ့ ကိုလံဘီယာ၊ ဥရုဂွေး၊ ဆွစ်ဇာလန်၊ အာဂျင်တီးနား၊ ဂျာမနီနှင့် ဘယ်လ် ဂျီယံတို့ကလည်း ကမ္ဘာ့ဖလားကိုရဖို့ မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ အိမ်ရှင် နိုင်ငံအနေနဲ့ကတော့ ယခင်ဖွင့်ပွဲပြိုင်ပွဲ ၂၀ မှာ မည့်သည်အခါမျှ ရှုံးလေ့မရှိပါဘူး။ ဒီဖွင့်ပွဲမှာ ပရိသတ်ပေါင်း ၆၅၀၀၀ တက်ရောက်မယ်လို့ မျှော်လင့်ထားပါတယ်။

ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များ

သီဟ

ကမ္ဘာ့ဖလား အုပ်စု (က) ပွဲစဉ်			**ဇွန်၁၃**
မက္ကဆီကို	-	ကင်မရွန်း	ည ၁၀:၃၀
ကမ္ဘာ့ဖလား အုပ်စု (ခ) ပွဲစဉ်			**ဇွန်၁၄**
စပိန်	-	နယ်သာလန်	နံနက် ၁:၃၀

မက္ကဆီကို Vs ကင်မရွန်း

အုပ်စု(က) ဒုတိယပွဲစဉ်ကို Arena das Dunas ကွင်းတွင်ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး မက္ကဆီကိုအသင်းက ကမ္ဘာ့အဆင့်၁၉မှာ ရပ်တည်နေပြီး ၂၀၁၄ နိုင်ငံတကာခြေစမ်းပွဲ ခုနစ်ပွဲတွင် သုံးပွဲနိုင်၊ နှစ်ပွဲရှုံး၊ နှစ်ပွဲသရေကျထားပါတယ်။ ကင်မရွန်းအသင်းက ကမ္ဘာ့အဆင့်၅၀မှာ ရပ်တည်နေပြီး ၂၀၁၄ နိုင်ငံတကာခြေစမ်းပွဲ ငါးပွဲတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေ ရထားပါတယ်။ ဒီပွဲမှာ လက်ရှိခြေစွမ်းကလည်း ခြေရည်တူလို့သတ်မှတ်နိုင်ပြီး အာရှအကြိုက်ကလည်း ကင်မရွန်းကိုအသားပေးထားပါတယ်။ တိုက်စစ်ပိုင်းတွင် မက္ကဆီကိုရဲ့ ဟာနန်ဒက်စ်နဲ့ဆန်းတို့စ်တို့အတွဲက ကင်မရွန်းရဲ့ အီတူးနဲ့ချူပိုမိုတင်းတို့အတွဲထက် ပိုစွမ်းဆောင်နိုင်မှာဖြစ်လို့ မက္ကဆီကို အသင်းကို အားပေးတာ အသင့်တော်ဆုံးပါပဲ။

စပိန် Vs နယ်သာလန်

အုပ်စု(ခ) ပထမပွဲစဉ်ကို Arena Fonte Nova ကွင်းတွင်ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး စပိန်အသင်းက လက်ရှိချန်ပီယံဟောင်း ကမ္ဘာ့အဆင့်၁နေရာတွင်ယူထားပြီး ၂၀၁၄ နိုင်ငံတကာခြေစမ်းပွဲ ငါးပွဲတွင် လေးပွဲနိုင် တစ်ပွဲရှုံးထားပါတယ်။ နယ်သာလန်အသင်းက ကမ္ဘာ့အဆင့်၁၅မှာ ရပ်တည်နေပြီး ၂၀၁၄ နိုင်ငံတကာခြေစမ်းပွဲ ခြောက်ပွဲတွင် နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ အာရှအကြိုက်က နယ်သာလန်ကို သရေလောက်မျှော်မှန်းထားပြီး တိုက်စစ်ပိုင်းက မတိမ်းမယိမ်း ဖြစ်ပေမယ့် အလယ်တန်းအားသာချက်နဲ့ စပိန်ကို အားပေးတာ အသင့်တော်ဆုံးပါပဲ။

ကမ္ဘာ့ဖလားယူမည်ဟု နေမာပြောဆို

တိုက်စစ်မှူး နေမာက မိမိမြေပေါ်တွင် ဘရာဇီးအသင်းကို ခြောက်ကြိမ်မြောက် ကမ္ဘာ့ဖလားဆွတ်ခူးပေးရန် မျှော်လင့်ကြောင်း ပြောကြားလိုက်သည်။ "ကျွန်တော်အကောင်းဆုံး ဘောလုံးသမားဆုကို မလိုချင်ပါဘူး။ ကျွန်တော်လိုချင်တာက ဖလားဗျ။ အခုကစားမယ့် ကမ္ဘာ့ဖလားဗျ"ဟု အသက် ၂၂ နှစ်ရှိ နေမာက ဆော်ပေါလိုမြို့ဘောလုံးကွင်း၌ ပြောကြားသည်။ ကျွန်တော်တို့ အသင်းက ချန်ပီယံပဲဖြစ်ချင်ပါတယ်။ အားပေးတဲ့ပရိသတ်ကလည်း အများကြီးပဲ။ "ဒီတော့ ကျွန်တော်တို့ ဖလားရမှုဖြစ်မယ်"ဟု သူက ဆက်လက်ပြောကြားသည်။ ကမ္ဘာ့ဖလားဆွတ်ခူးပေးနိုင်ခဲ့သည့် ရိုမာရီယိုနှင့် ရော်နယ်ဒိုတို့လို ဖြစ်ချင်ကြောင်း ၎င်းကပြောသည်။

ကမ္ဘာ့ဖလား ခန့်မှန်းပေးမည့်လိပ်

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများတွင် သတ္တဝါများကို အသုံးပြုပြီး ကမ္ဘာ့ဖလားအနိုင်အရှုံးခန့်မှန်းမှုများ ပြုလုပ်ခဲ့ရာ အဖြေမှန်များ ဟောကိန်းထုတ်နိုင်ခြင်းကြောင့် ဘောလုံးပရိသတ်များအကြား ယုံကြည်မှုတိုးပွားခဲ့သည်။ လွန်ခဲ့သော လေးနှစ်က ဂျာမနီပြည်သူများက ရေဘဝဲပေါလ်ကို အသုံးပြုခဲ့ရာ ရလဒ်များ အားလုံးနီးပါးမှန်ကန်ခဲ့သည်ဟု ဆိုသည်။ ယခုနှစ်တွင် အိမ်ရှင်ဘရာဇီးက ပင်လယ်လိပ်ကို အသုံးပြုရန် ရွေးချယ်ထားသည်။ ဖွင့်ပွဲတွင် အိမ်ရှင်အနိုင်ရမည်ဖြစ်ကြောင်း ၎င်းက ခန့်မှန်းထားသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဌာနဆိုင်ရာ

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

ယမန်နေ့မှအဆက်

၂၃။ **ကျောက်တော်-မြောက်ဦး-မင်းပြားမြို့အဝင်လမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျောက်တော်-မြောက်ဦး-မင်းပြားလမ်း မိုင် ၄၇/၄ ရှိ တံတားအမှတ်၂/၄၈(၄၅×၂၈)ပေ တံတားကို ရန်ပုံငွေ ၁၁၂ ဒသမ ၅ သန်း၊ မိုင် ၄၇/၇ ရှိ တံတားအမှတ် ၃/၄၈(၂၅×၂၈)ပေ တံတားကို ရန်ပုံငွေ သန်း ၇၀ ဖြင့် Spun Pipe Foundation သံကူကွန်ကရစ်တံတားများတည်ဆောက်ခြင်း၊ မိုင် ၄၈/၀ရှိ တံတားအမှတ် ၄၇/၇ ရှိတံတားအမှတ် ၄/၄၈ (၁၀×၂၈)ပေ တံတားကို ရန်ပုံငွေ ၁၂ သန်းဖြင့် ကျောက်စီကမ်းကပ်ခုံသံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ မိုင် ၄၄/၀-၄၆/၀ ကြား နှစ်မိုင်ကို ရန်ပုံငွေ သန်း ၄၀ ဖြင့် မူလလမ်းမျက်နှာပြင် အကျယ် ၁၈ ပေ မှ ၃၄ ပေ အကျယ် ပျမ်းမျှ သုံးပေအမြင့် ရရှိအောင် မြေသားတာပေါင်တူးခြင်း၊ မိုင် ၄၅/၇ ရှိတံတားအမှတ် ၂/၄၆ ချဉ်းကပ်လမ်းကို ရန်ပုံငွေ ၁၀၈ ဒသမ ၆ သန်း ဖြင့် တစ်ဖက် တစ်ဖာလုံစီ စုစုပေါင်း နှစ်ဖာလုံကို ၃၄ ပေ အကျယ် ပျမ်းမျှ သုံးပေအမြင့် မြေသားတာပေါင်တင်ခြင်းလုပ်ငန်း၊၎င်းချဉ်းကပ်လမ်း နှစ်ဖာလုံးကို ရန်ပုံငွေ ၆၇ ဒသမ ၅ သန်းဖြင့် (၂×၄)လက်မ ခွဲကျောက် အခြေခံလွှာရှစ်လက်မထု၊ ဒု-အခြေခံလွှာခြောက်လက်မထု၊ တစ်လက်မ-နှစ်လက်မ လေးမြို့နယ်ခွဲကျောက် သုံးလက်မထု ခင်းကြိတ်ပြီး ကတ္တရာရေပိတ်လွှာ နှစ်ထပ်လောင်းခြင်းလုပ်ငန်း၊ ၎င်းချဉ်းကပ် လမ်းနှစ်ဖက်ကို ရန်ပုံငွေ ၂၂၄ သန်းဖြင့် ဒီရေအတက်အကျနှင့် ရေတိုက်စားမှုမှကာကွယ်ရန် တစ်ဖက် ပေ ၂၀၀ လေးဖက်နှင့် ကမ်းကပ်ခုံအောက်ခြေပတ်လည် ပေ ၁၆၀ နှစ်ဖက် စုစုပေါင်း ပေ ၁၁၂၀ ရေတားမြေထိန်းနံရံနှင့် မြေကာကွန်ကရစ်ဘလောက်တုံးများ စီကပ်ပေးခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အသီးသီးဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်း ဖြေကြားအပ်ပါသည်။

၂၄။ **ပေါက်တော-မင်းပြားလမ်းကို ကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** မင်းပြားမြို့နယ် ပေါက်တော-မင်းပြားလမ်း အဆင့်မြှင့်တင်ရန်ကိစ္စ စွန်ရဲ၊ ဆင်ခုံတိုင် တံတားနှစ်စင်း ဆောက်လုပ်လျက်ရှိပါသည်။ ဆင်ခုံတိုင်တံတားကို ဆောင်ရွက်ပြီးဖြစ်ရာ စွန်ရဲတံတားကို ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်လျက်ရှိရာ ယခုလကုန်တွင် ပြီးစီးမည်ဖြစ်ပါသည်။ ပေါက်တော-မင်းပြားလမ်းသည် ပထမဦးစားပေးအနေနှင့် မင်းပြားမှ ပေါက်တောသို့သွားလာရမည့်လမ်းဖြစ်၍ ဒုတိယဦးစားပေးအနေနှင့် ၎င်းလမ်းပေါ်ရှိ သစ်သားတံတားများကို ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ရန်ရှိပါသည်။ လမ်းတာပေါင်ကျဉ်းသောနေရာများကို ချဲ့ခြင်းလုပ်ငန်းများလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လက်ရှိအနေအထားမှာ မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ယခုလက်ရှိမှ ကျောက်လမ်းအဖြစ် ဆောင်ရွက်မည်ဖြစ်၍ ကတ္တရာလမ်းဆောင်ရွက်မည့်အစီအစဉ်မှ ကျောက်လမ်းပြီးမှ နောက်ဆုံးအစီအစဉ်ဖြစ်သည့် ကတ္တရာလုပ်ငန်းများကို နောင်လာမည့် ဘဏ္ဍာရေးနှစ်တွင် တစ်လမ်းလုံး ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရန် စီမံချက်များရေးဆွဲပြီးမှ ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၂၅။ **မြေပုံ-မင်းပြားလမ်းကို ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** မြေပုံ-မင်းပြားလမ်းသည် မြောက်ဦးခရိုင်တွင်ပါရှိပြီး မိုင် ၂၄ မိုင် ၇ ဖာလုံ ပါရှိသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အမာခံလမ်းအဆင့် ၂၂ မိုင် ၇ ဖာလုံရှိပြီး မိုးတွင်းကာလ သွားလာရေးခက်ခဲသောကြောင့် ကျောက်လမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လမ်းသားကျဉ်းနေသော အပိုင်းအား သုံးမိုင် လေးဖာလုံကို လမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ပေးခဲ့သည်။ အမာခံလမ်းခြောက်မိုင်ကို ကျောက်လမ်းအဆင့်သို့ တိုးမြှင့်တည်ဆောက်ပေးခဲ့သည်။ RC တံတားအနေနှင့် ရှစ်စင်း တည်ဆောက်ပေးခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြေသားတာပေါင်ကျဉ်းနေသည့်အပိုင်းကို လမ်းချဲ့ပေးခြင်း ခုနစ်မိုင်နှင့် ကျောက်လမ်း ၁၁ မိုင် ၆ ဖာလုံ ဆောင်ရွက်ရန် လျာထားလျက်ရှိသည်။ ငါးပေနှင့် ၁၀ ပေ ကွန်ကရစ်တံတားရှစ်စင်း ဆောင်ရွက်ရန်စီမံထားရှိပါသည်။ အထူးသဖြင့် တံတားအရှည်ကြံ့ခိုင်မှုအားနည်းနေသော ချော်ချောင်း ပေ ၉၀၊ ဖလောင်းပြင် တံတား ၉၅ ပေတို့ကို RC တံတားအဖြစ် ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လမ်း၏ အခြေခံဖြစ်သည့် ကျောက်လမ်းကို စနစ်တကျသွားပြီး ခံနိုင်အားနည်းသော သစ်သားတံတားများကို RC တံတားအဖြစ် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့်ဘဏ္ဍာနှစ်မှစ၍ မြေပုံ-မင်းပြားလမ်းကို ကတ္တရာလမ်းအဆင့်မြှင့်တင်ရန် ရန်ပုံငွေ တင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂၆။ **ငပင်လယ်သဘော်ဆိပ် ဆိပ်ခံတံတား (RC)တည်ဆောက်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ဆိပ်ခံတံတားတစ်စင်းအတွက် သန်း ၃၅၀ လျာထားလျက် ရှိပါသည်။ မြေပုံမြို့နယ်မှ တံတားတစ်စင်းရရှိမည်ဖြစ်သည့်အတွက် မြေပုံမြို့နယ်၏ အစီအမံအရ မုပ္ပလင်သဘော်ဆိပ်ခံတံတားအဖြစ် ဆောက်လုပ်မည်ဆိုလည်းရပါသည်။ မြေပုံမြို့နယ်အဖွဲ့အစည်းတွေအားလုံး၏ တင်ပြချက်အပေါ်မှ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂၇။ **မင်းပြား-မြေပုံလမ်းရှိ သစ်သားတံတားများကို RC (သို့မဟုတ်) ဘေလီတံတားအဖြစ် ဆောင်ရွက်ပေးရန် ၃၄ ပေ အကျယ် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် ကြပ်စင်မြစ်ကူးတံတားကို အချိန်တိုအတွင်း ငွေအလုံးအရင်းဖြင့်တည်ဆောက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** မြေပုံ-မင်းပြားလမ်းသည် ၂၄ မိုင် ၇ ဖာလုံရှိပြီး ကတ္တရာလမ်း သုံးဖာလုံ၊ ကျောက်လမ်းလေးမိုင် ခုနစ်ဖာလုံမှ ကျောက်ချောလမ်းကို ဦးစားဆောင်ရွက်သွားမည်ဖြစ်ပြီး တံတားများကို RC တံတားများအဖြစ် ပြောင်းရန်နှင့် ကြပ်စင်မြစ်ကူးတံတားကို နှစ်အလိုက် ရန်ပုံငွေတင်ပြပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂၈။ **မြေပုံ-ကံသာ-ကပိုင်လမ်းကို ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း သန်း ၅၀၀ ခွင့်ပြုခဲ့ပြီး ၂၀၁၄-၂၀၁၅ တွင် သန်း ၃၅၀ သာ ခွင့်ပြုခဲ့သောကြောင့် တစ်ကြောင်းထိုးမြေသားလမ်းအဖြစ်သာရှိနေပြီး တံတားများမတည်ဆောက်နိုင်သေးပါ။ ၎င်းလမ်းကို မြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ဘတ်ဂျက်ငွေကို အင်နှင့်အားနှင့်သုံးစွဲပြီး မည်သည့်ခုနှစ်တွင် အပြီးတည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းချက်များနှင့်ပတ်သက်၍** မြေပုံ-ကံသာ- ကပိုင်လမ်းကို ယခင်လွန်ခဲ့သော လေးနှစ်ခန့်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ မြေပုံသည် ပင်လယ်ထွက်ကုန် အများဆုံးထွက်သည့်နေရာတစ်ခုလည်းဖြစ်ပါသည်။ ကုန်ပစ္စည်းများ တင်ပို့ရာတွင် မင်းပြားမှတစ်ဆင့် ရန်ကုန်ပို့ဆောင်ရသည့်အတွက် ၎င်းလမ်းကို ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းလမ်းဖောက်လုပ်ရာတွင် ကျောက်နွားမြစ် ပေ ၁၈၀၀ ပါဝင်နေသောကြောင့် အခက်အခဲရှိနေပါသဖြင့် မြေသားလမ်းပုံဖော်ပြီး ကျောက်ကြမ်းလမ်း၊ ကျောက်ချောလမ်းစသည်ဖြင့် အဆင့်ဆင့်ဆောင်ရွက်ရပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြေပုံ-ကံသာ-ကပိုင်လမ်း၊ မြေပုံ-မင်းပြားလမ်း နှစ်လမ်းလုံးကို နှစ်အလိုက် မူလရန်ပုံငွေထည့်သွင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မူကြိုရင်သွေးငယ်များ ဘက်စုံဖွံ့ဖြိုးရေး ဝိုင်းဖွဲ့ဆွေးနွေး

ရန်ကုန် ဇွန် ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မူလတန်းကြိုကျောင်းများတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာဟောပြောပွဲနှင့် မူကြိုရင်သွေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ မိဘများနှင့် အသိပညာပေးဝိုင်းဖွဲ့ဆွေးနွေးခြင်းများကို ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီက ဗဟန်းမြို့နယ် ကမ္ဘောဇရိပ်သာလမ်းရှိ အမှတ် (၁) မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန အသိအမှတ်ပြု ဇီဘန်းဆေးကုမ္ပဏီမှ ဒေါက်တာထက်ကောင်းကျော်က ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားလာရခြင်းအကြောင်းရင်း၊ ရောဂါဖြစ်ပွားခြင်း၏ ပြယုဂ်လက္ခဏာများ၊ ကြိုတင်ကာကွယ်တားဆီးနိုင်သည့် နည်းလမ်းများကို ဆလိုက်ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။ ထို့နောက် တက်ရောက်လာသော မိဘအုပ်ထိန်းသူ ၁၅၀ တို့ကို အစုအဖွဲ့သုံးစုခွဲကာ လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၁) မူကြိုကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်နွယ်၊ အမှတ်(၄) မူကြိုကျောင်းအုပ် ဒေါ်ခင်ယုဒါရီ၊ အမှတ်(၅) မူကြိုကျောင်းအုပ် ဒေါ်ဒီပါထွန်း၊ သုဝဏ္ဏ မူကြိုကျောင်းအုပ် ဒေါ်စန်းစန်းလှိုင်တို့က ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိသားစုအသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်နှင့် မည်သို့မည်ပုံ နေထိုင်ပြောဆိုဆက်ဆံမှုတို့ကို အမေးအဖြေပြုလုပ်ကာ မိသားစုစကားဝိုင်းအသွင် ရင်းရင်းနှီးနှီး ဆွေးနွေးသွားကြသည်။

အောင်သန်း(တောင်ဥက္ကလာ)

မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေပေးအပ်

အထက်မင်းလှ ဇွန် ၁၂

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာ ၂၇ ရွာကို မြစိမ်းရောင်ရန်ပုံငွေ တစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ ထောက်ပံ့ပေးအပ်ပွဲကို သရက်ခရိုင် မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခန်းမ၌ ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်က အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကို စီမံကိန်းဝင်ကျေးရွာများသို့ သက်ဆိုင်ရာတာဝန်ရှိသူများကပေးအပ်ခဲ့ကြကြောင်း သိရသည်။

ကိုသက်(iprd)

Open Tender ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)၊ ပခုက္ကူမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရမည့် တံတားလုပ်ငန်းများအတွက်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ ဘိလပ်မြေ
၂။ သံချောင်းလုံး(အရွယ်စုံ)
၃။ သစ်
၄။ ခွဲကျောက်(အရွယ်စုံ)
၅။ ၆"×၉" ကျောက်

တင်ဒါလျှောက်လွှာပုံစံများကို ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄) ပခုက္ကူတွင် ၂၀-၆-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် တင်သွင်းရမည့်ပစ္စည်းအရေအတွက် စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၂-၂၂၈၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၀-၆-၂၀၁၄ ရက် (ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၉-၇-၂၀၁၄ ရက်၊ နံနက် ၉ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၉-၇-၂၀၁၄ ရက်၊ နံနက် ၁၁ နာရီ
တင်ဒါဖွင့်မည့်နေရာ - ဒု-အင်ဂျင်နီယာမှူးကြီးရုံး တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)၊ ပခုက္ကူမြို့

ဖခင်အမည်မှန်

မကွေးမြို့နယ်၊ ဆားတိုင်ကန်ကျေးရွာနေ ကျွန်တော်မောင်မျိုးသိန်းထွန်း ၈/မကန(နိုင်)၁၈၈၁၈၇၏ ဖခင်အမည်မှန်မှာ ဦးတင်ရွှေဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။ **မောင်မျိုးသိန်းထွန်း ၈/မကန(နိုင်)၁၈၈၁၈၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ရပ်ကွက်များအား ရေဖြန့်ဖြူးပေးနိုင်ရန်အတွက် ရေသန့်စင်စက်ရုံနှင့် ရေဖြန့်ဖြူးရေးပိုက်လိုင်းများချထားခြင်းလုပ်ငန်းကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ ပြည်တွင်းပြည်ပ အကျိုးတူပူးပေါင်းကုမ္ပဏီများ စိတ်ဝင်စား၍ ဆောင်ရွက်လိုပါက အိတ်ဖွင့်တင်ဒါအဖြစ် တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က) **စီမံကိန်းလုပ်ငန်းအမည်** - Water Treatment Plant and Distribution Network for Pyigyitagon Township, Mandalay City, Myanmar
(ခ) **အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် စံချိန်စံညွှန်းများ စတင်ရောင်းချမည့်ရက်** - ၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်
(ဂ) **တင်ဒါတင်ပြရမည့်ရက်** - ၂၀၁၄ ခုနှစ် ဩဂုတ် ၆ ရက်
(ဃ) **စာရင်းပေးရမည့်နေရာ** - ရေနှင့်သန့်ရှင်းမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(င) **အဆိုပြုရှင်းလင်းရမည့်ရက်** - ၂၀၁၄ ခုနှစ် ဩဂုတ် ၆၊ ၇ ရက်
(စ) **တင်ဒါတစ်စုံရောင်းနှုန်း** - ၁၀၀၀၀ိ/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန ဖုန်း-၀၂-၃၅၉၂၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၅၆

ကွယ်လွန်သူ ဦးသိန်းထွန်း ၉/အမရ(နိုင်)၀၃၃၈၃၇ (ဘ) ဦးဘိုလေး၏ ဘဏ်၌စုဆောင်းငွေများအပေါ်တွင် အမွေဆက်ခံခွင့်ရလိုကြောင်း လျှောက်ထားမှု။

ဒေါ်စုစုကြည်
အောင်ချမ်းသာရပ်ကွက်၊ အိမ်အမှတ် ၄၊
အမရပူရမြို့နယ်၊ မန္တလေးမြို့။ **လျှောက်ထားသူ**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အိမ်အမှတ် ၄ နေ ဒေါ်စုစုကြည်က ကွယ်လွန်သူ ဦးသိန်းထွန်း၏ ဇနီးအရင်းဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးသိန်းထွန်းမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများသူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးသိန်းထွန်းမှ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဇွန် ၃၀ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၄ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်စုစုကြည်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဇွန် ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အမှတ်(၆)ရပ်ကွက်နေ မနိုနိုအေးငြိမ်းစံနှင့် မောင်မိုးသက်ဟိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ရီ(ခ) ဦးအောင်ငြိမ်း ၅/ရဘန(နိုင်)၀၀၅၉၀၅ ဖြစ်ပါကြောင်း။ **ဦးအောင်ရီ(ခ)ဦးအောင်ငြိမ်း**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ မထွေးထွေး၏ဖခင်အမည်မှန်မှာ ဦးတင်ဆွေ ၅/ကဘလ(နိုင်)၀၀၂၅၀၁ ဖြစ်ပါကြောင်း။ **ဦးတင်ဆွေ**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

သတင်းမှတ်စု

ငန်းနက်တစ်စုံ ငွေကျပ် ၁၀သိန်း

သက်နိုင်(ပြင်ဦးလွင်)

ငန်းဖြူကို မြန်မာလူမျိုးတိုင်းတွေ့ဖူး မြင်ဖူးကြပေလိမ့်မည်။ ငွေငန်းဖြူဟုဆိုလျှင် မန္တလေးမြို့မတီးဝိုင်းနှင့်ယှဉ်တွဲ၍လည်း မြင်ယောင်ပေလိမ့်မည်။ ထိုငန်းဖြူများမှာ မြန်မာပြည်တွင်း ပေါက်ပွားကြီးလာသော မြန်မာမျိုးများသာ ဖြစ်သည်။

ပြင်ဦးလွင်၏ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ ငန်းဖြူများမှာ ဩစတြေးလျနိုင်ငံမှ မှာယူရောက်ရှိလာသောငန်းဖြူများဖြစ်သည်။ ငန်းဖြူနှင့်အတူ ထူးခြားရှားပါးသည့်ငန်းနက်များလည်းရှိနေသည်။ ထိုငန်းဖြူ ငန်းနက်တို့ကို ၂၀၀၄ ခုနှစ်တွင် ဩစတြေးလျနိုင်ငံမှ ဝယ်ယူရရှိလာပြီး ဝယ်ယူချိန်တွင် ငန်းဖြူအထီးအမ သုံးကောင်နှင့် ငန်းနက်အထီးအမ သုံးကောင်သာ ရှိခဲ့သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း၌ပင် ငန်းဖြူနှင့် ငန်းနက်တို့ကို သားဖောက်မျိုးပွားခြင်းလုပ်ငန်းတို့ ဆောင်ရွက်ခဲ့ကြရာ အောင်မြင်မှုရရှိသဖြင့် ယခုအခါတွင် ဥယျာဉ်အတွင်းငန်းဖြူရှစ်ကောင်နှင့် ငန်းနက် ၁၄ ကောင်တို့ကို အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ပြသထားကြောင်း သိရသည်။ ထို့အပြင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့ရှိ တိရစ္ဆာန်ဥယျာဉ်များတွင် ပြသထားသော ငန်းနက်များမှာ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်မှ မျိုးပွား၍ခွဲပို့ထားသော ငန်းနက်များဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်မှ မျိုးပွားပေါက်ပွားလာသော ငန်းနက်တို့ကို အများပြည်သူများ လေ့လာကြည့်ရှုနိုင်သော တိရစ္ဆာန်ဥယျာဉ်များနှင့် အခြားဥယျာဉ်များသို့ ဦးစွာဖြန့်ချိပြသထားရှိ၍ လုံလောက်ပြီး ပိုလျှံသော ငန်းနက်တို့ကို တစ်စုံလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။သို့သော် အများပြည်သူများနှင့် သက်ဆိုင်သော ဥယျာဉ်များသို့သာ ရောင်းချသွားမည်ဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းဌာနနေအိမ်များသို့ ရောင်းချမည်မဟုတ်ပေ။ မြန်မာနိုင်ငံတွင် ငန်းနက်ကို အခြားမြို့ရွာ ရပ်ကွက်များအတွင်း မတွေ့ရှိရဘဲ ပြင်ဦးလွင်မှ မျိုးပွားပေးပို့ထားသော တိရစ္ဆာန်ဥယျာဉ်များတွင်သာ တွေ့မြင်ရမည်ဖြစ်ပေသည်။

ဩစတြေးလျ ငွေငန်းဖြူမှာ မြန်မာမျိုးငန်းများနှင့် တူညီမှုမရှိဘဲ အကောင်ပိုကြီးပြီး အလေးချိန်မှာလည်း ပိုများသည်။ အမွေးအတောင်မှအစ အရောင်အသွေးတောက်ပပြီး အနီရောင်သန်းသော နှုတ်သီးကို ပိုင်ဆိုင်ထားကြသည်။ ငွေငန်းဖြူများ သားဖောက်မျိုးပွားခြင်းကို ရာသီဥတုနှင့် ရေမြေသဘာဝကောင်းမွန်သော ပြင်ဦးလွင်မြို့၌သာ လုပ်ကိုင်ဆောင်ရွက်နိုင်လေသည်။ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်တွင် ယခင်ကငန်းဖြူများကိုပြသထားရှိရာ သားဖောက်ခြင်းလုပ်ငန်း မအောင်မြင်၍ ယခုအခါတွေ့မြင်ရမည် မဟုတ်တော့ဘဲ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နှင့် ပြင်ဦးလွင်၌သာ တွေ့မြင်ကြရမည် ဖြစ်ပေသည်။ ပြင်ဦးလွင်ရှိ ပိုလျှံသော ငန်းနက်များကို အများပြည်သူတို့ လေ့လာကြည့်ရှုနိုင်ရန် ရောင်းချပေးသွားမည်ဖြစ်သော်လည်း ငွေငန်းဖြူများသည် ရှားပါးမျိုးဖြစ်သောကြောင့် ရောင်းချမည်မဟုတ်ကြောင်း သိရသည်။

ငန်းဖြူ ငန်းနက်တို့သည် နွေရာသီနောက်ဆုံးလဖြစ်သော ဧပြီလတွင် စတင်မိတ်လိုက်ကြ၍ အောင်မြင်လျှင်အနည်းဆုံး ဥငါးလုံးမှ ခုနစ်လုံးအထိဥပြီး ရက်ပေါင်း ၃၀ မှ ၃၅ ရက်အတွင်း ဝပ်ကျင်းထဲ၌ အကောင်ပေါက်လေသည်။ သို့သော် ဥသမျှဥအားလုံး အကောင်မပေါက်နိုင်ပေ။ ငန်းတို့သည် သဘာဝအလျောက် ရေထဲတွင် ကူးခတ်သွားလာနေကြသော်လည်း ရေသတ္တဝါတို့ကို စားသောက်ခြင်းမရှိကြပေ။ ယခုအခါ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ကန်တော်ကြီး ရေပြင်ကျယ်ပေါ်တွင် ရှားပါးမျိုးနွယ်များဖြစ်သော ဩစတြေးလျ ငန်းဖြူ ငန်းနက်မိသားစုတို့မှာ ပျော်ရွှင်စွာ မြူးထူးကူးခပ်လျက်ရှိပြီး ရောက်ရှိလာသော ပြည်တွင်းပြည်ပ ဧည့်သည်များအနေဖြင့် အားပါးတရ စိတ်ကြိုက်လေ့လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ရေပြင်၌ ငန်းနက်များကို တွေ့ရစဉ်။

မှုခင်းသတင်းများ

အရှိန်လွန်ကား ဆိုင်ကယ်နောက်ပိုင်းဝင်တိုက် တစ်ဦးသေ

ဇွန် ၉ ရက် ညနေ ၁၀ နာရီက ချမ်းမြသာစည်မြို့နယ် မြို့သစ်ရပ်ကွက် ၆၂ လမ်းတွင် မြောက်မှတောင်သို့ ခန့်ညားလှိုင် (၂၀ နှစ်) ယာတော်ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်နေသူမောင်းနှင်သည့် 6F Extra Cap ခဲရောင်ယာဉ်သည် ၄င်းရှေ့ရှိ မမာလာဝင်း (၃၈နှစ်) မြို့သစ် (၄)ရပ်ကွက် ချမ်းမြသာစည်မြို့နယ်နေသူစီးနင်း၍ သမီး မဖြိုးရတနာ (၁၂နှစ်)နောက်ထိုင်လိုက်ပါလာသည့် ၁၁ယ/----ဂျာလင်းစူပါကပ်ဆိုင်ကယ်ကို နောက်မှအရှိန်လွန် တိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်။ အဆိုပါ ယာဉ်တိုက်မိမှုကြောင့် မဖြိုးရတနာနှင့်ဆိုင်ကယ်မှာကားနှင့်ချိတ်ပါသွားပြီး မမာလာဝင်းမှာ လမ်းဘေးသို့ လွင့်စဉ်ကျန်နေခဲ့၍ယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားခဲ့ရာ သူနာပြုတက္ကသိုလ်ရှေ့အရောက်၌ ၄င်းရှေ့ 1H Royal Sloon ခဲရောင်ယာဉ်၏ ရှေ့ဝဲဘက်ဘီးကို ဝင်ရောက်တိုက်မိပြီး Extra Cap ယာဉ်မှာ ၆၂ လမ်း၊ ပိတောက်လမ်း× သဇင်လမ်းကြား တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိတိမ်းမှောက်၍ ယာဉ်၏ရှေ့ပိုင်းပျက်စီးခဲ့ရာ အခင်းဖြစ်စဉ် အနီးပတ်ဝန်းကျင်နှင့် လမ်းသွားလမ်းလာပြည်သူများ စုရုံးရောက်ရှိလာပြီး တိုက်ပြေးသည့် ယာဉ်မောင်းအား ရန်ပြုရန် လုပ်နေစဉ် တာဝန်ရှိသူများ အခင်းဖြစ်နေရာသို့ ချက်ချင်းရောက်ရှိပြီး အဆိုပါလူစုအား ထိန်းသိမ်းရှင်းလင်းခဲ့ရာ ည ၁၀ နာရီခွဲခန့် လူစုကွဲသွားခဲ့ကြောင်း သိရသည်။ ယင်းယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း ခန့်ညားလှိုင်တွင် နဖူးပေါက်ပြဲဒဏ်ရာ(မစိုးရိမ်ရ)၊ မဖြိုးရတနာမှာ ပွန်းပဲ့ဒဏ်ရာရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံး၍ မမာလာဝင်းတွင်လည်း (မစိုးရိမ်ရ)ဒဏ်ရာများရရှိပြီး မန္တလေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသည်။ အဆိုပါ ဖြစ်စဉ်ကို ရဲအုပ် ကျော်မြတ်သူက တရားလိုပြုလုပ်၍ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

တရားမဝင်သစ်များဖမ်းဆီးရမိ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပြည်သူလူထုအတွက် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ကြိုးစားဆောင်ရွက်လျက်ရှိသကဲ့သို့ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးယူထုတ်လုပ်ခြင်းကို ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် အရေးယူဆောင်ရွက်လျက်ရှိရာ မေလနှင့်ဇွန်လအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း၌ တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့ပြီး တရားခံများအား သစ်တောဥပဒေအရ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇွန် ၁၂

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ဆင်းရဲနွမ်းပါး၍ ကူညီထောက်ပံ့ရန်လိုအပ်သော ကျေးရွာသုံးရွာတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် မေ ၂ ရက်တွင် စစ်တွေမြို့၌ ကျင်းပသော ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၁၄)တွင် ဒေသခံမြို့မိမြို့ဖများက ဆွေးနွေးတင်ပြခဲ့ကြသဖြင့် အဆိုပါကျေးရွာများသို့ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဇော်မတက်ကျေးရွာကို နယ်စပ်ရေးရာဝန်ကြီးဌာနကလည်းကောင်း၊ သုံးဆောင်ကျေးရွာကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကလည်းကောင်း၊ အုန်းရေပေါ်ကျေးရွာကို ကုလသမဂ္ဂအဖွဲ့အစည်းများကလည်းကောင်း၊ တာဝန်ယူ၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ စစ်တွေမြို့နယ် ဇော်မတက်ကျေးရွာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူ၍ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ကျေးရွာအတွက် လိုအပ်သောလုပ်ငန်းများဖြစ်သည့် မိုးရာသီကာလတွင် မြစ်ရေကြီး၍ရေလျှံစဉ် ကျေးရွာအတွင်းသို့ ရေများဝင်ရောက်မှုမှ ကာကွယ်ရန် ရေတားတမံအမြင့်ပေ ၂၂၅၀၊ ရေထိန်းတံခါးပါသော ကွန်ကရစ်ရေပြွန်နှစ်ခု ဆောက်လုပ်ခြင်း၊ နေအိမ် ၅၃ လုံးနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအတွက် ဆိုလာမီး ၅၅ လုံး ထောက်ပံ့ပေးခြင်း၊ သောက်သုံးရေရရှိရေးအတွက် ရေကန်နှစ်ကန်တူးဖော်ခြင်း၊ ကျေးရွာဓမ္မာရုံ ပြန်လည်ပြုပြင်ခြင်း၊ ကျေးရွာအတွင်းနေအိမ်များ သန့်ရှင်းသပ်ရပ်စွာရှိစေရေးအတွက် ခြံစည်းရိုးကာရံခြင်း၊ ပြိုပျက်နေအိမ်များ ခေါင်မိုးပြန်လည်ပြုပြင်ခြင်းနှင့် ယင်လုံအိမ်သာများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။ အလားတူ သုံးဆောင်ကျေးရွာနှင့် အုန်းရေပေါ်ကျေးရွာတို့တွင်လည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မကြာမီ စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ဖခင်အမည်မှန်

တာချီလိတ်မြို့၊ အမှတ်(၁)၊ သတ္တမတန်း(A)တွင် ပညာသင်ယူနေသော နန်းဝိုဆိုင်ဖူး၏ ဖခင်အမည်မှန်မှာ ဦးစန်းမောင် ၁၃/တကန(နိုင်)၁၃၉၈၁၁ ဖြစ်ပါကြောင်း။

ဦးစန်းမောင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပခုက္ကူခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆

ဦးအောင်သိန်းဝင်း (၄င်း၏ အထူး ကိုယ်စားလှယ်စာရသူ ဦးနိုင်လွင်) နှင့် ဦးအောင်ထိန်လင်း

တရားလို / တရားပြိုင်

တရားပြိုင် ဦးအောင်ထိန်လင်း (တညောင်းကျေးရွာ၊ စလင်းမြို့နယ်၊ မင်းဘူးခရိုင်၊ မကွေးတိုင်းဒေသကြီး (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလို၏ ကြက်သွန်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် အဝယ်တော်ထံ ထိန်းသိမ်းစောင့်ရှောက်ရန် အပ်နှံထားသော ဝိုင်းမြေကွက်များကို လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၂၃ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ထို့ပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ သုံးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မေမီဝင်းရွှေ
ဒုတိယခရိုင်တရားသူကြီး
ပခုက္ကူခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မစိုးရိမ်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် (၈၇ ခ)၊ ဧရိယာ ဝဒသမ ၂၆၅၈ကေရှိ ဦးစိန်သွင်အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးလွှမ်းမိုး ၉/ပမန(နိုင်)၀၁၉၆၈၀ (ဘ) ဦးစိန်သွင်ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင် မြေကွက် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

၁။ မူဆယ်မြို့၊ တောင်ရပ်ကွက်၊ အကွက်အမှတ် ၃၃၊ ဦးပိုင်အမှတ်(၄၃-က)၊ မြေဧရိယာ ဝဒသမ ၁၁၅ကေရှိမြေနေရာအား ဒေါ်အေးမြင့် ၁၃/မဆတ(နိုင်)၀၂၈၈၈၈ (ဘ) ဦးထွန်းထံမှ ဒေါ်နန်းရွှေခင် ၁၃/မဆတ(နိုင်)၀၀၄၆၈၉(ဘ) ဦးအုန်းဆန်သည် မြို့နယ်မြေစာရင်းဦးစီးဌာန၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၄-၇-၂၀၁၂ ခုနှစ် အမှုတွဲအမှတ်(၇/၂၀၁၂)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ၂။ အဆိုပါ မြေဧရိယာ ဝဒသမ ၁၁၅ကေအား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နန်းရွှေခင်မှ မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅)ရေးဆွဲခွင့်တင်ပြလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀အတွင်း မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဖုန်း-၀၈၂-၅၀၅၀၃၊ ၀၈၂-၅၀၆၉၀

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်မ မအိအိမိုး ၅/မမတ(နိုင်)၀၄၅၅၂၈နှင့် ကိုထွန်းထွန်း ၁၄/မမန(နိုင်)၀၀၀၅၆၈ တို့သည် နှစ်ဦးသဘောတူ ၄-၆-၂၀၁၄ ရက်တွင် ကွာရှင်းပြတ်စဲပြီးစီးပါသဖြင့် (လုံး၀) မသက်ဆိုင်တော့ပါကြောင်း။

မအိအိမိုး
၅/မမတ(နိုင်)၀၄၅၅၂၈

အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အောင်ဇေယျစံပြကျေးရွာ အလကခွဲ ပထမတန်းမှ ဦးကိုကိုဇော်၏သမီး မခွန်းပြည့်ဖူးသွယ်အား မကျော့ရတီဇော်ဟု ပြောင်းလဲခေါ်ပါရန်။

မကျော့ရတီဇော်

တစ်ဦးတည်းဖြစ်ကြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မခိုင်ဇင်ချို၏ ဖခင်အမည် ဦးအေးမြင့် ၃/ဘအန(နိုင်)၁၀၄၇၈၇ နှင့် ဦးစိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်မှန်

ဦးထွန်းစိန်၏သား မန်စီမြို့ အထက သူငယ်တန်းတွင် ပညာသင်ကြားနေသော မောင်စိုင်းဆိုင်ဝမ်း၏အမည်မှန်မှာ မောင်စိုင်းစိုင်ဝမ်း ဖြစ်ပါကြောင်း။

မောင်စိုင်းစိုင်ဝမ်း

ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ၊ ဝါယာလက်၊ ပြည်တော်သာရပ်ကွက်၊ ဈေး၊ ကျောင်းအနီး ဘိုးဘွားပိုင်မြေ ပေ၅၀×၃၂ပေ၊ ခြံအပြည့်နီးပါး၊ တစ်ထပ်အုပ်ညှပ်တိုက်၊ သွပ်မိုး၊ ဧည့်ခန်း၊ အိပ်ခန်း၊ လှျာထိုးခင်း၊ ကြွေပြားကာ၊ ရေချိုးခန်း၊ အိမ်သာ၊ မီးဖို၊ ကြွေပြားခင်း၊ ကြွေပြားကာ သင့်တင့်သော ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

စုံစမ်းရန် ဖုန်း-၀၉-၅၀၁၇၂၃၆၊ ၀၉-၃၁၁၉၉၈၄၄

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၈ယ/၉၈၂၇၀ လော်ဂျား ၁၁၀ ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ထွန်းခေါင် ၁၃/တကန(နိုင်)၂၁၅၆၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၉ယ/၄၀၅၀ လော်ဂျား ဒရင်း ၁၁၀ ယာဉ်လက်ဝယ်ရှိသူ မောင်ဗိုး ၁၃/တကန(နိုင်)၀၆၄၈၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ရောင်းစားခံရသဲ မြန်မာအလုပ်သမား ၁၄ ဦးအား ကယ်တင်နိုင်ခဲ့

ပကျွတ် ဇွန် ၁၂

ထိုင်းနိုင်ငံတောင်ပိုင်း ပကျွတ်မြို့ အုန်းသီးအလုပ်ရုံတစ်ခုတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမား အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို ပွဲစားက အခြားနေရာသို့ ရောင်းစားရန် ရည်ရွယ်ခေါ်ထုတ်စဉ် MAT နှင့် ပူးပေါင်းဆောင်ရွက်သူများက အချိန်မီကယ်တင်နိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand)မှ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံတောင်ပိုင်း ပကျွတ်မြို့ရှိ လုန့်ထဝီမဖောက်ခေါင် (အုန်းသီး)အလုပ်ရုံမှ မြန်မာအလုပ်သမားများအား ဇွန် ၆ ရက်တွင် မလိုက်ရင် ကြိုးဖြင့်ချည်နှောင်မည်ဟု ပြောဆိုကာ လုပ်ငန်းရှင်က ယာဉ်ပေါ်သို့ အတင်းမောင်းတင်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် လမ်းကွေ့တစ်ခုအရောက်တွင် အလုပ်သမားများအားလုံး ယာဉ်ပေါ်မှ ခုန်ဆင်းကာ တောထဲတွင် တစ်ညအိပ် ခဲ့ကြရကြောင်း သိရသည်။ ထို့အပြင် လမ်းခရီး၌ မြန်မာအလုပ်သမားများမှာ အစာရေစာတစ်ရက်နှင့်တစ်ည မစားခဲ့ရဟုဆိုခဲ့ကြသည်။ ဇွန် ၇ ရက်က MAT အဖွဲ့သို့ အဆိုပါ မြန်မာအလုပ်သမားများ၏ မိသားစုဝင်တစ်ဦးက လာရောက်အကူအညီ တောင်းခံလာခြင်းဖြစ်ပြီး MAT အဖွဲ့က ထိုင်းတောင်ပိုင်းအခြေစိုက် FED အဖွဲ့နှင့် တိုင်ပင်ကာ အလုပ်သမားများအား ပကျွတ်ဘူတာရုံသို့ လာရောက်ခဲ့ကြရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံ Khongwar ရဲတပ်ဖွဲ့ဝင်များက လာရောက်စစ်ဆေးကြရာ MAT ရုံးတာဝန်ခံကိုစိုင်းအေးက ရဲစခန်းတွင် တစ်ည ထိန်းသိမ်းစောင့်ရှောက်ပေးထားရန် မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။ ထို့နောက် MAT အဖွဲ့၏ ဥပဒေအကြံပေးရှေ့နေကြီး ဦးအောင်မျိုးသန့်၏ အကူအညီဖြင့် မြန်မာသံရုံးမှ ခရီးသွားလာခွင့် ထောက်ခံစာတစ်စောင်ကို ရရှိခဲ့ပြီးနောက် MAT ရုံးတာဝန်ခံ ကိုစိုင်းအေးက အကူအညီတောင်းခံလာသည့်အလုပ်သမား မိသားစုဝင်နှင့်

အတူ ဇွန် ၈ ရက် ညပိုင်းက သွားရောက်ခေါ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။

MAT အဖွဲ့ဒါရိုက်တာ ဦးကျော်သောင်းက "အလုပ်သမားတွေကို ကျွန်တော်တို့ရုံးမှာ တစ်ညသိပ်ပါတယ်။ လိုအပ်ချက်အချို့ကို ကူညီပေးခဲ့ပါတယ်။ အလုပ်ရုံကို ကျွန်တော်တို့ ဇွန် ၈ ရက်ညက ဖုန်းဆက်တဲ့အခါ မင်းတို့သံရုံးက မှန်ရင် လာယူလိုက်တဲ့။ ကျွန်တော်တို့အတွက် ညဉ့်နက်နေပြီ၊ ပြီးတော့ ကျွန်တော်တို့က ဘာလုပ်ကိုင်ခွင့်မှ ရှိကြသူတွေမဟုတ်ဘူးလေ။ ကိုယ်တတ်နိုင်တဲ့ အပိုင်းကဏ္ဍကပဲ လုပ်ရတာပေါ့။ အလုပ်ရုံက သိမ်းထားလိုက်တဲ့ ပတ်စ်ပို့စာအုပ် ပြန်ရဖို့အတွက် သံရုံးက တောင်းပေးလိမ့်မယ်ဆိုပြီး အလုပ်သမားတွေ ထွက်သွားကြတယ်။ ဒီနေ့တော့ အလုပ်သမားတွေ စာအုပ်ရသံမကြားဘူး။ တရားဝင်အလုပ်သမားတွေကိုစွပဲ။ နိုင်ငံတော်သမ္မတကြီးကလည်း အလုပ်သမားတွေကို ကူညီစောင့်ရှောက်ပေးဖို့ မှာထားတာပဲ" ဟု ဇွန် ၉ ရက်က ဆက်သွယ်ပြောပြခဲ့သည်။

မြန်မာအလုပ်သမား အောင်ဌေးဦးက "တစ်နေ့ကို ဘတ် ၄၀၀ ရမယ်ဆိုပြီး ခေါ်သွားတာပါ။ ဟိုရောက်တော့ ဘတ် ၃၀၀ ပဲပေးတယ်။ အခန်းခ၊ ရေခ၊ မီးခ မပေးရဘူးလို့ ပြောခဲ့ပေမယ့် ရဲကြေး၊ ရေခ၊ မီးခ၊ အခန်းခ အားလုံး ဘတ် ၁၀၀၀ ဖြစ်ပါတယ်။ ပွဲစားက တစ်ယောက်စီအတွက် ဘတ်ငွေသုံးထောင် ထုတ်ယူသွားတယ်လို့ ပြောတယ်။ ကျွန်တော်တို့ ရောင်းစားခံရသလိုဖြစ်သွားတယ်။ ကျွန်တော်တို့ တစ်လလုံးလုပ်မှ ဘတ်တစ်ထောင်ကျော်ပဲ ကျန်တယ်။ အလုပ်ထွက်ဖို့ ပတ်စ်ပို့တောင်းတော့မပေးဘူး။ ရဲနဲ့ဖမ်းခိုင်းမယ်ပြောတယ်။ ကျွန်တော်တို့ အလုပ်မလုပ်ဘဲ သုံးရက်နေကြတော့ ကားပေါ်ကို အတင်းမောင်းတင်တယ်၊ မလိုက်ရင် ကြိုးနဲ့ချည်မယ်လို့ ကြိုးကို ပြတယ်" ဟု MAT အဖွဲ့သို့ တိုင်ကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားများကို ထိုင်းအလုပ်သမားများကဲ့သို့ တန်းတူအခွင့်အရေးရမည်ဟုဆိုကာ ပတ်စ်ပို့လုပ်ပေးခဲ့သော်လည်း ထိုပတ်စ်ပို့များသည် မြန်မာအလုပ်သမားများအတွက် ထိရောက်သည့် မည်သို့သော အခွင့်အရေးကိုမှ မရရှိနိုင်ကြကြောင်း ဖြင့် အလုပ်သမားများက ဆိုကြသည်။

ထို့အပြင် ထိုင်းမြန်မာပွဲစားများနှင့် အလုပ်ရုံအချို့တို့သည် မြန်မာအလုပ်သမားများ၏ ပတ်စ်ပို့များကို သိမ်းဆည်းထားသဖြင့် ထိုင်းနိုင်ငံ၌ ရက် ၉၀ အတွင်း ဧည့်စာရင်းတိုင်တံဆိပ်တုံးမထုရခြင်း၊ တံဆိပ်တုံးအတုထုပေးခြင်းတို့ကို ပြုလုပ်ကာ အနိုင်ကျင့်လေ့ရှိကြခြင်း၊ လမ်းသွားလျှင် ပတ်စ်ပို့ လက်ဝယ်ရှိနေသော်လည်း ဝပ်ပါမစ်မပါဟုဆိုကာ ထိုင်းနိုင်ငံ အနှံ့ရှိ ရဲများက အကြောင်းမဲ့ဖမ်းဆီးစစ်ဆေးနေကြခြင်းရှိနေကြောင်းနှင့် ဤအခြင်းအရာများကို နှစ်နိုင်ငံ တာဝန်ရှိသူများ ထိထိရောက်ရောက် တားမြစ်ခြင်း၊ တာဝန်ယူဖြေရှင်းခြင်းဖြင့် ယနေ့တိုင် မရှိသေးကြောင်းဖြင့် MAT အဖွဲ့က ထောက်ပြပြောဆိုသွားခဲ့သည်။

စိုးဝင်း(SP)

သီပေါ သီတဂူမျက်စိဆေးရုံတွင် မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမည်

သီပေါ ဇွန် ၁၂

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် ဒေါက်တာဦးဉာဏိသာရ ဦးဆောင်လှူဒါန်းမှုနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တပညာသီရိ အရှင်သူမြတ်၏ ကြီးကြပ်မှုဖြင့် အကြိမ်(၂၀)မြောက် မျက်စိဝေဒနာရှင်များကို ဇွန် ၁၉ ရက်မှ ၂၂ ရက်အထိ သီပေါသီတဂူ စက္ခုဒါနဆေးရုံ၌ အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်၍ ဝေဒနာရှင်များအနေဖြင့် ဇွန် ၁၆ ရက်မှစတင်ကာ စာရင်းပေးသွင်းနိုင်မည်ဖြစ်ကြောင်း မဟာမြတ်မုနိဘုရားကြီးဆရာတော်က မိန့်ကြားသည်။

ထို့အပြင် နယ်ဝေးကျေးလက်ဒေသများမှ လာရောက်ကုသကြသော ဝေဒနာရှင်များကို ဆရာတော် အရှင်ပညာသီရိက အိမ်အရောက်ခရီးစရိတ်နှင့် ထမင်းဟင်းလျာများကို အလှူဒါနပြုလျက်ရှိပြီး သဒ္ဓါကြည်လင်ပါရမီရှင်များ၏ လုပ်အားဒါန၊ ငွေကြေးဒါန၊ ပညာဒါနများ ပါဝင်ကုသိုလ်ယူ လှူဒါန်းလိုပါက သီတဂူစက္ခုဒါနဆေးရုံ ဖုန်း ၀၉-၅၂၇၈၁၇၃၊ ၀၉-၅၂၇၀၁၈၉၊ ၀၉-၅၀၇၀၄၄၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

စိုင်း(သီပေါ)

ဖခင်နှင့်မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့၊ အထက အ၄မတန်း၌ ပညာသင်ကြားနေသော မအိတုံထူး၏ ဖခင်အမည်မှန်မှာ ဦးတင်ထူး ၅/ထခန(နိုင်)၀၀၁၉၇၇နှင့် မိခင်အမည်မှန်မှာ ဒေါ်ခိုင် ၅/ထခန (နိုင်)၀၅၃၆၄၇ တို့ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၄ယ/၉၃၁၅၅ ယမဟာ ဒီတီ ၁၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ဇော်လာ ၁၃/တကန(နိုင်)၁၉၂၃၅၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ အေးသာယာစက်မှုဇုန်၊ နယ်မြေ(၁)၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် ၁/၁၃၆နေ ကျွန်မ ဒေါ်နန်းငွေးနီ၏သား စိုင်းကျော်မင်းဦး(ခ)ကိုအိုက်ကျော် ၁၃/တကန(နိုင်)၁၃၅၆၆၉သည် မိဘ၏ဆိုဆုံးမမှုကိုမခံယူဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြောဆိုလုပ်ကိုင်နေပါ၍ သွာနုတ္တသားအဖြစ်သတ်မှတ်ပြီး သားအဖြစ်မှ အပြီးတိုင်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဒေါ်နန်းငွေးနီ ၁၃/တကန(နိုင်)၀၀၅၀၉၀

အမည်ပြောင်း

တောင်ကြီးမြို့၊ ပညာရောင်ခြည် ကိုယ်ပိုင်အလယ်တန်းကျောင်း ပထမတန်းမှ မောင်အောင်ခန့်ဝင်းအား ယနေ့မှစ၍ မောင်မင်းခန့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းခန့်အောင်

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ ပညာရောင်ခြည် ကိုယ်ပိုင်အလယ်တန်းကျောင်း၊ ဆဋ္ဌမတန်းမှ နန်းမွေခမ်းဟျှုံး၏ ဖခင်အမည်မှန်မှာ ဦးရဲနိုင် ဖြစ်ပါကြောင်း။

ဦးရဲနိုင်

ပျောက်ဆုံးခြင်း

မဝင်းဝင်းငြိမ်း ၇/ပမန(နိုင်)၁၂၃၄၃၈၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၁၈၈၈၁၅

ဘဏ္ဍာရေးဝန်ကြီးဌာန
ပင်စင်ဦးစီးဌာန

တည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ **လုပ်ငန်းအမည်** - ပင်စင်ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ ရုံးသစ်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း

၂။ **လုပ်ငန်းအမျိုးအစား အတိုင်းအတာ** - (၇၀'×၃၀'×၁၂') တစ်ထပ် RC တစ်လုံး အဆောက်အအုံတည်ဆောက်ခြင်း၊ အတွင်း/အပြင် လျှပ်စစ်မီးနှင့် ရေသွယ်တန်းခြင်း၊ ဂါလန် ၄၀၀ ဆံ့ ရေလှောင်ကန်နှစ်လုံးနှင့် အဝီစိတွင်းတူးခြင်း၊ မိလ္လာကန်တည်ဆောက်ခြင်း၊ ပတ်လည်ရေခံ/ရေမြောင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသည်။ စုစုပေါင်းကုန်ကျငွေကို အသေးစိတ်တွက်ချက်ဖော်ပြရမည်။

၃။ **အပြီးဆောင်ရွက်ပေးရမည့် နေ့ရက်** - ၂၀၁၅ ခုနှစ်၊ မတ် ၃၁ ရက်

၄။ **တင်ဒါပိတ်ရက်** - ၂၀၁၄ ခုနှစ် ဇွန် ၂၅ရက် ညနေ ၁၅း၀၀နာရီနောက်ဆုံးထား၍ ပေးပို့သွားရမည်။

၅။ **တင်ဒါပုံစံနှင့်စည်းကမ်းချက်** - တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ပင်စင်ဦးစီးဌာန၊ (မကွေးတိုင်းဒေသကြီး၊ မကွေးမြို့)သို့ လူကိုယ်တိုင် လာရောက်ဆက်သွယ်၍သော်လည်းကောင်း၊ ဖုန်း-၀၆၃-၂၅၅၈၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပင်စင်ဦးစီးဌာန
မကွေးတိုင်းဒေသကြီး
တင်ဒါခေါ်ယူရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁)၊ သီရိမဟာ(တိုးချဲ့)ရပ်ကွက်၊ ဦးပိုင်အမှတ်(၁၅၂၀)၊ ဧရိယာ ၀ဒသမ ၀၉၆ ရှိ မြေဂရန်မြေကွက်အမည်ပေါက် ဗိုလ်ကြီးခိုင်စိုးလှ(ငြိမ်း) ၁၃/လရန(နိုင်) ၀၀၈၂၀ ၏ မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

အမည်ပြောင်း

လှိုင်သာယာ အမက(၃၂)၊ မူလွန်စတုတ္ထတန်း(က)နေ ဦးစိုးလွင်၏သား မောင်သီဟစိုးအား ဟိန်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

ပျောက်ဆုံးကြောင်း

ဒေါ်အင်ခွမ်ကိုင်ထန် ၁/မကန(နိုင်) ၀၃၇၂၅၉၏ နိုင်ငံကူးလက်မှတ် အမှတ် ၉၈၇၉၉သည် ပျောက်ဆုံးနေပါ၍ အကြောင်းကြားပါရန် ကျေးဇူးဆပ်ပါမည်။

ဒေါ်အင်ခွမ်ကိုင်ထန် ဖုန်း-၀၉-၄၀၃၇၃၇၂၆၆

အမည်ပြောင်း

ဦးဇံရွှေမောင် AKB-၁၈၇၆၁၃ ၏ သား မောင်မြတ်ထွန်းအား မောင်ရည်မင်းနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပျောက်ဆုံးကြောင်း

ဒေါ်တောမ် ၁/မကန(နိုင်)၀၃၇၂၅၇၏ နိုင်ငံကူးလက်မှတ်အမှတ် ၁၆၇၆၀၆ သည် ပျောက်ဆုံးနေပါ၍ အကြောင်းကြားပါရန် ကျေးဇူးဆပ်ပါမည်။

ဒေါ်တောမ် ဖုန်း-၀၉-၅၂၇၈၁၆၆

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းမမ ၉/မထလ(နိုင်)၁၅၅၉၅၈ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်တိုင်းဒေသကြီး၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ မိတ္ထီလာမြို့၊ ဈေးအရှေ့ရပ်၊ ကွင်းအမှတ်နှင့်အမည် (၁၁၊ ဈေးရပ်)၊ ဦးပိုင်အမှတ်(၆က/၆ခ)၊ ဧရိယာ ၀ဒသမ ၁၂၂ကေရှိ မြေကွက်နှင့် အဆောက်အအုံ။

၂။ မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်၊ ကွင်းအမှတ်နှင့်အမည် (၁၂/သိန္တော်ကုန်း)၊ ဦးပိုင်အမှတ်(၇၄-ခ)၊ ဧရိယာဧက ၀ဒသမ ၀၃၀ရှိ မြေကွက်နှင့်အဆောက်အအုံ။

၃။ မိတ္ထီလာမြို့၊ စည်ပင်သာယာဗဟိုဈေးကြီး၊ ငါးခြောက်တန်း၊ ရုံးအမှတ်(၅၅)၊ ဆိုင်ခန်းအမှတ်(၁၊ ၂၊ ၃) ဆိုင်ခန်း သုံးခန်းတို့မှာ ဒေါ်ဝင်းမမ၏အစ်မဖြစ်သူ ဒေါ်တင်တင်အမည်ပေါက်ပိုင်ဆိုင်ပြီး ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းအားလုံးမှာ ဒေါ်တင်တင်(ကွယ်လွန်)၏ သားသမီးများထံမရှိဘဲ ဒေါ်တင်တင်၏ဆန္ဒအရ ဒေါ်ဝင်းမမနှင့် ဆွေမျိုးအကြီးအကဲများလက်ဝယ်တွင် ထိန်းသိမ်းထားရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းမမ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်ဆွေ B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၈)
ရွှေစောလူးဘုရားလမ်း၊ နန်းတော်ကုန်းရပ်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၂၂၀၀၇၀၈

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဖလား ဘော်လီဘောနှင့် ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

တောင်ကြီး ဇွန် ၁၂

ရှမ်းပြည်နယ် အစိုးရအဖွဲ့ဖလား ခရိုင်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောနှင့် ဘတ်စကက်ဘော ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက်က တောင်ကြီးမြို့ ပြည်နယ် မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ခရိုင် ၁၂ ခရိုင်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီး ဦးစီးအဖွဲ့များက ပါဝင်ယှဉ်ပြိုင်ကြပြီး ဘော်လီဘော ၁၃သင်း၊ ဘတ်စကက်ဘော ကိုးသင်းနှင့် ပြိုင်ပွဲကို ဇွန် ၁၀ ရက်မှ ၁၉ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်အား စစ်ရေးပြမှူး ဦးဝင်းဌေးက ဦးဆောင်၍ အားကစားသမားများက အလေးပြုခြင်းနှင့် တန်းအပ်ခြင်းများပြုလုပ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်မိန့်ခွန်းစကား ပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပလာပြီးနောက် မြန်မာ့အားကစားလှုပ်ရှားမှုများသည် ပိုမိုအသက်ဝင်အရေးပါလာခဲ့ကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲတွင် ရရှိခဲ့သော အောင်မြင်မှုအနေအထားကို ဆက်လက် ထိန်းသိမ်းနိုင်ရန်နှင့် အနာဂတ်ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိနိုင်ရေးအတွက် မျိုးဆက်သစ်အားကစားသမားများကို ဖော်ထုတ်ပျိုးထောင်ပေးနိုင်ရန် အလေးပေး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အားကစားဝန်ကြီးဌာန၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် ၂၀၁၄ ခုနှစ်မှ စတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပသွားနိုင်ရန် စီမံဆောင်ရွက်ချက်အရ ရှမ်းပြည်နယ်တွင် ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဝူရှူးပြိုင်ပွဲများကို လက်ခံကျင်းပသွားမည် ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင်းအရည်အချင်းပြည့်ဝသည့် စွမ်းရည်ထက်မြက်ပြီး ကိုယ်ရည်ကိုယ်သွေး မြင့်မားသော ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်ကြောင်း၊ ဘော်လီဘောနှင့် ဘတ်စကက်ဘောပြိုင်ပွဲတွင် အားကစားသမားများသည် အားကစားစိတ်ဓာတ်ကို အရင်းခံကာ ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များကို နာခံ၍ သတ်မှတ်ထားသော ဥပဒေစည်းမျဉ်းများအတိုင်း သန့်ရှင်းစွာ ယှဉ်ပြိုင်ကစားသွားကြပြီး ခရိုင်အဆင့်မှ ပြည်နယ်အဆင့်၊ ပြည်နယ်အဆင့်မှ နိုင်ငံ့လက်ရွေးစင်အဖြစ် တက်လှမ်းနိုင်ရန်၊ ရည်မှန်းချက်များထား၍ အားသွန်ခွန်စိုက် ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် တောင်ကြီးခရိုင် အမျိုးသား ဘတ်စကက်ဘောအသင်းနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားဘတ်စကက်ဘောအသင်းတို့ စတင်ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူတို့က ကြည့်ရှုအားပေးခဲ့ကြသည်။ ဖွင့်ပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရှိ ပြည်နယ်အားကစားဘောလုံးကွင်းသို့လည်း သွားရောက်ကြည့်ရှုကြပြီး ပွဲကြည့်စင်များ ထပ်မံတိုးချဲ့ တည်ဆောက်နိုင်ရန် တာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး တောင်ကြီးဟိုတယ်၌ အင်းလေးကန် ထိန်းသိမ်းကာကွယ်ရေးအတွက် စီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်တွေ့ဆုံ နှုတ်ဆက်ကာ အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

ခင်ဦးမြို့၌ စပါးဆစ်ပိုးကာကွယ်ရေး လက်တွေ့သရုပ်ပြ

ခင်ဦး ဇွန် ၁၂

စပါးသီးနှံပိုးမွှားရောဂါ ကာကွယ်ရန်နှင့် ဖျက်ဆီးမှုမှကင်းလွတ်စေရန် လိုအပ်သော ကာကွယ်ရေးနည်းစနစ်များ လက်တွေ့သရုပ်ပြသမှုကို ဇွန် ၅ ရက်က ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မြို့သစ်ကျေးရွာ ဦးမှတ်လွင်၏ ကွင်းအမှတ်(၂၉၅) ပုလဲသွယ် (ဗီယက်နမ်)နွေစပါးဆစ်ပိုးကာကွယ်ရေးစံပြကွက်၌ ကျင်းပသည်။

စပါးဆစ်ပိုးကာကွယ်ရန် စပါးစိုက်ခင်းအတွင်း တစ်ပတ်လျှင် တစ်ကြိမ် ကင်းထောက်မှတ်တမ်းယူရန် လိုအပ်ပြီး ကင်းထောက်မှတ်တမ်းယူနည်းကို တိုင်းဒေသကြီးပိုးမွှားတာဝန်ခံ ဒေါ်စန်းစန်းမြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာတောင်သူများအား လက်တွေ့ကွင်းဆင်းသရုပ်ပြခဲ့သည်။

ထို့နောက် ဖျက်ပိုး၊ ဖျက်ဆီးမှုလက္ခဏာနှင့် မိတ်ဆွေပိုးတို့ကို တောင်သူများရှေ့၌ ရှင်းလင်းပြသခဲ့ပြီး တောင်သူများက မိမိတို့ စပါးခင်းအတွင်းဖြစ်ပေါ်နေသော အခြေအနေများကို တင်ပြဆွေးနွေးခဲ့သည်။

ခင်ဦးစိုးဝေ

ဂန့်ဂေါမြို့နယ်တွင် စွန့်လွှတ်မြေများအား တောင်သူများလက်ဝယ်အရောက် ပြန်လည်ပေးအပ်

ဂန့်ဂေါ ဇွန် ၁၂

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် စွန့်လွှတ်မြေများအား သက်ဆိုင်ရာမြေအသုံးချခွင့်တောင်းခံသည့် တောင်သူများလက်ဝယ်အရောက် ပြန်လည်ပေးအပ်ပွဲကို ဇွန် ၆ ရက်က ရွာစည်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဂန့်ဂေါခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်က အမှာစကားပြောကြားပြီး မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က တောင်သူ ၁၅ ဦးထံသို့ လယ် ၆ ဒသမ ၂၉ ဧကနှင့် ယာ ၁၃ ဒသမ ၅၁ ဧကတို့ကို လက်ဝယ်အရောက်ပြန်လည်ပေးအပ်သည်။

စွန့်လွှတ်မြေများအား တောင်သူများလက်ဝယ် အရောက်ပြန်လည်ပေးအပ်ပွဲကို ဇွန် ၅ ရက်ကလည်း မြောက်ခင်ရန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ တောင်သူ ၆၄ ဦးထံသို့ လယ် ၁၈၇ ဒသမ ၉၂ ဧကနှင့် ယာ ၂၉၂ ဒသမ ၅၈ ဧကတို့ကို ပြန်လည်ပေးအပ်သည်။ **(၁၀၁)**

လမ်းမြေသားညှိခြင်းလုပ်ငန်းများ ဆောင်ရွက်

နွားထိုးကြီး ဇွန် ၁၂

နွားထိုးကြီးမြို့ အမှတ်(၂)ရပ်ကွက်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် လမ်းမြေသားများ မညီမညွတ်ဖြစ်နေသော မြေသားများညှိခြင်းလုပ်ငန်းကို ဇွန် ၁၀ ရက်က ကျင်းပသည်။

လမ်းပေါ်၌ ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ ယာဉ်များ ကျယ်ကျယ်ပြန့်ပြန့်သွားလာနိုင်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး ယခင်လမ်းမှာ ကျဉ်းသဖြင့် ကားများရှောင်တိမ်းသွားလာရန် ခက်ခဲကြောင်း သိရသည်။ ယခုမြေသားညှိခြင်းလုပ်ဆောင်ပြီးပါက လမ်းပိုကျယ်သွားမည်ဖြစ်၍ ယာဉ်များပိုမိုအဆင်ပြေစွာသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ နွားထိုးကြီးမြို့ အမှတ်(၂)ရပ်ကွက် လမ်းမကြီးသည် ယခင်က ဆိုင်ကယ်နှင့်မော်တော်ယာဉ်များ သွားလာရာတွင် လမ်းကျဉ်းမှုကြောင့် ယာဉ်အန္တရာယ်ဖြစ်မှုရှိကြောင်း သိရသည်။

သန်းအောင်ဇော်(နွားထိုးကြီး)

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ (စည်ပင်သာယာရေးဝန်ကြီးဌာန)
ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

အဆောက်အအုံအသစ်တစ်ခုဆောက်လုပ်ရန် အဆိုပြုလွှာများခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ ကုန်သည်လမ်း(မြေနုလမ်းနှင့် ရွှေဆိုင်တန်းလမ်းကြား)တွင်တည်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံပိုင်ခွင့်ရှိသောမြေနေရာ ဝဒသမ၁၁၈ဧကပေါ်တွင် မြို့ပြအင်္ဂါရပ်နှင့်အညီ အထပ်မြင့်အဆောက်အအုံအသစ်တစ်ခု ဆောက်လုပ်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အဆိုပြုလွှာခေါ်ယူအပ်ပါသည်။
၂။ အဆိုပြုလွှာတင်သွင်းရာတွင် အောက်ပါအချက်များပါဝင်ရပါမည်-
(က) ကုမ္ပဏီဆိုင်ရာအထောက်အထားများ
(ခ) ဆောင်ရွက်လိုသည့်အဆိုပြုလွှာ(ပုံစံဒီဇိုင်းအပါ)
(ဂ) ရင်းနှီးမြှုပ်နှံမည့်ပမာဏ
(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အကျိုးအမြတ်ခွဲဝေမှု
၃။ ဆောင်ရွက်လိုသည့်အဆိုပြုလွှာအား ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ပုသိမ်မြို့သို့ ၂၄-၆-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိလိုပါက တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၂-၂၂၆၅၅နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၂-၂၂၀၀၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့

အမည်ပြောင်း

ဦးလှမြင့်၏သား ICEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade 6 (A) မှ စိုင်းမြင့်မြတ်ထွန်းအား ယနေ့မှစ၍ စိုင်းနေဇင်ထွန်းဟု ခေါ်ပါရန်။

စိုင်းနေဇင်ထွန်း

အမည်ပြောင်း

ကန့်ဘလူမြို့ အမှတ် (၂)ရပ်ကွက်နေ ဦးအောင်သန်း၏သမီး ကန့်ဘလူ အထက (၁) သတ္တမတန်း (D)မှ မနှင်းယုယုထွေး(ခ) မနှင်းအိအိဖြူအား မနှင်းယုယုအောင်ဟု ခေါ်ပါရန်။ **မနှင်းယုယုအောင်**

မိဘအမည်မှန်

မော်ဘီမြို့နယ် ရေတွင်းကုန်းကျေးရွာ၊ အမက မူလွန် စတုတ္ထတန်းမှ မောင်ဘုန်းပြည့်၏မိဘအမည်မှန်မှာ ဦးခင်စိုး၊ ဒေါ်ကျင်ကျင်ဝင်းဖြစ်ပါကြောင်း။

ဦးခင်စိုး၊ ဒေါ်ကျင်ကျင်ဝင်း

ဖခင်အမည်မှန်

ကန့်ဘလူမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်ထက်နိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမိုးနိုင်ထွန်း(ခ)ဦးစိုးဝင်း ၅/ကဘလ(နိုင်)၁၂၃၄၆၀ဖြစ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ပြည်တွင်း၌ အလုံပိတ်ကုန်တွဲများတည်ဆောက်၍
မြန်မာ့မီးရထားသို့ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရန်

စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း
(Expression of interest)

၁။ မြန်မာ့မီးရထားသည် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ပြည်တွင်း၌ အလုံပိတ်ကုန်တွဲများတည်ဆောက်၍ မြန်မာ့မီးရထားသို့ ရောင်းချလိုသည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၂။ စိတ်ဝင်စားသူ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of interest)တွင် လုပ်ငန်းစဉ်အား အဆိုပြုဖော်ပြလျက် အောက်ပါအထောက်အထား အချက်အလက်များနှင့်အတူ မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်ဘူတာကြီးသို့ ၄-၇-၂၀၁၄ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ ပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ပုဂ္ဂလိကလုပ်ငန်းရှင်အမည်နှင့် အဖွဲ့အစည်းအမည်(မြန်မာနိုင်ငံသားပိုင်ဖြစ်ရမည်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (မိတ္တူပူးတွဲ)နှင့် ဆက်သွယ်ရန်လိပ်စာ
(ဂ) ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ(မိတ္တူပူးတွဲ)
(ဃ) လုပ်ငန်းလိုင်စင် (မိတ္တူပူးတွဲ)
(င) လုပ်ငန်းတည်နေရာ(လိပ်စာအပြည့်အစုံ)
(စ) လုပ်ငန်းဆိုင်ရာအတွေ့အကြုံအသေးစိတ်
(ဆ) ဘဏ္ဍာရေးခိုင်မာမှုနှင့် ပိုင်ဆိုင်မှုအထောက်အထား(မိတ္တူပူးတွဲ)
(ဇ) ဆောင်ရွက်မည့်လုပ်ငန်းအစီအမံ(Conceptual Plan)
၃။ စိတ်ဝင်စားသူ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများအား အလုံပိတ်ကုန်တွဲတည်ဆောက်မှုနှင့်ပတ်သက်၍ လိုအပ်ချက်များနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို မြစ်ငယ်စက်ရုံ၌ ၂၃-၆-၂၀၁၄ရက် နံနက် ၉း၀၀နာရီတွင် ရှင်းလင်းဆွေးနွေးမည်ဖြစ်ပါ၍တက်ရောက်နိုင်ပါကြောင်းဖိတ်ခေါ်အပ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၇၇၀၅၄၊ ၀၆၇-၇၇၀၇၆တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်၍ တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂဒေသရှိ လဟယ်မြို့နယ်တွင် ဟွေထိုက်ချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်းအား ကုမ္ပဏီမှ ဒီဇိုင်းပါတာဝန်ယူစေလျက် တည်ဆောက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁၂-၆-၂၀၁၄ ရက်မှ ၂၂-၆-၂၀၁၄ ရက်အထိ
(ခ) **တင်ဒါလျှောက်လွှာရယူရန်နေရာ** - တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မုံရွာမြို့
(ဂ) **တင်ဒါတင်သွင်းရန်** - ၁၅-၇-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီအထိ
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မုံရွာမြို့
၃။ သတ်မှတ်ရက်၊ အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့် ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-
(က) **တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့** ဖုန်း-၀၇၁-၂၂၅၃၄၊ ၂၄၃၁၄
(ခ) **ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၅)တည်ဆောက်ရေး၊ မုံရွာမြို့** ဖုန်း-၀၇၁-၂၃၂၂၉၊ ၂၃၂၇၉

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၁၆၀၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/1188၊ ၈ဆ/၁၁၈၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကရင်ပြည်နယ်တွင် အိမ်ထောင်စု ၁၅၀၀ကျော်အတွက် ဆိုလာပစ္စည်းများ ပေးအပ်လှူဒါန်း

ဘားအံ ဇွန် ၁၂

ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာမှ အိမ်ထောင်စု ၁၅၂၀အတွက် ဆိုလာပစ္စည်းများအား ICDF(ထိုင်ဝမ်)က လှူဒါန်းသည့် အခမ်းအနားကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဇွန် ၁၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး ICDF(ထိုင်ဝမ်)မှဒါရိုက်တာ Mr.Li Set. Pyue က ဆိုလာပစ္စည်းများလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ Ms. Li Yi Huei က ဆိုလာပစ္စည်းများ တပ်ဆင်အသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်းနည်းများကို တက်ရောက်လာကြသူများအား အသေးစိတ်ရှင်းလင်းပြသသည်။ ထို့နောက် Mr.Li Set.Pyue က ဆိုလာပစ္စည်းများ ပေးအပ်လှူဒါန်းရာ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာက လက်ခံခဲ့သည်။ ဆက်လက်၍ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေဦးက ဆိုလာတပ်ဆင်အသုံးပြုမည့် ကျေးရွာကိုယ်စားလှယ်များထံသို့ ဆိုလာပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ICDF(ထိုင်ဝမ်)မှ တာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်**

မိုးကုတ်မြို့တွင် ကုန်စည်ပြပွဲကျင်းပ

မိုးကုတ် ဇွန် ၁၂

ရွှေခြသေ့်ကုမ္ပဏီမှ စီစဉ်းကျင်းပသည့် မိုးကုတ်မြို့ ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၈ ရက်က မိုးကုတ်မြို့ မဏိရတနာခန်းမရှေ့၌ ကျင်းပသည်။

ထို့နောက် မိုးကုတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက ဈေးရောင်းပွဲတော်၏ ကုန်စည်ခင်းကျင်းထားမှုများကို လိုက်လံကြည့်ရှုခဲ့ကြကာ ဖျော်ဖြေရေးအဖွဲ့ဝင်များက အခမ်းအနားသို့ တက်ရောက်လာသူများကို ကြော်ငြာများနှင့် သရုပ်ပြအစီအစဉ်များဖြင့် ဖျော်ဖြေခဲ့ကြပြီး ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲကို ဇွန် ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **နေဝါ(မိုးကုတ်)**

သတင်းတို

ပင်လုံမြို့တွင် ကျောင်းသစ်ဆောက်ရန် လုပ်အားနှင့် ငွေလှူဒါန်း

ပင်လုံ ဇွန် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ အမှတ်(၄) ရပ်ကွက်ရှိ အမက ကျူရှန်းကျောင်းတွင် ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းမည့် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိသည့် စာသင်ခန်း ငါးခန်းနှင့် ဆရာမ ရုံးခန်းတစ်ခန်းပါ တစ်ထပ်အုတ်ညှပ် သွပ်မိုးကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းမည့် မြေနေရာတွင် ဖောင်ဒေးရှင်း(အုတ်မြစ်) မြေတူးဖော်ရေးလုပ်ငန်းကို ဒေသခံပြည်သူများက ဇွန် ၁၀ ရက်က လုပ်အားဒါနပြုကြပြီး မိမိတို့၏ စေတနာအလျောက် တတ်အားသရွေ့ ပါဝင် လှူဒါန်းကြကြောင်း သိရသည်။ **မိုးလွင်ဦး(လှိုင်လင်)**

မြောင်မြို့နယ်တွင် မြစ်ရေတင်စိုက်သည့် နောက်ကျနွေနှမ်းများ အောင်မြင်

စစ်ကိုင်း ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ် ညောင်ကားယားကျေးရွာတွင် ဧရာဝတီမြစ်ရေတင်၍ စိုက်ပျိုးသည့်နောက်ကျနွေနှမ်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

"ဒီဘက်က နွေနှမ်းစိုက်တာနည်းနည်းနောက်ကျတယ်။ စိုက်ပျိုးရေကတော့ ဧရာဝတီမြစ်ရေကိုကိုယ်တိုင်ကိုယ်ကျ စက်နဲ့တင်ပြီး စိုက်ပျိုးတာမို့ ရာသီဥတုမရွေး ပူပင်စရာမလိုဘူး။ ညောင်ကားယား၊ ရွာပုလဲ၊ သရက်တောကျေးရွာတွေဘက်မှာ နွေနှမ်းတွေ အများအပြားစိုက်ပျိုးတယ်။ စိုက်ပျိုးသလောက်လည်း အောင်မြင်ကြတယ်။ အထွက်နှုန်းကျတော့ စိုက်ပျိုးတောင်သူရဲ့ ဂရုစိုက်ပေးမှုအပေါ်မှာ မူတည်ပြီးတော့ ကွာခြားသွားတယ်" ဟု ညောင်ကားယားကျေးရွာ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

စိုက်ပျိုးပေးရာတွင် သီးနှံအတွက်လိုအပ်သည့် ဓာတ်မြေဩဇာနှင့် ဆေးရည်ကို စနစ်တကျ ကျွေးပေးတတ်မှ သီးနှံပို၍အထွက်နှုန်းကောင်းကြောင်း သိရသည်။ မြစ်ရေတင်စိုက်ပျိုးခြင်းဖြစ်သဖြင့် စိုက်ပျိုးရေမပူရသော်လည်း နည်းစနစ်တကျစိုက်ပျိုးနိုင်သည့် တောင်သူ၏စိုက်ပျိုးသီးနှံက ပိုထွက်ကြောင်း သိရသည်။

ညောင်ကားယားကျေးရွာသည် မြောင်မြို့နယ်၏ အနောက်မြောက်ဘက် ဧရာဝတီမြစ်ကမ်းအနီးတွင် တည်ရှိပြီး မြစ်ရေတင်၍ နွေနှမ်းအပြင် မြေပဲ၊ ပြောင်း ၊ ငရုတ် ၊ဂျုံ စသည့် သီးနှံမျိုးစုံကို နွေ၊ မိုး၊ ဆောင်း သုံးရာသီပတ်လုံး စိုက်ပျိုးကြကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မြို့တွင်းတံတားများ သာယာလှပရေး ဆိုလာမီးတိုင်များတပ်ဆင်ပြီးစီး

ကလေး ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကလေးမြို့ မြို့တွင်းတံတားများ၊ ကလေးမြို့တွင် မြို့သာယာလှပရေးနှင့် လမ်းသွားလမ်းလာပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် မြို့တွင်းရှိ ဆိပ်ကမ်းသာတံတား၊ တံတားဦးတံတားနှင့် နန်းကလိန်ချောင်းတံတားတို့တွင် ဆိုလာလျှပ်စစ်မီးတိုင်များကို တပ်ဆင်ပြီးဖြစ်ကြောင်း သိရသည်။

"ဆိုလာ လျှပ်စစ်မီးတိုင်တွေကို ခရိုင်စီမံခန့်ခွဲမှုကော်မတီနဲ့ မြို့မိမြို့ဖတွေ ပူးပေါင်းပြီး ဆိပ်ကမ်းသာတံတားမှာ ငါးတိုင်၊ တံတားဦးတံတားမှာ သုံးတိုင်နဲ့ နန်းကလိန်တံတားမှာ နှစ်တိုင် တပ်ဆင်ထားပါတယ်။ ဆိုလာ လျှပ်စစ်မီးတစ်တိုင်ကို ငွေကျပ် ရှစ်သိန်းကျပါတယ်" ဟု မြို့နယ်အထောက်အကူပြုကော်မတီဝင် ဦးအေးချိုက ပြောသည်။

ဆိပ်ကမ်းသာတံတားကို သံကူကွန်ကရစ်တံတားအဖြစ်ပြောင်းလဲပြီး ယခုကဲ့သို့ ဆိုလာလျှပ်စစ်မီးတိုင်များ တပ်ဆင်ထားသဖြင့် ညဘက်တွင် တံတားပေါ်၌ အပန်းဖြေ အနားယူကြသူများနှင့် စည်ကားလျက်ရှိကြောင်း မြို့ခံများ၏ ပြောကြားချက်အရ သိရသည်။

သျှင်နေမင်း

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/3259 Nissan Diesel, Dump Truck (6x4) ယာဉ်လက်ဝယ်ရှိသူ ဦးညဏ်မင်းထွန်း ၅/မရန(နိုင်)၀၀၉၀၆၇မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ပြည်မိုး CDCနံပါတ် (၇၂၃၂၉)၏ သင်္ဘောသားဆိုင်ရာ စာရွက်စာတမ်းများဖြစ်သော ပတ်စ်ပို့ M257486၊ SID၊ 4 Ticket၊ Pre Sea အစရှိသည့် စာရွက်စာတမ်းများနှင့် တကွ နိုင်ငံသားစိစစ်ရေးကတ် ၁၁/မပတ(နိုင်)၀၄၂၆၇၁တို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၄၂၅၃၀၃၈၇၂သို့ အကြောင်းကြားပေးပါရန်။ တွေ့ရှိသူအား ထိုက်ထိုက်တန်တန် ကျေးဇူးပြန်ဆပ်ပါမည်။

တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်များတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသည်-

စဉ်	ဆောင်ရွက်မည့်လုပ်ငန်း	ယင်းမာပင်မြို့နယ်	ဆားလင်းကြီးမြို့နယ်
၁	လျှပ်စစ်မီးလင်းရေး လုပ်ငန်း	ရေကြည်ပင်ကျေးရွာ၊ မြရိပ်ကျေးရွာ၊မြစိမ်းကျေးရွာ၊ ရွှေပန်းခိုင်ကျေးရွာ၊ သဲကောကြီးကျေးရွာ	မိုးကြိုးပြင်(မ)ကျေးရွာ၊ မိုးကြိုးပြင်(လ)ကျေးရွာ၊ မိုးကြိုးပြင်(တ)ကျေးရွာ
၂	သောက်သုံးရေရရှိရေး လုပ်ငန်း	-	ဖောင်းကား(မ)ကျေးရွာ၊ ဖောင်းကား(လ)ကျေးရွာ၊ ဖောင်းကား(တ)ကျေးရွာ

၂။ အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) **တင်ဒါလျှောက်လွှာရောင်းချရက်** - ၁၂-၆-၂၀၁၄ ရက်မှ ၁-၇-၂၀၁၄ ရက်အထိ
(ခ) **တင်ဒါပိတ်ရက်** - ၂-၇-၂၀၁၄ ရက်
၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၇၁-၂၂၅၃၄နှင့် ၀၇၁-၂၂၅၃၃တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အလက(၂)၊ အဋ္ဌမတန်း(A)မှ မစုမြတ်လှိုင်နှင့် ဆဋ္ဌမတန်း(B)မှ မောင်မြင့်မြတ်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုးဖြစ်ပါသည်။

ဦးအောင်ကျော်မိုး

အမည်မှန်နှင့် ဖခင်အမည်မှန်

အထက (၁) မင်္ဂလာတောင်ညွန့် တက္ကသိုလ်ဝင်တန်း (A)တွင် ပညာသင်ကြားနေသော မတင်ဇာလွင်၏ အမည်မှန်မှာ မတင်ဇာသက်လွင်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးသက်လွင် ၁၄/ညတန(နိုင်)၀၉၆၉၀၃ ဖြစ်ပါသည်။

မြန်မာ့အလင်းသတင်းစာ၏ ၂၂-၄-၂၀၁၄ ရက်စွဲပါ ကန့်ကွက်ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ တောင်ငူလမ်းနှင့် ပင်ယ ၁၃ လမ်းထောင့်၊ မြေကွက်အမှတ် ၃၀၄၊ မြေအကျယ်အဝန်း ပေ(၄၀×၆၀)ရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အရှုပ်အရှင်းပြဿနာအားလုံးကို ညှိနှိုင်းပြေလည်သဘောတူညီမှုရရှိပြီး ရှင်းလင်းပြီးစီးပြီးဖြစ်ပါ၍ ၂၂-၄-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ ပါ (၁)ဒေါ်ခင်ခင်ဝင်း၊ (၂)ဒေါ်ခင်ခင်ရီ၊ (၃)ဦးညဏ်ထွန်း၊ (၄)ဒေါ်ခင်မျိုးသန့်၊ (၅)ဦးထွန်းထွန်းရွှေ၊ (၆)ဦးအေးမင်းတို့မှ ကြေညာခဲ့သော ကြေညာချက်အား ယခုကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်လင်း B.Sc, H.G.P, R.L, C.B.L, D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်/၄၈၅၀)
ဒေါ်သူဇာဟန် LL.B, LL.M အထက်တန်းရှေ့နေ(စဉ်-၂၄၅၃၇)

အမှတ် ၄၁၊ သမ္မာဒိဋ္ဌိလမ်း၊ မလွကုန်းဈေးကြွယ်၊ (က)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၀၄၂၁၇၊ ၀၁-၅၄၄၄၀၂၊ ၀၉-၄၂၅၂၇၂၁၆၁

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၉၁)၊ မြေကွက်အမှတ်(၁၈၄)၊ မြေအကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဦးအုန်းမြင့် ၁၂/ရကန(နိုင်)၀၀၆၁၁၁ အမည်ပေါက်ပါမစ်မြေကွက်နှင့်ပတ်သက်၍

အထက်အမည်ပါမြေကွက်နှင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဦးအောင်ကျော်မျိုး ၇/ညလပ(နိုင်)၁၉၇၀၀၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်ထွဋ်လင်း(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ
အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၅၀၆၁၅၇

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရန်အင်ညို ၁၃/တယန(နိုင်)၀၁၄၅၆၄က ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ မြေကွက်အမှတ် (၅၅)၊ မြေဧရိယာ အကျယ်အဝန်း ၀ဒသမ၁၀၈ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရွှေသပြေအိမ်ရာ၊ နဝရတ်လမ်း၊ အမှတ် (၃၄)ဟု ခေါ်တွင်သည့် နှစ်ထပ် RC တိုက်အိမ်နှင့် ဥပဒေရေးရာအကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူရန် မြေအမည်ပေါက် ဦးမြတ်မင်းမောင် ၉/မထလ(နိုင်)၀၀၁၅၂၉နှင့် ဒေါ်ခိုင်မာဝင်း ၇/ရတန(နိုင်)၀၆၈၇၉၄တို့ထံ စရန်ငွေအချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်ဆွေ B.A (Law), LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၄၃)
အမှတ်-၁၆၃(လေးလွှာ)၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၅၉၄၆၀၊ ၀၉-၅၀၀၉၁၆၇

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သံပေါက်ကျေးရွာတွင် ချောင်းရေတိုက်စား၍ လူနေအိမ် ၃၀ ကျော်နှင့် လယ်မြေ ဧက ၂၀ ပျက်စီး

မင်းကင်း ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် သံပေါက်ကျေးရွာတွင် ဇွန် ၈ ရက်က နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ချောင်းရေတိုက်စားမှုကြောင့် အိမ်အလုံး ၃၀ ကျော် ပျက်စီးခဲ့ကြောင်း သိရသည်။

သံပေါက်ကျေးရွာမှ ချောင်းကမ်းနံဘေးရှိ လူနေအိမ် ၁၂ လုံး ရေထဲမျောပါသွားပြီး ရေမမျောမီက ဖျက်သိမ်းထားသည့် အိမ် ၂၂ လုံးအပါအဝင် စုစုပေါင်း လူနေအိမ် ၃၄ လုံးပျက်စီးသွားကာ လူဦးရေ ၁၁၆ ဦး အိုးမဲ့အိမ်မဲ့ဖြစ်သွားကြောင်း သိရသည်။ အန္တရာယ်ရှိသည့် နောက်ထပ်နေအိမ် ၁၄ လုံးကို ဖျက်သိမ်းရန် ကျန်နေသေးကြောင်း သိရသည်။ ထို့အပြင် ချောင်းရေတိုက်စားမှုကြောင့် လယ်မြေဧက ၂၀ လည်းပျက်စီးသွားပြီး လူနှင့် တိရစ္ဆာန်အသေအပျောက်မရှိကြောင်း သိရသည်။

ရေဘေးသင့် သံပေါက်ကျေးရွာသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့၊ မြေစာရင်း၊ ကျေးလက်ဦးစီး၊ မီးသတ်တပ်ဖွဲ့တို့က သွားရောက်ကြည့်ရှုကာ ရေဘေးသင့်အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းနှင့် မြို့နယ်အစီအစဉ်ဖြင့် တစ်အိမ်ထောင်လျှင် ဆန်ခုနစ်ပြည်နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ချင်းတွင်းသား(iprd)

ဝန်ထမ်းမိသားစု ကျောင်းသားကျောင်းသူများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများပေးအပ်

ဝက်လက် ဇွန် ၁၂

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရဲတပ်ဖွဲ့၏ ဝန်ထမ်းမိသားစုဝင်များအား ၂၀၁၄-၂၀၁၅ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် စာရေးကိရိယာများပေးအပ်ခြင်းကို ဇွန် ၁၀ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဝက်လက်မြို့နယ်အတွင်း စခန်းနယ်မြေအလိုက် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူ မူလတန်း ၂၀၊ အလယ်တန်း ၁၀ ဦး၊ အထက်တန်း ကိုးဦးတို့ကို ပညာသင်စရိတ်ထောက်ပံ့ရာ ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူးရုံးက အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား ကျောင်းသူ ၃၉ ဦးအတွက် ငွေကျပ် ၇၈၀၀၀၊ ကျောင်းသုံးဗလာစာအုပ် ၂၄ဒါဇင်နှင့် မြို့နယ်ရဲတပ်ဖွဲ့က ၄၅ ဦးအတွက် ငွေကျပ် ၉၃၅၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပညာသင်စရိတ်ထောက်ပံ့ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးအောင်က ယနေ့နိုင်ငံတော်ကအခြေခံပညာမူလတန်းနှင့် အလယ်တန်းကျောင်းပညာသင်ကြားခြင်းကို အခမဲ့ပညာသင်ကြားရေးစနစ်ဖြင့် သင်ကြားခွင့်ရှိအောင် ဆောင်ရွက်ပေးသကဲ့သို့ မိမိတို့ဌာနတွင် တာဝန်ထမ်းဆောင်နေရသည့် ဝန်ထမ်းသားသမီးများကိုလည်း ဌာနမှတတ်နိုင်သရွေ့ ယခုကဲ့သို့ပညာသင်ထောက်ပံ့စရိတ်နှင့်စာရေးကိရိယာများကိုပေးအပ်ရသည့်အတွက် ကျောင်းသားများအနေဖြင့် ပညာသင်ကြားရေးတွင် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

နန်းမြင့်

ကြက်သွန်စိုက်တောင်သူများအား ပထမဆုံးအကြိမ် စိုက်ပျိုးစရိတ်ချေးမည်

မြင်းခြံ ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံမြို့နယ်နှင့် တောင်သာမြို့နယ်တို့တွင် ကြက်သွန်နီစိုက်ပျိုးသော တောင်သူများကို နိုင်ငံတော်က ပထမဆုံးအကြိမ် စိုက်ပျိုးစရိတ်များ ထုတ်ချေးသွားတော့မည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီသည် စီမံကိန်းဝင်သီးနှံများမဟုတ်သဖြင့် ယခင်က ကြက်သွန်စိုက်တောင်သူများအား စိုက်ပျိုးစရိတ်ထုတ်ချေးပေးခြင်းမရှိခဲ့ကြောင်း သိရသည်။ ယခုအခါ အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာဆပ်ကော်မတီနှင့်တွေ့ဆုံပွဲတွင် တောင်သူလယ်သမားကိုယ်စားလှယ်တစ်ဦးက ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်များအား ပြင်ပမှအတိုးနှုန်းကြီးစွာ ချေးယူလုပ်ကိုင်နေရသဖြင့် အတိုးနှုန်းသက်သာစွာဖြင့်ချေးယူရရှိနိုင်ရေးတင်ပြဆွေးနွေးခဲ့သဖြင့် သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ဆပ်ကော်မတီအဖွဲ့က တာဝန်ယူ၍ ထုတ်ချေးပေးသွားရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

မြင်းခြံမြို့နယ်နှင့် တောင်သာမြို့နယ်တို့သည် ကြက်သွန်စိုက်ပျိုးမှုကို အဓိကထားသောမြို့နယ်များဖြစ်ရာ ကြက်သွန်နီ စိုက်တောင်သူများအား သမဝါယမဦးစီးဌာနက အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရှိရသဖြင့် ကြက်သွန်စိုက်တောင်သူများအတွက် များစွာအဆင်ပြေကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ကလေးဝ-ယားကြီး-မုံရွာလမ်းပိုင်း အိန္ဒိယအကူအညီဖြင့် လမ်းကြောင်းပြောင်းမည်

ကလေး ဇွန် ၁၂

၁၁၅ မိုင်ရှည်လျားသော ကလေးဝ-ယားကြီး- မုံရွာလမ်းပိုင်းရှိ ၆၂/၄ နှင့် ၇၂/၆ အပိုင်းကို အိန္ဒိယနိုင်ငံ၏အကူအညီဖြင့် လမ်းကြောင်းပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားလွှတ်တော် ဒသမအကြိမ် ပုံမှန်အစည်းအဝေး ပထမနေ့တွင် ဆောက်လုပ်ရေးဝန်ကြီးက ဖြေကြားသွားသည်။

ဆောက်လုပ်ရေးဝန်ကြီးက "ကလေးဝ-ယားကြီး-မုံရွာလမ်းပိုင်း ၆၂/၄ နှင့် ၇၂/၆ အပိုင်းဟာ ရွှေသမင်တောင်တန်းနှင့် အလွန်နီးကပ်တာကြောင့် မြေသားတည်ငြိမ်မှုမရှိပါဘူး။ အမြဲတမ်းပဲ ရွေ့လျားနေပါတယ်။အထူးသဖြင့် မိုးတွင်းကာလမှာ လမ်းသားပျက်ပြီးတော့ သွားလို့မရအောင်ဖြစ်တဲ့အပိုင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီအပိုင်းကို အိန္ဒိယနိုင်ငံရဲ့ အကူအညီယူပြီးတော့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလပိုင်းကစပြီးတော့ လမ်းကြောင်းပြောင်းဖို့အတွက် လေ့လာမှုတွေလုပ်နေပါတယ်။ လမ်းကြောင်းပြောင်းမှလည်း လမ်းသားဟာ ပြည့်ပြည့်ဝဝ လမ်းသားကောင်းမွန်ပြီးတော့ ကတ္တရာခင်းလို့ သင့်တော်မယ့်လမ်းဖြစ်ပါတယ်"ဟု ပြောသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က "မုံရွာ-ယားကြီး-ကလေးဝလမ်းဟာ ကလေးမြို့နယ်နှင့် တမူးမြို့နယ်အပြင် ချင်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်သူတွေ အဓိကအားထားပြီး သွားလာနေရတဲ့လမ်း ဖြစ်ပါတယ်။ ခရီးသွားလာမှု ၊ ကုန်စည်စီးဆင်းမှုတွေမှာ အရေးပါရုံသာမက မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးအတွက် အဆင်ပြေဆုံး၊ အတိုတောင်းဆုံး လမ်းဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီလမ်းဟာ မိုးရာသီဆိုသွားလို့မရတဲ့လမ်း ဖြစ်တာကြောင့် ကလေး -ဂန့်ဂေါ - မုံရွာလမ်းကပဲ သွားရပါတယ်။ ယားကြီးလမ်းဟာ ကလေးကဘော်လွင်ပြင်ဒေသအတွက် အရေးပါတဲ့လမ်းဖြစ်တာကြောင့် ဘယ်လိုပြင်မယ်၊ ဘယ်နေ့စမယ်၊ အိန္ဒိယကနေ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မယ်ဆိုတာကို လွှတ်တော်မှာမေးမြန်းရခြင်းဖြစ်ပါတယ်"ဟု မေးမြန်းမှုကို ဖြေကြားခဲ့ခြင်းဖြစ်သည်။

သျှင်နေမင်း

ဆားလင်းကြီးမြို့နယ် အလယ်တန်းကျောင်းခွဲတွင် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ဆားလင်းကြီး ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် နှောကူးတို့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အတန်းအလိုက် အောင်မြင်သူ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားနှင့် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလှူရှင်များက ဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ထို့နောက် အတန်းအလိုက် အောင်မြင်သူများနှင့် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးအသီးသီးဖြင့် အောင်မြင်ခဲ့ကြသော ဒေသခံကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ခဲ့ကာ စာရေးဆရာ ညီပုလေးက "သဘာဝကို ချစ်တတ်ပါစေ" ခေါင်းစဉ်ဖြင့် စာပေဟောပြောခဲ့သည်။ အခမ်းအနားသို့ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးငယ်(ဆားလင်းကြီး)

မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့၏ ကြေညာချက်(၀၅/၂၀၁၄)

(၁) မြန်မာနိုင်ငံ ဗိသုကာဘုတ်အဖွဲ့ (Board of Architects Myanmar)၏ ၁၈ မေ ၂၀၁၄ တွင် ကျင်းပသော (၁၃)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ဗိသုကာအသင်းက ထုတ်ပေးသည့် မှတ်ပုံတင်ဗိသုကာလက်မှတ် ရယူထားသော RA(Registered Architect) များအားလုံးကို လိုင်စင်ဗိသုကာ LA(Licensed Architect) အဖြစ် ပြောင်းလဲသတ်မှတ်ပေးမည်ဖြစ်ပါသည်။

(၂) သို့ဖြစ်ပါ၍ ၂၀၁၄ ဖေဖော်ဝါရီလအတွင်းက အကြီးတန်းလိုင်စင်ရ ဗိသုကာ Sr.LA(Senior Licensed Architect) အဖြစ် သတ်မှတ်ခံရပြီးသော ဗိသုကာများမှလွဲ၍ကျန် RA(Registered Architect) များအားလုံး လာရောက်လျှောက်ထားနိုင်ပါသည်။

(၃) လျှောက်လွှာများကို ၁၅ ဇွန် ၂၀၁၄ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၃၀ ဇွန် ၂၀၁၄ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဗိသုကာဘုတ်အဖွဲ့ ရုံးခန်းသို့ ပြန်လည်တင်ပြရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့ရုံးခန်းလိပ်စာ
၂၂၈-၂၃၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ တတိယထပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်-၀၉-၇၃၁၅၄၄၆၀
ဆက်သွယ်ရန်-ဒေါ်ဆက်ရည်ဖြိုး၊ ရုံးအဖွဲ့မှူး

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရန်အင်ညို ၁၃/တယန(နိုင်)၀၁၄၅၆၄က ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ရတနာအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ လူနေရပ်ကွက်အမှတ် သန်လျင်အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် ၃၀၇၊ မြေဧရိယာအကျယ်အဝန်း ၇၃၃၀၊ စတုရန်းပေ ၀ ဒသမ ၁၆၈ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် သန်လျင်ရတနာအိမ်ရာစီမံကိန်း၊ အမှတ် ၃၀၇ဟုခေါ်တွင်သော ဆောက်လက်စ RC နှစ်ထပ်တိုက်အိမ်နှင့် ဥပဒေရေးရာအကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက် ဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၄၉၂၄၂၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၂၉၅/၂၀၁၃ ရသူ ဦးသကြင်န်ကျော် ၉/မရတ(နိုင်)၀၀၃၁၆၇ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်ချို့တဝက် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်ဆွေ B.A(Law), LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၃)
အမှတ် ၁၆၃(လေးလွှာ)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၅၉၄၆၀၊ ၀၉-၅၀၀၉၁၆၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄/ကံဘဲ့၊ မြေကွက်အမှတ် ၂၃၊ ကိုဘိုးရန်၊ မမိ၊ (မြို့မြေစာရင်းတွင် မှတ်ပုံတင်အမှတ်မပါ) အမည်ပေါက် မြေအမျိုးအစား B မြေ၊ ဧရိယာ ၀ ဒသမ ၂၆၃ ဧကအနက်မှ မခွဲမစိတ်ရသေးသော ၃၃'·၆"/၃၂'·၃" × ၄၀'/၄၂' မြေကွက်တည်နေရာအမှတ်(၁၇၃)၊ ရွှေသစ္စာလမ်း၊ (၁၃)ရပ်ကွက်ကို ရန်ကင်းမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၂၉/၂၀၁၁နှင့် တရားမဇာရီမှုအမှတ် ၁/၂၀၁၂ အမိန့်တို့အရ တရားရှုံးဦးဘိုးရန်၊ မမိတို့ကိုယ်စား ရန်ကင်းမြို့နယ် တရားရုံးဘိလစ် ဦးအောင်ဖူးမှ ချုပ်ဆိုပေးသော အရောင်းအဝယ်စာချုပ်အမှတ် ၄၂၇၇/၁၂၊ ၃-၉-၁၃တင်ပြ၍ ဒေါ်တင်ဝင်း ၁၂/ရကန(နိုင်)၀၄၄၇၂၁ က လယ်ယာမြေ ဥပဒေပုဒ်မ ၃(က)အရ လယ်ယာမြေဆို သည့် စကားရပ်တွင် အကျုံးမဝင်ကြောင်း ဝန်ခံချက်လက်မှတ်(၃/က) လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပျောက်ဆုံး

ဦးမိုးဇော် ၁၂/ပဘတ(နိုင်)၀၁၆၅၂၈ ၏ BST (4 Ticket) လက်မှတ် ၁၆-၄-၂၀၁၄ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဤဖုန်းကို အကြောင်းကြားပေးပါရန်။ **ဦးမိုးဇော် ဖုန်း-၀၉-၄၅၀၉၄၆၅၆၁**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သဃ်န်းကျွန်းမြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၉

ဒေါ်ထွေးထွေးတင် **နှင့်** ဒေါ်နှင်းရွှေပါ-၇
တရားလို **တရားပြိုင်များ**

အိမ်အမှတ် (၆/၁၆)၊ ခြံအမှတ် (၃၀၅)၊ ညီညွတ်ရေးလမ်း၊ င/ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ယခုနေရပ်လိပ်စာမသိ) ဦးထွန်းထွန်းအောင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၁၆ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းလွင်
တွဲဖက်မြို့နယ်တရားသူကြီး(၁)
သဃ်န်းကျွန်းမြို့နယ်တရားရုံး

သတ္တမအကြိမ် EPS-TOPIK စာမေးပွဲအောင်မြင်သူများအား ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးမည့် အစီအစဉ်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီနှင့် ကိုရီးယားသမ္မတနိုင်ငံ အလုပ်သမားဝန်ကြီးဌာန လူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့မှပူးပေါင်း၍ ၁၀-၅-၂၀၁၄ရက်နှင့် ၁၁-၅-၂၀၁၄ရက်များတွင် ကျင်းပခဲ့သော သတ္တမအကြိမ် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ (ကုန်ထုတ်လုပ်ငန်း) အောင်မြင်သူများအား စတုတ္ထအကြိမ်မြောက် ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများသည် အောက်ဖော်ပြပါအချက်အလက်များဖြင့် လျှောက်ထားနိုင်ပါသည်-

၂။ **လုပ်ငန်းအမျိုးအစား-** ကုန်ထုတ်လုပ်ငန်း

သတ္တမအကြိမ် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲအောင်မြင်ခဲ့သည့် လုပ်ငန်းအမျိုးအစား (ကုန်ထုတ်လုပ်ငန်း) အတွက်သာ လျှောက်ထားရမည်ဖြစ်ပြီး၊ ရွေးချယ်ပြီးသော လုပ်ငန်းအမျိုးအစားအား ပြောင်းလဲခွင့်မရှိပါ။

၃။ **ဖြေဆိုခွင့်အရည်အချင်း**

၂၀၁၄ ခုနှစ် မေ ၁၀ ရက်နှင့် ၁၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော သတ္တမအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများထဲမှ စိတ်ပါဝင်စားသူများ-

လုပ်ငန်းအမျိုးအစား	ဖြေဆိုခွင့်အရည်အချင်း
ကုန်ထုတ်လုပ်ငန်း	စုစုပေါင်းအမှတ် ၂၀၀ မှ အမှတ် ၁၁၂ မှတ်နှင့် အထက်ရရှိသူများ

ဖြေဆိုခွင့်မရှိသူများ - ယခင်က ဖြေဆိုခဲ့ဖူးသောသူ၊ ပြည်ဝင်ခွင့်ဗီဇာမရရှိသောသူ

၄။ **လျှောက်လွှာတင်ခြင်း**

(က) လျှောက်လွှာလက်ခံမည့်ရက် - ၁၆-၆-၂၀၁၄ရက်မှ ၁၉-၆-၂၀၁၄ရက်အထိ နံနက် ၀၉း၀၀ နာရီ မှ ၁၈း၀၀ နာရီအထိ

(ခ) လျှောက်လွှာလက်ခံမည့်နေရာ - အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ် (၈/၁) နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) လျှောက်လွှာတင်ရမည့်နည်းလမ်း - လျှောက်ထားသူကိုယ်တိုင်

(ဃ) လိုအပ်သည့်စာရွက်စာတမ်းများ - နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံကူးလက်မှတ် EPS -TOPIK စာမေးပွဲဖြေဆိုခွင့်ကတ်ပြား

(င) စာမေးပွဲဖြေဆိုခ - အခမဲ့

၅။ **စာမေးပွဲကျင်းပမည့်စာစစ်ဌာန ရက်/အချိန်**

(က) ဖြေဆိုမည့်သူ တစ်ဦးချင်းအတွက် ဖြေဆိုရမည့်ရက်၊ အချိန်၊ နေရာအသေးစိတ်ကို ၁၈-၇-၂၀၁၄ရက် (သောကြာနေ့) တွင် အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီရုံးတွင် ထုတ်ပြန်ကြေညာမည်။

(ခ) စာမေးပွဲကျင်းပမည့်ရက် - ၂၆-၇-၂၀၁၄ရက်မှ ၃၀-၇-၂၀၁၄ရက်အထိ

(ဂ) စာမေးပွဲကျင်းပမည့်နေရာ - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ပင်လုံခန်းမ မင်းရဲကျော်စွာလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)။

၆။ **စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာခြင်း**

(က) ကြော်ငြာမည့်ရက် - ၁၃-၈-၂၀၁၄ ရက်

(ခ) ကြော်ငြာမည့်နည်းလမ်း - အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံ HRD ဌာန၊ အဖွဲ့အစည်း၏ ဝက်ဘ်ဆိုက် (http;//www.eps.go.kr) နှင့် (http;//www.hrdkorea.or.kr) ၌ကြေညာထားပါသည်။

၇။ **စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

စုစုပေါင်းအမှတ်	ကိုယ်ကာယကြံ့ခိုင်မှု စစ်ဆေးခြင်း	လုပ်ငန်းအတွေ့အကြုံနှင့်လူတွေ့ စစ်ဆေးခြင်း	အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း
၂၅၀	၅၀	၁၀၀	၁၀၀

ကိုယ်ခန္ဓာကြံ့ခိုင်မှုစစ်ဆေးခြင်း - နေရာတွင်ရပ်၍ အမြင့်ခုန်ခြင်းကို (၁)မိနစ်ခန့်ပြုလုပ်ခြင်း၊ ခန္ဓာကိုယ်ပျော့ပြောင်းမှု၊ ကြွက်သားများသန်မာမှုစစ်ဆေးခြင်း၊

လုပ်ငန်းအတွေ့အကြုံ/လူတွေ့ နှုတ်ဖြေစစ်ဆေးခြင်း - ကိုရီးယားဘာသာအခြေခံစကားပြော၊ နားလည်မှုနှင့်အဖတ်စွမ်းရည်၊ လုပ်ငန်းအတွေ့အကြုံ လူတွေ့စစ်ဆေးခြင်း (နှုတ်ဖြေစစ်ဆေးစဉ် ဗီဒီယိုမှတ်တမ်းစက္ကန့် ၃၀ ရိုက်ကူးပါမည်။

အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း - ကုန်ထုတ်လုပ်ငန်းအတွက် ပင်များကို ပုံသဏ္ဌာန်၊ အရွယ်အစား၊ အရောင်အလိုက် ခွဲခြား၍ မှန်ကန်စွာထားရှိခြင်း၊ သံကွင်းများအား အရွယ်အစားအလိုက် မှန်ကန်စွာ ချိတ်ဆွဲပေးခြင်း၊ ဘုတ်ပြားထဲတွင် အစိတ်အပိုင်းများအား မှန်ကန်စွာထည့်သွင်းပေးခြင်း။

၈။ **ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်း ဖြေဆိုသူများနှင့် ထူးချွန်အောင်မြင်သူများအတွက် အကျိုးခံစားခွင့်**

(က) အမှတ်ပြည့် (၂၅၀)တွင် အမှတ် (၂၀၀)နှင့်အထက် ရရှိသော ထူးချွန်စွာအောင်မြင်သူများအား ကိုရီးယားအလုပ်ရှင်များသို့ ပထမဦးစားပေးအဖြစ် အလုပ်မိတ်ဆက်ပေးခြင်း။

(ခ) အမှတ် (၂၀၀)အောက်နှင့် (၁၀၀)အထက် ရရှိသူများအား ကိုရီးယားအလုပ်ရှင်များသို့ ဒုတိယဦးစားပေးအဖြစ် အလုပ်မိတ်ဆက်ပေးခြင်း။

(ဂ) ဖြေဆိုမှုဘာသာရပ် တစ်ခုစီအလိုက် အမှတ်(၄၀)အောက် စုစုပေါင်းရမှတ် (၁၀၀)အောက် ရရှိသူများအား ဦးစားပေးမိတ်ဆက်ပေးမည်မဟုတ်ပါ။

၉။ **ဖြေဆိုသူများ သတိပြုလိုက်နာရန်**

(၁) သတ်မှတ်ထားသောအချိန်ထက် နောက်ကျရောက်ရှိလာသူအား ဖြေဆိုခွင့်မရှိပါ။

(၂) ဖြေဆိုသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံကူးလက်မှတ်နှင့် EPS Topik စာမေးပွဲဖြေဆိုခွင့်ကတ်ပြား၊ မပါရှိပါက ဖြေဆိုခွင့်မရှိပါ။

(၃) စာမေးပွဲဖြေဆိုရာတွင် လိမ်ညာဖြေဆိုခြင်းတွေ့ရှိရပါက အမှတ် သုညဟု သတ်မှတ်မည်။

(၄) စာမေးပွဲဖြေဆိုရန် လိုအပ်သောလက်တွေ့ပစ္စည်းများအား စာမေးပွဲစစ်ဆေးရေးအဖွဲ့မှ ပံ့ပိုးပေးမည်ဖြစ်၍ ပြင်ပမှ သယ်ဆောင်ခွင့်မရှိ။

(၅) သင့်လျော်သော ဘေးအန္တရာယ်ကင်းသောဝတ်စုံများ၊ ကိုယ်ခန္ဓာကြံ့ခိုင်ရေးနှင့် အခြေခံကျွမ်းကျင်မှု စစ်ဆေးရာတွင် ဝတ်ဆင်ရမည်။

(၆) စာမေးပွဲစစ်ဆေးစဉ် လုပ်သား၏ ဂရုမထားမှုကြောင့် မမျှော်လင့်သော ထိခိုက်ဒဏ်ရာရရှိပါက လုပ်သား၏တာဝန်သာ ဖြစ်သည်။

(၇) ကြော်ငြာထုတ်ပြန်ထားသော ကျွမ်းကျင်မှုအဆင့် စစ်ဆေးလွှာပါဖော်ပြချက်များအားကြည့်ရှုပြီး ရလဒ်ကောင်းရရှိအောင် ကြိုတင်လေ့ကျင့်ထားပါ။

၁၀။ ကျွမ်းကျင်မှုစစ်ဆေးခြင်း၊ ဝင်ရောက်ဖြေဆိုခွင့်မရရှိသော်ငြားလည်း သတ္တမအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲအောင်မြင်သူအားလုံးသည် အလုပ်လျှောက်လွှာများ လျှောက်ထားနိုင်ပါသည်။

အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ

မင်္ဂလာမော်ကွန်းတင်လက်မှတ်ထိုးနှင့် မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ရွှေပင်လုံရိပ်မွန်အပိုင်း(၃)၊ အိမ်အမှတ် ၄၅ နေ
ဦးပြေအောင် (Director, National Steel & Construction Company Limited)-
ဒေါ်ယုယုလွင် (Managing Director, ပြေအောင်ဆောက်လုပ်ရေး) တို့၏သားငယ်

ဗိုလ်စစ်ငြိမ်းအောင်

M.B, B.S (DSMA)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်း၊ စိုက်ပျိုးရေးဝင်း၊ အိမ်အမှတ်(၂၃)နေ
ဦးထွန်းပေါ (ဒုတိယ-ညွှန်ကြားရေးမှူး) - ဒေါ်မိုးကြည်ဝင်း (ဒုတိယ-ညွှန်ကြားရေးမှူး)
(စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)တို့၏သမီး

ဒေါက်တာမေသော်ရည်ဝင်း

M.B, B.S (Ygn)

တို့၏ ၁၀-၅-၂၀၁၄ ရက်တွင် Sedona Hotel ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းတရားသူကြီးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာငြိမ်း၊ အသိသက်သေအဖြစ် ဆောင်ရွက်ပေးပါသော ဦးထွန်းထွန်းလင်း (MD, Barons Industrial Technology Co.,Ltd.)နှင့်ဇနီး ဒေါ်ဖြူဇာသွယ်(Director, Blue Sky Co., Ltd.)၊ ဦးဘုန်းကြွယ်(ဒုတိယအင်ဂျင်နီယာချုပ်၊ မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းနှင့်)ဇနီး ဒေါ်နော်ထားထားမူ၊ မင်္ဂလာသြဝါဒစကားချီးမြှင့်ပေးပါသော ဦးစန်းမြင့်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၊ ၁၈-၅-၂၀၁၄ရက်တွင် Inya Lake Hotel၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဦးအုန်းသန်း(ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်တင်ဝင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးစံငြိမ်း(Director, SSC Hospital)နှင့်ဇနီး ဒေါ်သိန်းဝင်း၊ မင်္ဂလာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဝင်းတင်၊ မင်္ဂလာတေးဂီတ-ဂီတမှူးဒေါက်တာသိန်းမြင့်သန်းနှင့် မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော အကယ်ဒမီချိုပြုံး၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မဆုရတနာဝင်း၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာသက်လျှာအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မမေနန္ဒီထွန်းနှင့်မစိုးယုလှိုင်၊ မင်္ဂလာသတို့သား၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်စစ်နိုင်အောင်၊ ဗိုလ်ရဲလှိုင်ဦး၊ ဒေါက်တာမော်လီမိုး၊ ဒေါက်တာမြတ်ပြည့်မွန်၊ မင်္ဂလာဝတ်စုံနှင့်မိတ်ကပ် အလှဆင်ပေးပါသော လင်းလင်း(Make-up Artist)နှင့်အဖွဲ့၊ မှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံများကို စိတ်တိုင်းကျရိုက်ကူးပေးပါသော ကိုအောင်ကျော်မိုး(New Image)နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော ကိုဆွေ၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ထိုးပွဲနှင့် မင်္ဂလာညစာစားပွဲတို့တွင် မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော Designer မဟန်နီနှင့် မချစ်စု(Radhar Fashion)၊ မင်္ဂလာညစာစားပွဲတွင် တေးဂီတဖြင့် စိတ်ရှည်လက်ရှည် တီးခတ်ပေးပါသော ကိုဇော်မင်းအောင်နှင့်အဖွဲ့၊ Sedona Hotel, Inya Lake Hotel နှင့် White Rice Resturant တို့မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်များ၊ ချီးမြှင့်ပေးပို့ကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးအထူးဥပကာရတင်ရှိကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်စစ်ငြိမ်းအောင်-ဒေါက်တာမေသော်ရည်ဝင်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၉၃၁၈ BMW S/L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူအေး ၉/မရတ(နိုင်)၁၁၁၉၉၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ငွေထွန်း ၁၀/ကမရ(နိုင်)၁၁၂၃၇၉၏ နိုင်ငံကူးလက်မှတ် M-၃၆၂၇၂၃သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၂၈၁၃၉၆

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်း၊ အမှတ် ၃၇/၃တွင် နေထိုင်လျက်ရှိသော ဦးကျော်စိုးသိန်း ၁၂/ပဇတ(နိုင်)၀၁၂၈၁၂၏ ၈-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာ စာမျက်နှာ ၆ ပါ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ဦးကျော်စိုးသိန်း ၁၂/ပဇတ(နိုင်)၀၁၂၈၁၂မှာ ပုဇွန်တောင်မြို့နယ်၊ လမ်း ၅၀၊ အမှတ် ၁၀၃/၃တွင် လက်ရှိနေထိုင်ခြင်းမရှိပါ။ ဦးကျော်စိုးသိန်းက မမိုးမိုးမြင့်ထံ ရှေ့နေမှတစ်ဆင့် ပေးပို့ခဲ့သည့် ၂၄-၄-၂၀၁၄ ရက်စွဲပါ အကြောင်းကြားစာတွင် ဦးကျော်စိုးသိန်း၏ နေရပ် လိပ်စာကို ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်း၊ အမှတ် ၃၇/၃ဟု ဖော်ပြ၍ ပေးပို့ခဲ့ပါသည်။ ဖခင် ဦးလှမြင့်နှင့် မိခင်ဒေါ်ခင်ခင်စိုးတို့ လက်ထပ်ပြီးနောက် ဖခင်ဦးလှမြင့် တာဝန်ထမ်းဆောင်ရာနေရာအသီးသီးတွင် ဒေါ်ခင်ခင်စိုးက လိုက်ပါနေထိုင်ခဲ့ရခြင်းဖြစ်ပြီး ဦးလှမြင့်မှာ ဝန်ထမ်းတစ်ဦးသာဖြစ်၍ ဒေါ်ခင်ခင်စိုးဘက်မှ ဆွေမျိုးများကို မည်သည့်အခါကမျှ ကျွေးမွေးစောင့်ရှောက်ထောက်ပံ့ခဲ့ခြင်းမရှိပါ။ ဦးလှမြင့်နှင့် ဒေါ်ခင်ခင်စိုးတို့မှ မွေးဖွားသည့် ဦးကျော်စိုးသိန်းနှင့် မမိုးမိုးမြင့်တို့ မောင်နှမနှစ်ဦးကိုသာ မိခင်ဒေါ်ခင်ခင်စိုးဘက်မှ အဘွား၊ ဦးလေး၊ အဒေါ်များက ငယ်စဉ်တောင်ကျေးကလေးဘဝထဲက ကျွေးမွေးပြုစုစောင့်ရှောက် ထောက်ပံ့ခဲ့ရခြင်းဖြစ်ပါသည်။ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ လမ်း ၅၀(အလယ်လမ်း)၊ အိမ်အမှတ် ၁၀၃/၁၀၅ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ အဘွားဒေါ်သောင်းရွှေ စီဂျေ-၀၀၉၆၆၇နှင့် ဒေါ်ဧကြည် စီဂျေ-၀၀၁၄၄၈တို့ ညီအစ်မနှစ်ဦးက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၇၂၇/၇၄ ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် မြေနှင့်အဆောက်အအုံဖြစ်ပါသည်။ ထိုသို့ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် ညီမဖြစ်သူ ဒေါ်ဧကြည်က ၄င်းပိုင်ဆိုင်သည့်အစုကို အစ်မဒေါ်သောင်းရွှေအား မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် ၂၈၆/၈၂ ဖြင့် စွန့်လွှတ်ခဲ့သဖြင့် အဆိုပါမြေနှင့်အဆောက်အအုံမှာ ဒေါ်သောင်းရွှေတစ်ဦးတည်းပိုင်ဆိုင်သည့် မြေနှင့်အဆောက်အအုံဖြစ်ပါသည်။ ဒေါ်သောင်းရွှေမှာအမည်ခံမဟုတ်သကဲ့သို့ ဦးလှမြင့်၊ ဒေါ်ခင်ခင်စိုးတို့ပိုင်ငွေနှင့် ဝယ်ယူခဲ့ခြင်းလည်းမဟုတ်ပါ။ ဖခင်ဦးလှမြင့်မကွယ်လွန်မီက ဦးကျော်စိုးသိန်းနှင့် မမိုးမိုးမြင့်တို့အား ခွဲဝေပေးအပ်ရန် အဒေါ်များဖြစ်သော ဒေါ်တင်တင်ဦးနှင့် ဒေါ်လှလှဝင်းတို့ လက်ဝယ်ပေးအပ်ခဲ့သည့် ဦးကျော်စိုးသိန်းအတွက် ရွှေထည်ပစ္စည်းများနှင့် ဒေါ်မိုးမိုးမြင့်အတွက် ကျောက်စိမ်းဝမ်းဆက်(နားကပ်မပါ)တို့ကို ဖခင်ဦးလှမြင့် ကွယ်လွန်ပြီးနောက် အဒေါ်များက ဦးကျော်စိုးသိန်းနှင့် မမိုးမိုးမြင့်တို့အား ခွဲဝေပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ မမိုးမိုးမြင့်လက်ဝယ်မည်သည့်လက်ဝတ်လက်စားမှ ကျန်ရစ်ခဲ့ခြင်းမရှိပါ။ ဒေါ်သောင်းရွှေဝယ်ယူပိုင်ဆိုင်သည့် မှတ်ပုံတင်စာချုပ်မှာ မမိုးမိုးမြင့်လက်ဝယ်မရှိသကဲ့သို့ ဒေါ်သောင်းရွှေက ဒေါ်ခင်ခင်စိုးအား မေတ္တာဖြင့် ပြန်လည်ပေးအပ်ခဲ့ခြင်းမရှိပါ။ ဦးကျော်စိုးသိန်းကသာ အဘွားဒေါ်သောင်းရွှေနှင့်အဒေါ်များက လူမမယ်ကလေးဘဝအရွယ်မှစ၍ ဦးကျော်စိုးသိန်းနှင့် မမိုးမိုးမြင့်တို့အားကျွေးမွေးစောင့်ရှောက်ခဲ့သည့် မျက်နှာကိုမထောက်ထားဘဲ ဘုရား၊ ရဟန်းဒါယိကာမကြီး အဘွားဒေါ်သောင်းရွှေကျန်ရစ်သည့်ပစ္စည်းကို မိဘနှစ်ပါးကိုခုတုံးလုပ်၍ မောင်နှမအရင်းတော်စပ်မှုကို လျစ်လျူရှုကာ မိမိမပိုင်မှန်းသိလျက် လောဘစိတ်ဖြင့် မတရားတောင်းခံနေခြင်းဖြစ်သဖြင့် မမိုးမိုးမြင့်က ရှေ့နေမှတစ်ဆင့် အမှန်အတိုင်းအကြောင်းပြန်ကြားခဲ့ခြင်းဖြစ်ပါသည်။ မမိုးမိုးမြင့်သည် အနန္တဂိုဏ်းဝင်မိဘနှစ်ပါးအား ဦးထိပ်ထားသူဖြစ်၍ ဦးကျော်စိုးသိန်း ၁၂/ပဇတ(နိုင်)၀၁၂၈၁၂ ၏ ၈-၆-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာပါ ဦးကျော်စိုးသိန်း၏ ကြေညာချက် စွပ်စွဲဖော်ပြချက်များမှာ ဦးကျော်စိုးသိန်း၏ စိတ်နေစိတ်ထားကို ဖော်ပြနေသော စကားရပ်များသာဖြစ်၍ မမိုးမိုးမြင့်နှင့် သက်ဆိုင်ခြင်းမရှိပါ။

မမိုးမိုးမြင့်အနေဖြင့် မိဘနှစ်ပါးအားစော်ကားခဲ့ခြင်းမျိုးမရှိသကဲ့သို့ မြေကွက်နှင့်တိုက်ခန်းများမှာလည်း အဘွားဒေါ်သောင်းရွှေအမည်ပေါက်ပိုင်ဆိုင်သော တိုက်ခန်းများဖြစ်၍ မောင်နှမနှစ်ဦးကြား ညှိနှိုင်းခွဲဝေရန်အကြောင်းမရှိပါ။ ဦးကျော်စိုးသိန်းနှင့် မမိုးမိုးမြင့်တို့ မောင်နှမနှစ်ဦးကြားကိစ္စရပ်မှာ အဒေါ် ဒေါ်လှလှဝင်း၊ ဦးလေး ဦးကျော်ညွန့်တို့နှင့်သက်ဆိုင်ခြင်းမရှိပါဘဲလျက် ဦးလေး၊ အဒေါ်များအပေါ် မမှန်မကန်သောစွပ်စွဲချက်များဖြင့် ကြေညာချက်ထည့်သွင်းထားခြင်းအား ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ဦးကျော်စိုးသိန်း၏ မမှန်ကန်သော စွပ်စွဲချက်များအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မမိုးမိုးမြင့်
၁၂/ပဇတ(နိုင်)၀၀၁၁၄၄
အမှတ် ၁၀၃၊ လမ်း ၅၀၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ညောင်ကန်အေးသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်တော်မူကြမည့် မဟာဓမ္မကထိက ဗဟုဇနဟိတရေ၊ ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ဣန္ဒက အမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား ဝေယျာဝစ္စ အမှုဆောင်အဖွဲ့မှ ဦးဆောင်၍ (၃၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၆ ခုနှစ် ဝါဆိုလပြည့်နေ့ (၁၁-၇-၂၀၁၄ရက်) သောကြာနေ့ သာသနာသီတလဓမ္မဗိမာန်တော် မြေညီထပ်တွင် နံနက် ၇နာရီမှ ၉ နာရီအတွင်း အလှူရှင်များကိုယ်တိုင် သင်္ကန်းဒွိစုံ ကျပ် ၃၅၀၀၊ ထီးတစ်လက် ကျပ် ၂၀၀၀၊ ဖိနပ်တစ်ရံ ကျပ် ၂၀၀၀၊ သံဃာတော်ဆွမ်း ကျပ် ၁၀၀၀၊ ယောဂီဆွမ်း ကျပ် ၅၀၀ ဖြင့် စေတနာသဒ္ဓါပြဋ္ဌာန်းပြီး ဆရာတော်အား ဝါဆိုသင်္ကန်းကပ်လှူနိုင်ပါသည်။ နံနက် ၉ နာရီခွဲတွင် လှူဒါန်းမှုအစုစုအတွက် ရေစက်ချအနုမောဒနာတရားဟောကြားမည်ဖြစ်ပြီး ၁၀း၃၀ နာရီတွင် သံဃာတော် ယောဂီများအား နေ့ဆွမ်းဆက်ကပ်ပြီး အလှူရှင်တို့အား ဘောဇဉ်အာဟာရတို့ဖြင့် ဧည့်ခံကျွေးမွေးပါမည်။

ပျောက်ဆုံးကြောင်း

ကျွန်မ လင်ကျင်ပို့၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။

ဖုန်း-၀၁-၂၅၃၅၁၅

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံး၌
၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၂၃၀

ဦးနေလင်းဟန် **နှင့်** ၁။ ဒေါ်ခင်သက်ချို
၂။ ဒေါ်ဝင်းမင်းသန်း

တရားလို **တရားပြိုင်များ**

(၁) အမှတ် ၇၉၈၊ ကြိုးကြာလမ်း၊ ၆ ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နေ (ယခုလိပ်စာမသိ) ဒေါ်ခင်သက်ချို၊ (၂) အမှတ် (၈/၆၈)၊ ဂန္ဓာမာလမ်း၊ လှိုင်သာယာမြို့နယ် (ယခုလိပ်စာမသိ) ဒေါ်ဝင်းမင်းသန်း သိစေရမည်။

သင့်အပေါ်၌ ဦးနေလင်းဟန်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၃၀ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိ သည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဥမ္မာတင်
ဒုတိယခရိုင်တရားသူကြီး(၁)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ မြေကွက်အမှတ် (၅၆၇)၊ မြေအကျယ်(အလျား ၄၃ပေ×အနံပေ ၆၀)၊ ဧရိယာ ၀ဒသမ၀၅၉ဧကရှိ ဦးလှမြိုင် အမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်၁၉၇၊ ဗန္ဓုလလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးကို မူလပိုင်ရှင် ဦးလှမြိုင်ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၉၅၃၁/၂၀၁၄အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းထိုက်အောင် ၁၂/ဥကတ(နိုင်)၁၄၁၈၉၈ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဤမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကျော်စိန်လွင် (စဥ်-၇၀၉၇) **ဦးနိုင်ဝင်း (စဥ်-၃၁၁၁၁)** **ဦးထွန်းထွန်းလွင် (စဥ်-၄၀၅၈၈)**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
အမှတ် (၂၇/ဘီ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့တောင်မြို့နယ်၊ (ယခု ဒဂုံဆိပ်ကမ်းမြို့နယ်)၊ မြေတိုင်းအမှတ် ၉၀၊ မြေကွက်အမှတ် ၅၅၈၊ မြေဧရိယာ ပေ(၄၀×၆၀) (ပါမစ်မြေအမျိုးအစား)အား လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မျိုး ၁၄/ကလန(နိုင်)၁၀၆၃၁၄ ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားပြည့်စုံခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ယခုကြော်ငြာစာပါရက်မှ သုံးရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကိုပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(ဒေါ်နွယ်နွယ်ထွန်း)
အထက်တန်းရှေ့နေ-၂၉၆၇၉
အမှတ် ၄၈၊ ၁၂၀ လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်

အများသိစေရန်ကြေညာခြင်း

မသက်ဟန်ဆု ၁၂/ကမန(နိုင်)၀၄၄၉၉၁၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်ခင်ဝင်း ၁၂/ကမန(နိုင်)၀၃၀၆၆၆မှ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ အမှတ် ၁/၉၇၄ ဟု ခေါ်တွင်သော ခြံမြေနှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် မသက်ဟန်ဆု၏ ငွေကြေးဖြင့် ဝယ်ယူဆောက်လုပ်ထားသည့် တစ်ဦးတည်းပိုင်ဆိုင်သော ခြံမြေနှင့် နေအိမ်အဆောက်အအုံဖြစ်ပါသည်။

အဆိုပါနေအိမ်တွင် မသက်ဟန်ဆုမှ ဦးလေးတော်စပ်သူ ဦးအောင်တင်ကြည် ၁၂/ကထန(နိုင်)၀၅၃၁၂၅နှင့် မိသားစုများအား လူမှုရေးအရ မေတ္တာဖြင့် အခမဲ့နေထိုင်ရန် ခွင့်ပြုထားခြင်းဖြစ်ပါသည်။ မသက်ဟန်ဆု၏ ခွင့်ပြုချက်မရဘဲ အဆိုပါခြံမြေနှင့် နေအိမ်အဆောက်အအုံတို့အား ပေါင်နှံခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများ မပြုလုပ်ရန်အတွက် အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်ဝင်း ၁၂/ကမရ(နိုင်)၀၃၀၆၆၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၃

ဒေါ်နှင်းနှင်းခိုင် **နှင့်** ၁။ ဦးဖိုးသီ
၂။ ဒေါ်မိမိသိန်း

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေလမ်းမကြီး၊ အမှတ် (၁၆၁/က)နေ (၁) တရားပြိုင် ဦးဖိုးသီ၊ (၂)တရားပြိုင် ဒေါ်မိမိသိန်း(ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက တရားဝင်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၂၃ ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ကျော်ဝင်း
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒေါပုံမြို့နယ်တရားမရုံး၌
၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၁၂

ဒေါ်တင်ကြည် **နှင့်** ၁။ ဦးကျော်လှ
၂။ ဦးမိုက်ကယ်

တရားလို **တရားပြိုင်များ**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် (၂၄၂)နေ ဦးမိုက်ကယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကမြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၂၄ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်စိုးတင့်)
မြို့နယ်တရားသူကြီး
ဒေါပုံမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပန်းတောင်းမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမူလမှုအမှတ်-

ဦးညွန့်ဝေ **နှင့်** အောင်သူရ(ခ)မောင်အောင်
တရားလို **တရားပြိုင်**

တရားပြိုင်၏ ပေါ့ဆစွာ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် လျော်ကြေးငွေ ၇၀၀၀၀၀/-(ကျပ်ခုနစ်သိန်းတိတိ/-)ရလိုမှု

ပန်းတောင်းမြို့နယ်၊ ငါးဆယ်ပေးအုပ်စု၊ ဘုရားပေါ်ရွာနေ ဦးအောင်သန်းစိန်၏သား တရားပြိုင်ကိုအောင်သူရ(ခ)မောင်အောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ် တရားလိုဦးညွန့်ဝေက နစ်နာမှုလျော်ကြေးငွေ ၇၀၀၀၀၀/- (ကျပ်ခုနစ်သိန်းတိတိ/-)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက် (၁၃၇၆ခုနှစ် နယုန်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က ဆိုခဲ့သည့်စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက် ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာရွက်စာတမ်းများကို သင်နှင့်အတူတစ်ပါတည်း ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ထဲသို့ တစ်ပါတည်း ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကြိုတင်၍ တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၃၀ ရက်တွင် ဤရုံးတံဆိပ်ခပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်အောင်)
ဒုတိယမြို့နယ်တရားသူကြီး၊ မြို့နယ်တရားရုံး၊ ပန်းတောင်းမြို့

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၄၈၀၊ မြေကွက်တည်နေရာအမှတ် ၅၀၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် ဦးသန်းခင် ၁၂/သဃက(နိုင်)၀၈၅၈၇၉အမည်ပေါက် နှစ် ၆၀ဂရန်မြေအားအမည်ပေါက် ဦးသန်းခင်(ဖခင်)နှင့် ဒေါ်တင်ညွန့်(မိခင်)တို့ကွယ်လွန်သဖြင့် (၁)ဒေါ်ချိုချိုမာ ၁၂/သဃက(နိုင်)၀၈၉၄၈၁၊ (၂) ဒေါ်ဝင်းဝင်း ၁၂/သဃက(နိုင်)၀၈၆၅၇၁၊ (၃) ဒေါ်သန်းသန်း ၁၂/သဃက(နိုင်)၀၈၇၉၃၉၊ (၄) ဒေါ်ယဉ်ယဉ် TRY-၀၁၁၄၄၁၊ (၅) ဒေါ်သန်းသန်းမြင့် ၁၂/သဃက(နိုင်)၁၂၀၆၆၇၊ (၆) ဦးမောင်မောင်သန်း ၁၂/သဃက(နိုင်)၀၃၂၈၄၆တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် G.P No-၂၅၆၂၉/၁၂-၁၂-၂၀၁၃ နှင့် ၂၅၆၂၈/၁၂-၁၂-၂၀၁၃ တို့ရသူ ဒေါ်ချိုချိုမာ ၁၂/သဃက(နိုင်)၀၈၉၄၈၁က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါ ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း) အသက်(၈၄)နှစ်

BC-6299 (ကြည်း-၆၂၉၉)၊ ဗိုလ်သင်တန်းအပတ်စဉ်(၇)
နာယက၊ ကုက္ကိုင်းရေးကူးအသင်း

(ဦးဖိုးသာ-ဒေါ်သိမ်း)တို့၏သား၊(ဦးအေးကြည်-ဒေါ်စု)တို့၏သားသမက်၊ (ဦးခင်မြင့်-ဒေါ်တင်မြိုင်)၊ (သူရဦးစိန်သောင်း)တို့၏ညီ၊ ဦးစိုးသိန်း-ဒေါ်ခင်နှင်းရီတို့၏အစ်ကို၊ အမှတ် ၄၂၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်တင်ကြည်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးသက်လွင်-ဒေါက်တာမူယာစိုး၊ ဒေါ်ဖြူဖြူလွင်-Captain အောင်မြင့်၊ (ဦးဝင်းလွင်)-ဒေါ်ခင်မာသက်(ခ)Bernadine၊ ဦးဝေလွင်-ဒေါက်တာဝင်းမင်းသစ်၊ ဒေါ်သီတာလွင်-ဦးသိန်းဝင်းတို့၏ကျေးဇူးရှင်မွေးသဖခင်၊ ကိုလင်းလွင်-မတင်မိုးအေး၊ [ကိုသက်ဝင်းလွင်(ခ) Bopi]၊ ကိုအောင်ခိုင်လွင်၊ မဝေသစ်လွင်-ကိုဇော်လတ်၊ မနှင်းဝင်းလွင်၊ မခိုင်သစ်လွင်၊ ဒေါက်တာအေးအေးအောင်(ခ)အိဖြူလွင်၊ မခင်ချမ်းမြေ့စိုးလွင်၊ မသဉ္ဇာအောင်(ခ)လုံးလုံး၊ မောင်နေဝင်းလွင်(ခ)ချန်းချန်း၊ မဆောင်းဝင်းလွင်၊ မလဝင်းလွင်တို့၏အဘိုး၊ မမေမိုးသက်၊ မဇော်သစ်လွင်၊ မသစ်ဇော်လွင်တို့၏ဘိုးဘိုးကြီးသည် ၈-၆-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

(၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း ဦးညီညီလွင်(ခ)မင်းညီ

စုံစမ်းရေးမှူး(စ·စ·စ)နေပြည်တော်
(၁၃-၆-၁၁)မှ (၁၃-၆-၁၄)

အဖေကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ (၃)နှစ်ပြည့်သော်လည်း တစ်နေ့မှ မေ့မရပါ။ အဖေကြီးအားရည်စူး၍ အောက်ပါကုသိုလ်အစုစုကို အမျှပေးဝေပါတယ်။ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါနော်။

ဇီဝိတဒါနသံဃာ့ဆေးရုံ ဆွမ်းတစ်နေ့တာ အလှူငွေ	၃သိန်း
နှင့်ထာဝရဆေးပဒေသာပင်	၁သိန်း
အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ရာကျော်	
နှစ်ထပ်ကျောင်းဆောက်လုပ်ရန်	၂သိန်း
နေပြည်တော် တပ်ကုန်း အောင်သီတာပျိုးဥယျာဉ်	
မြေမြတ်မဟာသာသနာ့မြေ	၂သိန်း၅သောင်း

အဖေကြီးရေ အမျှ အမျှ အမျှ

ချစ်ဇနီး ဒေါ်စုစန္ဒာမော်(ခ)မငယ်ကြီး
(မချို+မငယ်ကြီး အိမ်ခြံမြေအကျိုးဆောင်)
ချစ်သမီး မဝင့်သီဂီမော် 1st years IC. ရန်ကုန်တက္ကသိုလ်
ချစ်သား မောင်ကျော်ဇင်သက် VI E အထက(၂) အင်းစိန်

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၃/သမိုင်း၊ မြေကွက်အမှတ် ၈/က ၁၈-B၊ မြေကွက်တည်နေရာအမှတ် ၉၆၀/ခ၊ ရွှေနှင်းဆီကျောင်းလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါ်ပရင့်စ်ရိုစ့်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၄၃၆၈/၂၀၁၂(၃၁-၈-၂၀၁၂)ဖြင့် ဒေါ်ကြည်ကြည်ဝင်းမှ ဝယ်ယူပိုင်ဆိုင်လာပါသည်။ ၎င်း၏ S/P(၁၄၈၃၆/၂၀၁၂) (၃-၉-၂၀၁၂) ရရှိသူ ဒေါ်ဖြူဖြူဝင်း ၁၂/မရက(နိုင်)၀၃၆၇၅၉မှ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကျမ်းကျိန်လွှာများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁/ထူပါရုံ)၊ မြေကွက်အမှတ် (၉၉၇/ခ)၊ မြေကွက်တည်နေရာအမှတ် (၉၉၇/ခ)၊ ထူပါရုံ ၇ လမ်းအနောက်၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတ၊ ဦးမြင့်စိန် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမြင့်စိန်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်စိန်သန်း ၁၂/သကတ(နိုင်)၁၁၀၃၅၁ မှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/၅ တိုးချဲ့၊ မြေကွက်အမှတ် ၆/ခ၊ မြေကွက်တည်နေရာအမှတ် ၆/ခ၊ ၃ လမ်း၊ (၄/၅)တိုးချဲ့ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကျော်ငြိမ်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်ငြိမ်းနှင့်တရားလို ဒေါ်မြတ်မြတ်သစ်တို့၏ တောင်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၅/၂၀၁၂နှင့် ဇာရီမှုအမှတ် ၄၃/၂၀၁၂ တို့တင်ပြ၍ ဘီလစ် ဒေါ်နန့်ဆန်းသိန်း၁၂/မရက(နိုင်)၀၄၇၆၁၆က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ် (၅၄၃)၊ မြေကွက်တည်နေရာအမှတ် (၅၄၃)၊ သူရ ၃လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ (ဦးဘိုကေ) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးဘိုကေနှင့် မိခင် ဒေါ်စောလှတို့ ကွယ်လွန်သွားသဖြင့် ဒေါ်တင်မြင့်၁၂/ဥကတ(နိုင်)၀၂၉၃၇၄ ၊ ဦးမြသန်း ၁၂/ဥကတ(နိုင်)၀၂၃၇၇၄နှင့် ဒေါ်ဝင်းဝင်းခိုင် ၁၂/ဥကတ(နိုင်)၀၂၉၇၅၀ တို့က သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ်(၁၁၆/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၁၆/ခ)၊ ၂လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်လှကြည်) အမည်ပေါက် နှစ် ၆၀ ဂရန် မြေကွက်အား (ဒေါ်လှကြည်)နှင့် ခင်ပွန်း (ဦးသိန်းအောင်) ကွယ်လွန်သဖြင့် ဒေါ်ဌေးဌေးတင့် ၁၂/ဥကတ(နိုင်)၀၃၂၄၄၁၊ ဦးဝင်းဇော်အောင် ၁၂/ဥကတ(နိုင်) ၀၃၇၀၆၉၊ ဒေါ်မိုးမိုးအောင် ၁၂/ဥကတ(နိုင်)၁၄၉၃၂၇တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် (ဈ)၊ မြေကွက်အမှတ်(၉၅၆ ၁/၂)၊ မြေကွက်တည်နေရာအမှတ် (၉၅၆ ၁/၂)၊ ဇရာ ၆လမ်း၊ (ဈ)ရပ်ကွက်၊ ဒေါ်မြသန်း ၁၂/ဥကမ(နိုင်)၀၆၂၉၂၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဇနီး ဒေါ်မြသန်း ကွယ်လွန်သဖြင့် ဦးခင်မြင့်(ခ) ဦးစိန်တိုင် ၁၂/ဥကမ(နိုင်)၀၆၂၀၇၅ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၅၃၈/၂၀၁၃) ဖြင့် ရရှိသူ ဦးညီညီနိုင်၁၂/ဥကမ(နိုင်)၀၂၆၄၉၅ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမင်းလွင် (ငြိမ်း)

BC-6299

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်နေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးဝေလွင်-ဒေါက်တာဝင်းမင်းသစ်တို့၏မိခင်၊ ဦးဇော်လတ်-ဒေါ်ဝေသစ်လွင်တို့၏အဘိုး ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)သည် ၈-၆-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဝန်ကြီး ဦးရဲထွဋ်-ဒေါ်ခင်စန္ဒာထွန်း
ပြန်ကြားရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်စိုး

ကွမ်းခြံကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)
ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်

အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရန်ကုန်တိုင်းဒေကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်စိုးသည် ၁၂-၆-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်စိုး အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်
အတွင်းရေးမှူး၊ ကွမ်းခြံကုန်းမြို့နယ်
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်စိုးသည် ၁၂-၆-၂၀၁၄ရက် နံနက် ၂နာရီတွင် ကွမ်းခြံကုန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလွန်းသီ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ကွမ်းခြံကုန်းမြို့နယ်)နှင့် မိသားစု

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးဝင်းမြင့်(ဒု-ညွှန်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)-ဒေါ်ခင်ညိုဦးတို့၏သားကြီး ကိုဇေယျာ အသက်(၃၆)နှစ်သည် ၁၁-၆-၂၀၁၄ရက်တွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(၁၉၆၉-၁၉၇၄)ကျောင်းနေဖက်သူငယ်ချင်းများ

ဒေါ်ငွေငွေဝင်း (ခရမ်း)

အသက်(၄၈)နှစ်

ခရမ်းမြို့နေ ဦးအေး-ဒေါ်တင်နုတို့၏သမီးကြီး၊ (ဦးအောင်ငြိမ်း-ဒေါ်စန်းကြည်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၄၈၊ အောင်မင်္ဂလာလမ်း၊ တာမွေမြို့နယ်နေ ဦးအောင်မင်း(ခ)ဦးဖိုးထောင် (President စားသောက်ဆိုင်)၏ဇနီး၊ (ဦးတင့်ဝေ)-ဒေါ်အေးဆင့်၊ (ဦးမျိုးမြင့်)-ဒေါ်မြတ်မြတ်သီတို့၏ညီမ၊ ဦးအောင်မိုး-ဒေါ်လှလှငွေ၊ ဦးတင်မောင်လတ်-ဒေါ်ငွေငွေအောင်၊ ဦးဇော်ဟန်ဝင်းထွန်း-ဒေါ်ဆွေဆွေဝင်း၊ ဦးအောင်ဆန်းဝင်း-ဒေါ်ခိုင်ဇင်ဝင်းတို့၏အစ်မ၊ မအိဇာမျိုး(ဒု-နှစ်၊ ဥပဒေ)၊ မောင်ပြည့်ဖြိုးဟိဏ်း(Grade-7၊ အထက-၁၊ ဒဂုံ)တို့၏မိခင်သည် ၁၂-၆-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှလှဦး(ခ)မလှရှု(ခ)ဘုတ်ဘုတ်

(ဦးစီးအရာရှိ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးလှမင်း-ဒေါ်ရှုတ်(ခ)ဒေါ်ခင်အေးတို့၏သမီးကြီး၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ကုံကော်အိမ်ရာ၊ တိုက်အမှတ် ၂၇၅၊ အခန်း ၁၁နေ မလှချွန်း(ခ)မေးမေ၊ (ဒေါ်ကြည်ကြည်ဝင်း)-ဦးမောင်အောင်၊ ဦးလှတင်အောင်၏တို့၏အစ်မ၊ မထက်ထက်အောင်၊ မသဲမိုမို့ဝင်းတို့၏အဒေါ်၊ မောင်ထွန်းထွန်းဝင်း၏မိခင်၊ ဦးသန်းထွေး(မြန်မာ့မီးရထား)၏ဇနီးသည် ၁၁-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် နေပြည်တော်ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် (ခုတင်-၁၀၀၀)အအေးတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမင်းလွင် (ငြိမ်း)

BC-6299

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးဝေလွင်-ဒေါက်တာဝင်းမင်းသစ်တို့၏ဖခင်၊ ဦးဇော်လတ်-ဒေါ်ဝေသစ်လွင်၊ ဒေါ်ခိုင်သစ်လွင်တို့၏အဘိုး ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)သည် ၈-၆-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးငွေဦး(ဒုဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)နှင့်ဇနီး

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်ရင်

(ဗိသုကာ၊ ပန်းချီဆရာ၊ ဒါရိုက်တာ)

အသက်(၇၆)နှစ်

မြန်မာနိုင်ငံ ဗိသုကာအသင်း၏ သက်ကြီးအပ္ပဇော်ခံ ဗိသုကာဆရာကြီး ဦးခင်မောင်ရင်သည် ၁၀-၆-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဗိသုကာအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးရဲဝင်း (ညောင်လေးပင်)

ကစလ(ငြိမ်း)

အသက်(၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း ၂၀၊ အမှတ် ၁၆၄နေ(ဦးကျော်သိန်း-ဒေါ်တင်ဥ)တို့၏သား၊ ဒေါ်ဝင်းမာဦး၏ခင်ပွန်းသည် ၈-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မွှောရုံ ဒါယကာကြီး

ဦးစု (စမ်းချောင်း)

(M.E.P.E-ဘဏ္ဍာရေး၊ ငြိမ်း)

အသက်(၈၁)နှစ်

(ဦးမှတ်ကြီး - ဒေါ်ပု)တို့၏ သား၊ သုံးဆယ်မြို့၊အမှတ် ၁၀၅၊ ဦးထွန်းမြင့်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဝင်းရှိန်၏ခင်ပွန်း၊ ဦးကျော်ဝင်း(ခေတ္တ-စင်ကာပူ)၊ (ဦးညီညီလွင်)-ဒေါ်မိမိမာ(Y.E.S.B, ကြည့်မြင်တိုင်)၊ ဒေါ်စီစီမာ၊ ဦးအောင်ထွန်း (ခေတ္တ-စင်ကာပူ)-ဒေါ်သီသီအောင်၊ ဦးတင်ဝင်းလှိုင်-ဒေါ်စီစီနွယ်၊ ဦးအောင်ဇော်မိုး၊ ဦးဝေဖြိုး(ခေတ္တ-စင်ကာပူ)-ဒေါ်ချောစုဝင်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၃-၆-၂၀၁၄ရက်(သောကြာနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်တင်မြင့်

(အလန်းကျေးရွာ) မအူပင်ခရိုင်

အသက်(၈၄)နှစ်

အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်နေ ဦးမိုးအောင်-မယဉ်မာလှိုင်၊ ဦးဝင်ကိုကို-မခင်လေးနွယ်တို့၏မိခင်၊ မောင်လင်းသူရ၊ မစန္ဒာစုကြည်၊ မောင်အောင်ခန့်မင်း၊ မစုရွှေရည်ဝင်း၊ မောင်မင်းထက်ကျော်တို့၏အဘွား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့ပတ်ပန်းခြံလမ်း၊ ရွာမအနောက်၊ အမှတ်(၁၉၁/ခ)ရပ်ကွက်နေ ဒေါ်တင်မြင့်သည်၁၂-၆-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၆း၂၀နာရီတွင် ဆာကူရာဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၁၄ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြသန်း (မြိတ်)

အသက်(၇၀)

မြိတ်မြို့နေ(ဦးပန်ယား-ဒေါ်ကြင်စု)တို့၏သား၊ (ဦးဟိုကြူ-ဒေါ်အာရပ်)တို့၏သားသမက်၊ဒေါ်ရှုကြူ၏ခင်ပွန်း၊ ဒေါက်တာစိမ့်စိမ့်မြတ်(ပထမနှစ်၊ OG သင်တန်းသူ)၊ ဒေါက်တာလင်းအောင်(အရိုးအထူးကု)၊ မောင်လတ်ကျော်တို့၏ဖခင်ကြီးသည် ၁၁-၆-၂၀၁၄ရက် မွန်းလွဲ ၂း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၄ရက် နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ် ၂၅၊ပုသိမ်လမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးလှရွှေ(ခ)လင်တုံစူး

(ဟသ်ာသည်နောင်၊ ပဲခူးပွဲရုံ)

အသက်(၆၈)နှစ်

ပဲခူးမြို့၊ ဈေးပိုင် ၁၈လမ်း၊ အမှတ် ၁၇၆နေ (ဦးကျင်မောင်-ဒေါ်ကျင်မြ)တို့၏သားကြီး၊ ပဲခူးမြို့၊ ဈေးပိုင် ၁၉လမ်း၊ အမှတ် ၅၈နေ (ဦးကောက်)-ဒေါ်ကျင်ငွေတို့၏သားသမက်၊မန္တလေးမြို့၊ ဓာတ်နန်းရပ်ကွက်၊ ၈၆×၃၀ လမ်းထောင့်၊ အကွက်အမှတ် ၂၅၁နေ ဒေါ်ငွေငွေ၏ခင်ပွန်း၊ မအေးအေးမြ(မောင်မျိုးသီဟန်)၊ မောင်ရာဇာရွှေ၊ ကိုဆွေအောင်ခိုင် - မလဲ့လဲ့မျိုးတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၁၄ရက်နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၁၄ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ် ဖူကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု

မောင်အောင်ပိုင်ပိုင်(စစ်တွေ)

နောက်ဆုံးနှစ်၊ အပိုင်း(က)
ဆေးတက္ကသိုလ်-၂ (ရန်ကုန်)

အသက်(၂၆)နှစ်

စစ်တွေမြို့၊ မောလိပ်ရပ်နေ ဦးဦးစောဝင်း (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်/ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ နတလ၊ စစ်တွေ)-ဒေါ်ဦးလှယဉ်(စာရင်းစစ်၊ ငြိမ်း)တို့၏ သားကြီး၊ ဦးသိန်းကျော်(ဌာနမှူး၊ ငြိမ်း၊ MPPE၊ စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်သန်းတို့၏တူသား၊ ဒေါက်တာသာထွန်းကျော်[ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး) ကျန်းမာရေးဦးစီးဌာန]-ဒေါ်စိုးစိုးလွင်၊ ဦးအေးထွန်း(ဦးစီးအရာရှိ၊ စစစ)-ဒေါ်မြအေး(မြို့နယ်တရားသူကြီး)၊ ဦးလှမောင်သိန်း-ဒေါ်ခင်စောမြ၊ ဦးစံထွန်း-ဒေါ်နုနုသိန်း၊ ဦးမောင်ထွန်းတင်(ဒါရိုက်တာ၊ ငွေထွန်းတိုးကြွယ် ကုမ္ပဏီ)-ဒေါ်တင်တင်နွဲ့တို့၏တူသည် ၁၁-၆-၂၀၁၄ရက် နံနက် ၆း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၄ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (မြောက်ဥက္ကလာပဆေးရုံကြီးမှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးလှရွှေ(ခ)လင်တုံစူး

(ဟသ်ာသည်နောင်၊ ပဲခူးပွဲရုံ)

အသက်(၆၈)နှစ်

ပဲခူးမြို့၊ ဈေးပိုင် ၁၈လမ်း၊ အမှတ် ၁၇၆နေ (ဦးကျင်မောင်-ဒေါ်ကျင်မြ) တို့၏သားကြီး၊ ပဲခူးမြို့၊ ဈေးပိုင် ၁၉ လမ်း၊ အမှတ် ၅၈နေ(ဦးကောက်)-ဒေါ်ကျင်ငွေတို့၏သားသမက်၊ ရန်ကုန်မြို့နေ (ဦးမောင်ဟန်) - ဒေါ်ပိုစွမ်းတို့၏မောင်၊ မန္တလေးမြို့နေ ဦးလှမြင့်-ဒေါ်လွင်လွင်၊ ရန်ကုန်မြို့နေ ဦးအောင်ဝင်း-ဒေါ်ပိုးကြိုး၊ (ဦးလှသိန်း)-ဒေါ်ပြုံးပြုံးရီ၊ ဦးလှသန်း-ဒေါ်စန်းစန်းဝင်း၊ ပဲခူးမြို့နေ ဦးခင်မောင်ငွေ-ဒေါ်ပိုးကြူး၊ ဒေါ်ပိုးရော်၊ မန္တလေးမြို့နေ ဦးအောင်ထွန်းနိုင်-ဒေါ်ဝါဝါဝင်းတို့၏ အစ်ကိုကြီး၊ တူ/တူမ၂၅ယောက်တို့၏ဘကြီး၊ မန္တလေးမြို့၊ ဓာတ်နန်းရပ်ကွက်၊ ၈၆×၃၀လမ်းထောင့်၊ အကွက်အမှတ် ၂၅၁နေ ဒေါ်ငွေငွေ၏ခင်ပွန်းသည် ၁၂-၆-၂၀၁၄ရက် နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ် ဖူကျန့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမောင်နှမများ

ခရစ်တော်၌အိပ်ပျော်ခြင်း

အရာခံဗိုလ်ရွှေသင်း

မော်ကွန်းဝင်(ဒုတိယဆင့်)
မူလတန်းစစ်တက္ကသိုလ်
တတိယပတ်-ယောနင်း

အသက်(၈၉)နှစ်

နတ်မောက်မြို့နေ(ဦးသိန်း-ဒေါ်မြ)တို့၏သား၊ (ဒေါ်နှင်းဆွေ)၏ခင်ပွန်း၊ ဦးဇော်မြင့်၊ ဦးအောင်ခင်၊ ဦးသောင်းငွေးတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၁၄ရက် နံနက် ၃း၃၀နာရီတွင် အမှတ် ၆၅၈/ခ၊ ၄၀ါပန်းခြံလမ်း၊ (၉) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သန်းစိန်(ရမည်းသင်းမြို့)

အသက်(၈၇)နှစ်

ရမည်းသင်းမြို့၊ စီဗွီလိုင်းရပ်ကွက်နေ (ဦးဘေမောင်)၏ဇနီး၊ (ဦးသန်းဦး)-ဒေါ်ခင်လှရီ၊ ဦးမြင့်ဝေ-ဒေါ်ခင်သန်းနွဲ့၊ ဦးစိုးဝင်း-ဒေါ်နှင်း၊ ဦးမြင့်သိန်း-ဒေါ်ခင်မာဝေ၊ ဦးနေလင်း-ဒေါ်အေးမြင့်သန်းတို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၁၁-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၄ရက် ညနေ ၄နာရီတွင် ရမည်းသင်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်သောင်း

စစ်မှုထမ်းဟောင်း(ငြိမ်း)
ကြည့်မြင်တိုင်

အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၈၅ (B)နေ (ဦးအေးဆောင်-ဒေါ်သန်းညွန့်)တို့၏သား၊ ဒေါ်ကြည်ကြည်၊ ဦးမောင်မြင့်(ခ)ဦးပါလေး-ဒေါ်ရီ၊ ဦးတင်လှိုင်-ဒေါ်ဝါဝါ၊ ဦးမြတ်စိုး-(ဒေါ်အေးမြိုင်)တို့၏ညီငယ်၊ ဒေါ်လှထွေး၏အစ်ကို၊ ဒေါ်ခင်သောင်း(ခ)ဒေါ်ရှမ်းမ၏ခင်ပွန်း၊ ကိုဇော်ထိုက်ကျော်-မတင်တင်ငြိမ်း၊ ကိုနေဝင်းအောင်(ရန်ကင်းရဲစခန်း)-မခင်ဥမ္မာကျော်၊ မခင်မာလာကျော်(ခ)နန်းမာလာခင်တို့၏ ဖခင်၊ ကောင်းဆက်ဝေ၊ ထက်ယွန်းအိမ်၊ ဟိန်းထိုက်ဇော်တို့၏အဘိုးသည် ၁၂-၆-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၅း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄ရက်(စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မောင်အောင်ပိုင်ပိုင်(စစ်တွေ)

နောက်ဆုံးနှစ်၊ အပိုင်း(က)
ဆေးတက္ကသိုလ်-၂ (ရန်ကုန်)

အသက်(၂၆)နှစ်

စစ်တွေမြို့၊ မောလိပ်ရပ်နေ ဒေါက်တာသီဟဝင်း၊ ကိုစောရန်နိုင် (Super Mobile)တို့၏ညီ၊ ဒေါက်တာကောင်းမြတ်မင်း၊ ထက်ထက်လွင်အောင်(J.A, KBZ Bank)၊ မောင်အောင်ချမ်းမြေ့ (Dip in Maritime, Technology)၊ မယွန်းအိန္ဒြာကျော်[နောက်ဆုံးနှစ်၊ အပိုင်း(က)၊ ဆေး-၁]၊ မသက်ထားဆွေ(ဒုတိယနှစ်၊ ဆေး-၁)၊ မောင်ကောင်းဇင်သီဟ၊မယမင်းအဥ္စလီ၊ မသက်ထားသူဇာ၊ မယွန်းဝတီကျော်၊ မယွန်းစန္ဒီကျော်၊ မောင်ဟိန်းထက်စိုး၊ မဆုလင်းလင်းနိုင်၊ မောင်မင်းစံထက်၊ မောင်မင်းသုခ၊ မောင်ကောင်းဇင်သူတို့၏အစ်ကိုသည် ၁၁-၆-၂၀၁၄ရက် နံနက် ၆း၃၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၄ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (မြောက်ဥက္ကလာပဆေးရုံကြီးမှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဥတ္တမ

သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် ၂၄၁၊ ဗားကရာတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဥတ္တမသည် တရုတ်နိုင်ငံ၊ ရွှေလီမြို့၊ လှိုင်ကျောင်းဆိုင်ကျောင်းတိုက်၌ (၁၃၇၆ ခုနှစ် နယုန်လဆန်း ၁၄ရက်) ၁၁-၆-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တသုစိတ္တသာရ (သာသနဓဇ သိရီပဝရဓမ္မာစရိယ)

သံဃသမ္မုတိရ ပြည်နယ်သံဃနာယကအဖွဲ့ဝင်
မဟာပုဗ္ဗာရာမကျောင်း
သက်တော်(၆၁)နှစ်၊ သိက္ခာတော်(၄၁)ဝါ

ကချင်ပြည်နယ်၊မိုးညှင်းခရိုင်၊ဟိုပင်မြို့နယ်၊တြာကြီးကွင်းကျေးရွာ၊ မဟာပုဗ္ဗာရာမကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တသာရ မထေရ်မြတ်သည် (၁၃၇၆ ခုနှစ် နယုန်လဆန်း ၁၂ရက်) ၉-၆-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၃း၅၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များ

ကျောင်းဒါယိကာမကြီး

ဒေါ်ခင် (မြစ်သား)

အသက်(၈၈)နှစ်

မြစ်သားမြို့၊ မင်းကုန်းရပ်၊ ဝေဇယန္တာလမ်းနေ (ဦးဘိုးရ-ဒေါ်ဖွားယုံ)တို့၏သမီး၊ ဦးမြသောင်း၏ဇနီး၊ မန္တလေးမြို့နေ (ဦးချစ်မောင်)-ဒေါ်နှင်းရွှေ၊ (ဦးတင်ဖေ)-ဒေါ်အေးမြင့်၊ (ဦးစိုးမင်း)-ဒေါ်ခင်မြင့်ကြည်၊ ဦးခင်မောင်ထွန်း-ဒေါ်သန်းနု၊ ဒေါ်ခင်မာကြည်၊ ဦးအောင်မြင့်သိန်း-ဒေါ်ခင်မာရီ၊ ဗိုလ်မှူးကိုကို-ဒေါ်ခင်မာဆွေ၊ ဒေါ်ခင်အေးလှိုင်၊ ဒေါ်ကျင်ကျင်လှိုင်၊ ဗိုလ်ကြီးလှမျိုးမောင်-ဒေါ်ချိုချိုရီ၊ ဦးခင်မောင်ထွေးတို့၏မိခင်၊ မြေး ၂၇ယောက်၊ မြစ် ၁၉ယောက်တို့၏အဘွားသည် ၁၂-၆-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဇော်ဝင်း

ကန်တော်ကြီးဟိုတယ် သင်တန်းကျောင်းနည်းပြ(ငြိမ်း)
CCK (Bernhard Schulte/ Shipping Management)

အသက်(၅၈)နှစ်

(ဦးတင်-ဒေါ်အုံးမေ)တို့၏သား၊ ဦးယုံဖောင်-(ဒေါ်အုံးကြည်)တို့၏သားသမက်၊ ပဲခူးမြို့နေ (ဦးသန်းဟန်)-ဒေါ်ခင်ရီ၊ (ဦးသောင်းညွန့်)-ဒေါ်အေးမြင့်၊ ကောလင်းမြို့နေ ဦးဘိုးဟန်-ဒေါ်လင်းကြည်၊ပဲခူးမြို့နေ ဒေါ်အေးဆင့်၊ ဦးထွန်းတင်-ဒေါ်ခင်စိုး၊ ဦးတင်ကြိုင်-ဒေါ်အေးသန်း၊ ရန်ကုန်မြို့နေ (ဦးကျော်လွင်)-ဒေါ်ခင်အေးတင့်၊ ဒေါ်ခင်အေးသစ်(DMD-First National Insurance)တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ တိုက်အမှတ် ၃၁၂/၃၁၉ (ပထမထပ်)၊ ပေါက်စေတီလမ်းသွယ်(၂)၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်လှလှ၏ခင်ပွန်း၊ မပန်းနုမေ၊ မောင်ကောင်းသူရိန်ထက်တို့၏ဖခင်သည် ၁၂-၆-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၃း၅၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမောင်မြင့်

Operation Manager (DPEX Worldwide)

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ် ၉၄နေ မမြင့်မြင့်ဝင်း၏ခင်ပွန်း၊ မချိုသဥ္ဇာမြင့်၊ မယမင်းအိန္ဒြေတို့၏ဖခင်၊ ဦးရွှေ-ဒေါ်ခင်ရီတို့၏သားသမက်၊ ဦးပေါက်ရန်-ဒေါ်လှခင်တို့၏သားငယ်သည် ၁၁-၆-၂၀၁၄ရက် ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုဇေယျာဝင်း (ကော့မှူး)

အသက်(၃၆)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခနသိဒ္ဓိရပ်ကွက်၊ တိုက် ၁၁၀၈၊ အခန်း ဝ၂နေ ဦးဝင်းမြင့်(ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)-ဒေါ်ခင်ညိုဦးတို့၏သား၊ ကိုကျော်မင်းစိုး-မအေးစုစုဝင်း (ခေတ္တ-ကိုရီးယား)တို့၏အစ်ကိုသည် ၁၁-၆-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၄၀နာရီတွင် နေပြည်တော်အထွေထွေရောဂါကုဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွင်းကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဆေးရုံကြီးအအေးတိုက်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မောင်အောင်ပိုင်ပိုင် (စစ်တွေ)

နောက်ဆုံးနှစ်၊ အပိုင်း(က)၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်

အသက်(၂၆)နှစ်

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ(ဦးကျော်စိန်-ဒေါ်အေးမြခင်)၊ (ဦးမောင်နီ-ဒေါ်မသာညို)တို့၏မြေး၊ ဗိုလ်မှူးဦးစောဝင်း(စစ်တက္ကသိုလ်အပတ်စဉ်-၂၃၊ ငြိမ်း)(ဒုတိယညွှန်ကြားရေးမှူး၊ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့) - ဒေါ်ဦးလှယဉ်(စာရင်းစစ်၊ ငြိမ်း)တို့၏သားကြီး၊ မစိမ့်ထူးထူး(နောက်ဆုံးနှစ်၊ အပိုင်း-ခ၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ မောင်ငွေထွန်း(အဋ္ဌမတန်း၊ အထက-၄၊စစ်တွေ)တို့၏အစ်ကိုသည် ၁၁-၆-၂၀၁၄ရက် နံနက် ၆း၃၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၄ရက်(သောကြာနေ့)ညနေ ၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။(ဆေးတက္ကသိုလ်-၂၊ ကျောင်းဝင်းအရှေ့မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီမှ ၁၁နာရီအထိ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ ရတနာမာန်အောင် (ရခိုင်) ဘုန်းတော်ကြီးကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြည်သူများနှင့်လိုက်လျောညီထွေမှုရှိသော မီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားလုပ်ဆောင်လျက်ရှိ

နေပြည်တော် ဇွန် ၁၂

(၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (12th Conference of The ASEAN Ministers Responsible for Information) (12th AMRI) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC II) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက် သုံးနိုင်ငံဖြစ်သော တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ လေ့လာသူများ၊

စာမျက်နှာ ၈ ကော်လံ ၁ ✻

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး (12th Conference of The ASEAN Ministers Responsible for Information) (12th AMRI) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဇွန် ၁၂ ရက်က ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကျိုက်ဝိုင်းဘုရားလမ်းမတစ်လျှောက်ကို တွေ့ရစဉ်။

မိုးရွာသွန်းမှုလွန်ကဲ၍ ရန်ကုန်မြို့ သမိုင်းလမ်းဆုံ၌ ရေကြီးရေလျှံမှုဖြစ်ပွား နိုင်ငံတစ်ဝန်း ရန်ကုန်အနောက်ပိုင်းမိုးရေချိန် ဒုတိယအများဆုံးဖြစ်

သတင်းမြင်ကွင်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

ရန်ကုန် ဇွန် ၁၂

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်အတွင်းရှိ သမိုင်းလမ်းဆုံနှင့် အနီးတစ်ဝိုက်ရှိ ရပ်ကွက်များတွင် မိုးရွာသွန်းမှုကြောင့် နံနက် ၇ နာရီမှစတင်ပြီး တစ်နေ့လုံးနီးပါး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့၍ ပြည်သူများ အခက်အခဲမျိုးစုံကြုံတွေ့ကြရသည်ကို သတင်းသမားတစ်ဦးအနေဖြင့် မြင်တွေ့ခဲ့ရသည်။

ရန်ကုန်မြို့ကြီးအတွင်း၌ ယခင်လအနည်းငယ်အတွင်း မိုးဦးမကျမီကပင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ယခုလိုရေကြီးရေလျှံမှုများ မဖြစ်ပေါ်ရအောင် မြို့ပြင်ရေထွက်မြောင်းကြီးများကို နက်ရှိုင်းကျယ်ပြန့်စွာ တူးဖော်မှုများ ပြုလုပ်ခဲ့သည်။ သို့မို့ကြောင့် မိုးဦးကာလတွင် ရန်ကုန်မြို့၌ ယခင်ရေကြီးရေလျှံတတ်သည့် ကားလမ်းမနေရာများ၌ ရေကြီးရေလျှံမှုများ အထိုက် အလျောက်လျော့နည်းခဲ့သည်။ သို့သော် ဇွန် ၁၁ ရက် ညလယ်ပိုင်းနှင့် ဇွန် ၁၂ ရက် နံနက် အစောပိုင်းတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ်အတွင်းရှိ ရပ်ကွက်အချို့နှင့် ကျိုက်ဝိုင်းဘုရားလမ်းမကြီးပေါ်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး အဆိုပါဒေသနေပြည်သူများ အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ဖြေရှင်းနေရကြောင်း သိမြင်ခဲ့ရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✺

ရန်ကုန်၌ အဆင့်မြင့်ပန်းခြံငါးခု ထွက်ပေါ်လာမည်

ရန်ကုန် ဇွန် ၁၂

သတင်း-ဝေယံဦး

ရန်ကုန်မြို့တွင် လူနေအိမ်ခြေတိုးတက် များပြားလာသကဲ့သို့ တိုက်တာအဆောက်အအုံများလည်း တစ်နေ့တခြား တိုးတက်လာလျက်ရှိရာ ပြည်သူအများအပန်းဖြေနေရာများဖြစ်သည့် ပန်းခြံများအနက် ပန်းခြံငါးခုကို အဆင့်မြှင့်တင်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်မြေအတွင်း အများပြည်သူများ အပန်းဖြေနိုင်ရန်အတွက် ပန်းခြံပေါင်း ၆၃ ခုရှိရာ ယင်းပန်းခြံများအနက် သခင်မြပန်းခြံ၊ မြကျွန်းသာအပန်းဖြေဥယျာဉ်၊ ရှုခင်းသာ၊ ကန်သာယာ (ကုက္ကိုင်း) ပန်းခြံနှင့် ကန်သာယာ(မြောက်ဥက္ကလာ)ပန်းခြံတို့ကို အဆင့်မြှင့်တင်မှုများပြုလုပ်သွားမည်ဖြစ်သည်။

လောလောဆယ်တွင် ကန်သာယာ (ကုက္ကိုင်း)ပန်းခြံ၊ မြကျွန်းသာအပန်းဖြေဥယျာဉ်တို့ကို အဆင့်မြှင့်တင်မှုများ ပြုလုပ်လျက်ရှိနေပြီဖြစ်သည်။ ပန်းအလှပင်များ၊ အရိပ်ရပင်များ၊ လူလျှောက်လမ်းများနှင့် မီးအလှဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် ပန်းခြံများကို အဆင့်မြှင့်တင်မှုများပြုလုပ်လျက်ရှိရာ ဆူးလေပန်းခြံသည်လည်း အဆင့်

စာမျက်နှာ ၅ ကော်လံ ၅ ✻

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးဆက်လက်ကြီးမည်

နေပြည်တော် ဇွန် ၁၂

ယနေ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ဆက်လက်မိုးကြီးနေမည်ဖြစ်ကြောင်း သိရသည်။ **(မိုး/ဇလ)**

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS

မြန်မာ့အလင်း ကြော်ငြာကဏ္ဍ

၂၀၁၄ ခုနှစ်၊ ဇွန် ၁၃ ရက်။ သောကြာနေ့

Advertisement

Full Auto
PH:09 731 99 410
09420035862, 73193257

ရောင်းမည်
3 Ton TRUCK CRANE (၂)စီး ရောင်းမည်။
၂ခ/---FUSO Fighter
၄က/---NISSAN Condor
ဖုန်း-၀၉-၅၀၈၀၂၄၂၊ ၀၉-၇၃၁၀၇၂၄၄

"ကျေးဇူးတော်ရှင် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏာစက္က မထေရ်မြတ်၏ ပွေးနေ့ပိဇာတပူဇာမင်္ဂလာ"

ကမ္မဋ္ဌာန်းကျောင်းတိုက် (၄၈)ကျောင်းတို့၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ကျေးဇူးတော်ရှင် သက်တော်ရှည် ကမ္မဋ္ဌာနာစရိယမထေရ်မြတ်၏ သက်တော်(၉၁)နှစ်ပြည့်မွေးနေ့ ပိဇာတပူဇော်ပွဲကို(၁၉-၆-၂၀၁၄)၁၃၇၆-ခုနှစ်၊ နယုန်လပြည့်ကျော်(၇)ရက်(ကြာသပတေးနေ့)၊ နံနက်(၉း၀၀)နာရီ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်ခြံခရိုင်၊ မြင်ခြံမြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး(တောင်)၊ အေးရိပ်သာကျောင်းတိုက်၌ ဒါယကာ-ဒါယိကာမများစုပေါင်းပြီး ပူဇော်မည်ဖြစ်ပါသဖြင့် ဆရာတော်ဘုရားကြီး၏ တပည့် ဒါယကာ-ဒါယိကာမများအား မွေးနေ့ပိဇာတပွဲသို့ ကြွရောက် ပူဇော်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ဂေါပကအဖွဲ့ မြင်ခြံမြို့

'ကျေးဇူးတင်လွှာ'

တက္ကသိုလ်ဝင်တန်းစာမေးပွဲ(၂၀၁၃-၂၀၁၄ ပညာသင်နှစ်)တွင် ဂုဏ်ထူး(မြောက်ဘာသာဂုဏ်ထူး) (ဘာသာစုံဂုဏ်ထူး)ဖြင့် အောင်မြင်အောင် သင်ကြား ပို့ချ ပေးခဲ့သည့် ဆရာ၊ ဆရာမများကို ကျေးဇူးတင်ရှိပါကြောင်း။

['ကောင်းရဲ' ကိုယ်ပိုင်အထက်တန်းကျောင်း(အဆင့်မြင့်စာသင်ဝိုင်းနှင့်ဆောင်)]မှ တပည့်များ

၁။	မသက်နှင်းဝိုင်း	အမှတ် ၈၀၅	(ဘာသာစုံဂုဏ်ထူးရှင်၊ တက္ကသိုလ်ဝင်တန်း)
၂။	မောင်မြတ်မင်းထွေး	အမှတ် ၅၄၈	(ဘာသာစုံဂုဏ်ထူးရှင်၊ တက္ကသိုလ်ဝင်တန်း)
၃။	မောင်ပြည့်ဖြိုးမြတ်	အမှတ် ၅၅၈	(ဘာသာစုံဂုဏ်ထူးရှင်၊ တက္ကသိုလ်ဝင်တန်း)
၄။	မဇေမြတ်နိုး	အမှတ် ၅၂၈	(ဘာသာစုံဂုဏ်ထူးရှင်၊ တက္ကသိုလ်ဝင်တန်း)
၅။	မောင်ရွှန်းပြည့်ထွန်း	အမှတ် ၅၂၉	(ဘာသာစုံဂုဏ်ထူးရှင်၊ တက္ကသိုလ်ဝင်တန်း)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကျောက်ပဲမြို့နေ ဦးမောင်ဘုန်း + ဒေါ်နန်းခင်မြသိန်း(အားမာန်ဟိန်းမိသားစု)တို့၏ သမီးဦး မကေသွယ်နိုင်၊ ခုံအမှတ်(မနတ-၇၇၆)သည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြောက်ဘာသာဂုဏ်ထူး(ဘာသာစုံဂုဏ်ထူး)ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်အတွက် အထူး ဂုဏ်ယူဝမ်းမြောက်မိပါသည်။

နောင်တွင်လည်း အောင်မြင်မှုများစွာဖြင့် ဘဝကို လျှောက်လှမ်းနိုင်ပြီး အမျိုး၊ ဘာသာ၊ သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူ ဖြစ်ပါစေ။

ဘိုးဘိုး ဦးတိုက်ကြူ + ဘွားဘွား ဒေါ်ရွှေရင်
ဦးဦး နှင့် ဒေါ်ဒေါ်များ

ဗိုလ်သင်တန်း၊ စည်သူ (၃၂)၏ ရွှေရတုမဂ္ဂဇင်း ထုတ်ဝေမည်

၂၅-၉-၁၉၆၅ရက်သင်တန်းဆင်းများ၏ စည်သူ(၃၂) ရွှေရတုမဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်ပါသဖြင့် သင်တန်းဆင်းသူငယ်ချင်းများနှင့်ဇနီးများမှ စာမူများအား ၂၅-၉-၂၀၁၄ ရက် နောက်ဆုံးထားပြီး မပျက်မကွက်ပေးပို့ပါရန်-

ဆောင်းပါးစာမျက်နှာ ခြောက်မျက်နှာ

ဝတ္ထုတို-ဝတ္ထုရှည် ၁၀ မျက်နှာထက်မပိုရန်

စည်သူ (၃၂)သင်တန်းသားများအား သင်ကြားပို့ချခဲ့သည့် အရာရှိအရာခံ အကြပ်ဆရာများ၏အကြောင်းအား မဂ္ဂဇင်းတွင်ဖော်ပြလိုပါသဖြင့် ကိုယ်ရေးအချက်အလက်နှင့် ဓာတ်ပုံများအား ချီးမြှင့်ပေးပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရမည့်သူများ

(၁)	ဦးသာဌေး	ဖုန်း-၉၆၉၁၄၁
(၂)	ဦးစန်းလွင်	ဖုန်း-၆၃၆၇၈၀
(၃)	ဦးတင်ထွန်း	ဖုန်း-၀၉-၄၃၃၄၃၃၃၃
(၄)	ဦးသောင်းထွန်း	ဖုန်း-၅၃၅၉၈၃

ရွှေရတုမဂ္ဂဇင်းထုတ်ဝေရေးကော်မတီ

တေဇညီအစ်ကိုများ ဂေါက်သီးရိုက်ပြိုင်ပွဲ ဖိတ်ကြားခြင်း

တေဇညီအစ်ကိုများ၏ (၂၇)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် လာရောက်ယှဉ်ပြိုင်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ - တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)

ရက်စွဲ/အချိန် - ၂၂-၆-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ၀၆း၀၀နာရီ

(ဂေါက်သီးမကစားကြသော်လည်း တက်ရောက်ချီးမြှင့်နိုင်ရေး လေးစားစွာ ဖိတ်ကြားအပ်ပါသည်။)

ပြိုင်ပွဲကျင်းပရေးကော်မတီ

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအား ဂုဏ်ထူးများဖြင့်လည်းကောင်း၊ ရိုးရိုးအောင်မြင်၍လည်းကောင်း၊ မိမိတို့၏ သားသမီးများကို အောင်မြင်အောင် ပြုစုပျိုးထောင်ပေးကြသော တေဇ(၁၉)၏သက်ဆိုင်ရာမိသားစုဝင်များအားလုံးအား လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုအပ်ပါသည်။

တေဇ(၁၉) မိသားစုဝင်များ

ကန့်ကွက်နိုင်ပါသည်

ဒေးဗစ်ဆေးလ်ဗားဟာ နိုင်ငံအသင်းနဲ့အတူ ပွဲပေါင်း ၈၀ ပါဝင်ကစားထားကာ ဂိုးပေါင်း ၂၀ သွင်းယူပေးထားပြီး စပိန်အသင်းနဲ့အတူ ယူရို ၂၀၀၈၊ ယူရို ၂၀၁၂ ဆုဖလားတွေ အပြင် ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားကိုလည်း ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။

စာမျက်နှာ ၂ သို့

စောင့်ကြည့်မှုများကြားကစပိန်ရဲ့ပွဲဦးထွက်

စာ - ၂

ကမ္ဘာ့ဖလားမှာ ဘယ်အသင်းပိုလိုစွဲမလဲ

စာ - ၈

ကမ္ဘာမှာ အသင်းရှိတဲ့ကစားသမားတိုင်း ကစားနိုင်ဖို့ အခွင့်အရေးရှိနေတယ်လို့ ဆိုလိုက်တဲ့ ဗီရီးယား

စာ - ၂

AIR KBZ

ကမ္ဘာ့မှာအသင်းရှိတဲ့ကစားသမားတိုင်းကစားနိုင်ဖို့ အခွင့်အရေးရှိနေတယ်လို့ ဆိုလိုက်တဲ့ဝီရှီးယား

ဝီရှီးယား

အင်္ဂလန် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ ဝီရှီးယားက လာမယ့် ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားမှာတော့ အသင်းမှာရှိတဲ့ ကစားသမားတိုင်း ပါဝင်ကစားနိုင်ဖို့ အခွင့်အရေးတွေရှိနေတယ်လို့လည်း ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ လက်ရှိအင်္ဂလန်အသင်းရဲ့ ကွင်းလယ်ပိုင်းမှာကလည်း ဂျရတ်၊ လမ်းပတ်၊ ဟန်ဒါဆန်တို့အပြင် ဘာကလေ၊ လာလာနာ၊ မီနာတို့ရှိနေတာကြောင့် ဝီရှီးယားအနေနဲ့ အင်္ဂလန်အသင်းမှာ ပုံမှန်ပွဲထွက်ခွင့်ရရေးမှာ သံသယဖြစ်စရာ ရှိနေတယ်လို့လည်း ဆိုနိုင်ပါတယ်။

ဒါပေမယ့် ဝီရှီးယားဟာ အသင်းရဲ့ အဓိကအရေးကြီးတဲ့ပွဲဖြစ်တဲ့ အီတလီအသင်းနဲ့ပွဲမှာ ပါဝင်ကစားနိုင်ရေးဟာ ဟန်ဒါဆန်နဲ့ အပြိုင်ရှိနေတယ်လို့လည်း ပြောနိုင်ပါတယ်။

ဒါပေမယ့်လည်း ဝီရှီးယားကတော့ သူ့အနေနဲ့ အသင်းရဲ့အရန်ခုံမှာ ထိုင်နေရလည်း ပြဿနာမရှိပါဘူးလို့ ပြောဆိုထားခဲ့ပါတယ်။

ဝီရှီးယားဟာ အင်္ဂလန်အသင်းမှာ ၂၀၁၁ ခုနှစ် ဩဂုတ် ၇ ရက်က ကစားခဲ့တဲ့ ဟန်ဂေရီအသင်းနဲ့ ခြေစမ်းပွဲမှာ စတင်ပါဝင်ပွဲထွက်ခွင့် ရရှိထားခဲ့ခြင်းဖြစ်ပြီး အင်္ဂလန်အသင်းနဲ့အတူ ၁၈ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားသူလည်း ဖြစ်ပါတယ်။

သို့သော်လည်း ဟန်ဒါဆန်က အင်္ဂလန်အသင်းရဲ့ နောက်ဆုံး ဟွန်ဒူးရပ်စ်အသင်းနဲ့ခြေစမ်းပွဲမှာ အကောင်းဆုံး ပါဝင်ကစားနိုင်သောကြောင့် လာမယ့် အီတလီအသင်းနှင့်ပွဲတွင် ဝီရှီးယားထက် ပွဲထွက်ခွင့်ရရန်အခွင့်အရေး ရှိနေတဲ့ ကစားသမားတစ်ဦးလို့လည်း ဆိုနိုင်ပါတယ်။

အင်္ဂလန်အသင်းရဲ့ ကစားသမားတွေနဲ့ ပတ်သက်ပြီးလည်း ဝီရှီးယားက "ဒီကမ္ဘာ့ဖလားမှာတော့ ကျွန်တော်တို့ အင်္ဂလန်အသင်းရဲ့ ကစားသမား ၁၄ ဦးနဲ့အထက် ပါဝင်ကစားခွင့် ရရှိလိမ့်မယ်လို့လည်း ထင်ပါတယ်။ ဒါမှမဟုတ် အသင်းမှာရှိတဲ့ ကစားသမားတိုင်းတောင် ပါဝင်ကစားခွင့်ရရှိနိုင်မှာပါ။ ဒါကြောင့်လည်း အသင်းမှာရှိတဲ့ကစားသမားတိုင်းဟာ စည်းစည်းလုံးလုံးရှိနေရမှာပါ။ ကျွန်တော့်အနေနဲ့ကတော့ အသင်းမှာ ကစားခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းအတွက် အကောင်းဆုံး အကူအညီပေးနိုင်ဖို့ စောင့်မျှော်နေပါတယ်"ဟု ပြောဆိုခဲ့ပါတယ်။

ဒါပေမယ့် အင်္ဂလန်အသင်းဟာ နောက်ဆုံးခြေစမ်းပွဲ သုံးပွဲမှာတော့ ပထမဦးဆုံး ပီရူးနဲ့ပွဲသာ ၃-၀ဖြင့် နိုင်ခဲ့ပေမယ့် နောက်ဆုံးနှစ်ပွဲမှာတော့ သရေရလဒ်နဲ့သာ ကျေနပ်ခဲ့ရတဲ့အသင်းလည်းဖြစ်ပါတယ်။

အောင်က

စာမျက်နှာ ၁

ဆုဖလားကိုကာကွယ်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ဆိုတဲ့ စပိန်ကွင်းလယ်လူ ဆေးလ်ဗားမှ

ဒ့ါအပြင် စပိန်အသင်းနဲ့ပတ်သက်ပြီး ဘရာဇီးတိုက်စစ်မှူးဟောင်း ပီလီက "ကျွန်တော့်အနေနဲ့ စပိန်အသင်းမှာတော့ ဇာဗီကို နှစ်သက်ပါတယ်။ သူဟာအလွှန်ကိုကောင်းမွန်တဲ့ ကစားသမားတစ်ဦးပါ။ ဇာဗီ၊ အလွန်ဆို၊ အင်နီယေစတာနဲ့ မက်ဆီတို့ကြောင့် ဘာစီလိုနာအသင်းကိုလည်း နှစ်သက်တာပါ။ စပိန်အသင်းရဲ့ ပွဲတိုင်းဟာ ဘာစီလိုနာအသင်းလိုပါပဲ။ ဘာစီလိုနာဟာ စပိန်အသင်းလို့တောင် ပြောနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် စပိန်အသင်းမှာက ဘာစီလိုနာကစားသမား ခြောက်ယောက်တောင်ပါနေလို့ပါ" လို ပြောဆိုခဲ့ပါတယ်။

ဒ့ါအပြင် ပီလီက စပိန်ကစားသမား ဇာဗီဟာ နိုင်ငံအသင်းတွင်သာမက ကမ္ဘာ့ဘောလုံးလောကအတွက်ပါ အရေးကြီးတဲ့ ကစားသမားတစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

ARMADILLO

တောင်အာဖရိကနိုင်ငံတွင်ကျင်းပခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော စပိန်အသင်း။

စောင့်ကြည့်မှုများကြားက စပိန်ရဲ့ပွဲဦးထွက်

ကမ္ဘာ့ဖလားနဲ့ အစဉ်အလာတစ်ခု။ မထင်မရှားနဲ့ နည်းနည်းမက စိတ်ဝင်စားဖို့ကောင်းတဲ့ အရာတစ်ခုလို့ပြောမလား။ ရှင်းရှင်းလင်းလင်းပြောပြရရင် ကမ္ဘာ့ဖလားမှာ လက်ရှိချန်ပီယံတွေဟာ အစဉ်အဆက်နီးပါး အဖွင့်ပွဲစဉ်တွေမှာ ရုန်းကန်ရတတ်တယ်။ ၁၉၃၀ ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တဲ့ ဥရုဂွေးက ၁၉၃၄ မှာ ပြိုင်ပွဲမဝင်ခဲ့တာကလွဲလို့ ကျန်နှစ်၊ ကျန်အကြိမ်တွေမှာ လက်ရှိချန်ပီယံတိုင်းနီးပါးဟာ သူတို့ရဲ့ အဖွင့်ပွဲစဉ်တွေကို ခက်ခက်ခဲခဲ စခဲ့ကြရတာချည်းပဲဆိုတော့။ ဒီတစ်ကြိမ် ဟော်လန်နဲ့ကစားရမယ့် လက်ရှိချန်ပီယံ စပိန်ရဲ့လားရာကရော ဘယ်လိုရှိမလဲ။ စိတ်ဝင်စားဖို့ကောင်းတယ်။

ပြောရရင် ၁၉၃၈ ပြိုင်ပွဲမှာ လက်ရှိချန်ပီယံ အီတလီဟာ အဖွင့်မှာ နော်ဝေနဲ့တွေ့တော့ အချိန်ပိုကျမှ နိုင်တယ်။ ၁၉၅၀ ပြိုင်ပွဲမှာလည်း လက်ရှိချန်ပီယံအီတလီဟာ သူတို့ရဲ့ ပွဲဦးထွက်အဖြစ် ဆွီဒင်နဲ့ရင်ဆိုင်ရတော့ နှစ်ဂိုး-သုံးဂိုးနဲ့ ရှုံးတယ်။ ၁၉၆၆ ကမ္ဘာ့ချန်ပီယံ အင်္ဂလန်ကလည်း ၁၉၇၀ မှာ အဖွင့်ပွဲအဖြစ် ရိုမေးနီးယားနဲ့ကစားရတော့ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်အောင်မနည်းကစားရတယ်။ အဲဒီ ၁၉၇၀ ချန်ပီယံ ဘရာဇီးကလည်း ၁၉၇၄ မှာ ပွဲဦးထွက်အဖြစ် ယူဂိုဆလားဗီးယားနဲ့ ဆုံတော့ သရေပဲကစားနိုင်တယ်။ ၁၉၇၈ မှာလည်း လက်ရှိချန်ပီယံဂျာမနီဟာ ပွဲဦးထွက်မှာ ပိုလန်နဲ့ သရေကျတယ်။ ၁၉၈၂ မှာဆိုရင် လက်ရှိချန်ပီယံ အာဂျင်တီးနားဟာ ပွဲဦးထွက် ဘယ်လ်ဂျီယံကို ရှုံးတောင်ရှုံးတယ်။ ၁၉၈၆ မှာလည်း ချန်ပီယံအီတလီဟာ ဘူလ်ဂေးရီးယားနဲ့ သရေကျပြီး ၁၉၉၀ မှာဆိုရင် လက်ရှိချန်ပီယံအာဂျင်တီးနားဟာ ပွဲဦးထွက်မှာ ကင်မရွန်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးရပြန်တယ်။

ယုတ်စွအဆုံး အနီးကပ်ပြိုင်ပွဲ ငါးရပ်ကို ပြန်ကြည့်ရင်တောင် ၁၉၉၄ မှာ လက်ရှိချန်ပီယံ ဂျာမနီဟာ ပွဲဦးထွက်မှာ ဘိုလီဗီးယားကိုတောင် ခက်ခက်ခဲခဲအနိုင်ယူခဲ့ရသလို ၁၉၉၈ မှာလည်း လက်ရှိချန်ပီယံဘရာဇီးက အဖွင့်ပွဲမှာ စကော့တလန်ကို အခက်အခဲကြားက ကပ်ပြီးပဲ နိုင်တယ်။ ၂၀၀၂ မှာဆိုရင် လက်ရှိချန်ပီယံ ပြင်သစ်ဟာ အဖွင့်မှာ ဆီနီဂေါကိုတောင် ရှုံးရသလို ၂၀၀၆ မှာ လက်ရှိချန်ပီယံ ဘရာဇီးလည်း အဖွင့်မှာ ခရိုအေးရှားကို ခက်ခက်ခဲခဲနဲ့ ကပ်ပြီးသာနိုင်ကာ နောက်ဆုံးကျင်းပခဲ့တဲ့ ၂၀၁၀ မှာလည်း လက်ရှိချန်ပီယံ အီတလီဟာ အဖွင့်မှာ ပါရာဂွေးနဲ့ သရေကျခဲ့ရတယ်ဆိုတော့။ ကမ္ဘာ့ဖလားနဲ့ လက်ရှိချန်ပီယံ။ ပြီးတော့ သူတို့ရဲ့ ခက်ခဲတတ်တဲ့ ပွဲဦးထွက်အစဉ်အလာနဲ့ အခုစပိန်ရဲ့လားရာ။ တွက်ကိုတွက်ဖို့လိုပြီ။

အထူးသဖြင့် သူတို့ကို သာမန်အရတောင့်တင်းပြည့်စုံတဲ့အသင်းအဖြစ် လက်ခံယူဆထားကြတယ်။ ကစားသမားအရင်းအမြစ် ပြည့်စုံကြွယ်ဝမှု၊အသင်းလိုက်ကစားပုံညီညွတ်မှု၊ ကစားကွက်ဟန် ညက်ညောထက်မြက်မှုတွေအရ စပိန်ဟာ ကမ္ဘာ့ဘောလုံးပရိသတ်ရဲ့ စိတ်ထဲ၊ ရင်ထဲမှာ လိုအပ်ချက်ကင်းပလွန်းတဲ့အသင်းအဖြစ် ရှုမြင်ခြင်းခံခဲ့ရတယ်။ ကမ္ဘာ့ချန်ပီယံဆုနဲ့ ဥရောပချန်ပီယံဆုတို့ကို တစ်ပြိုင်နက် ရယူပြခဲ့တဲ့ ဇာဗီ၊ အင်နီယေစတာ၊ ပီကေး၊ ရာမို့စ်၊ အလွန်ဆို၊ တောရက်စ်၊ ဗီလာ၊ ဆေးလ်ဗား၊ ဘက်စ်ကွက်၊ ဖာဘရီဂတ်စ်တို့ရဲ့ မပျက်ယွင်းသေးတဲ့ အစုအဝေး။ ထပ်ပေါင်းလာတဲ့ ဒီဂိုယာ၊ ဂျန်ဖရန်၊ အက်စ်ပီလီကျူတာ၊ ကိုကီ၊ ကော်စတာတို့ရဲ့အား။ အရှင်းဆုံးပြောရရင် စပိန်ရဲ့ ဖွဲ့စည်းပုံကိုက အတွေ့အကြုံ၊ အရည်အသွေး၊ ညီညွတ်မှုတွေမှာပါ လိုအပ်ချက်မရှိဘူး။ အတွေ့အကြုံပြည့်ဝတဲ့သူတွေက ခြေစွမ်းလက်ကျန်တွေရှိတယ်။ ထပ်တက်လာသူတွေက အတွေ့အကြုံနုပေမယ့် အရည်အသွေးက မှတ်ကျောက်အတင်ခံနိုင်တယ်။ အချင်းချင်းလည်း နားလည်ညီညွတ်မှုရှိတယ်ဆိုတော့ စပိန်ရဲ့လားရာကို အကောင်းမြင်ကြလွန်းတဲ့အပေါ် အပြစ်မဆိုချင်ဘူး။ အပြစ်မဆိုနိုင်ဘူး။

ဒါပေမယ့် ပြောခဲ့ပြီးသလို လက်ရှိချန်ပီယံတွေဟာ သူတို့ရဲ့ ပွဲဦးထွက်ကို ချောချောမွေ့မွေ့ စနိုင်တယ်ဆိုတာက ကမ္ဘာ့ဖလားမှာ ရှားတယ်။ ပြီးတော့ သူတို့ရင်ဆိုင်ရမှာက သာမန်အသင်းတစ်သင်းမဟုတ်ဘူး။ အလယ်အလတ်အသင်းမျိုးမဟုတ်ဘူး။ သူတို့နဲ့ တန်းတူရည်တူဟော်လန်။ ဗန်ပါစီ၊ ရော်ဘင်တို့လို ထိပ်တန်းကစားသမားတွေရှိတဲ့ အသင်း၊ ဗန်ဟားလို ဦးဆောင်မှုကောင်း၊ နည်းစနစ်ပိုင်တဲ့ နည်းပြရှိတဲ့အသင်း။ ဒီတော့ သူတို့ရဲ့ အဖွင့်ပွဲဟာလွယ်ပါ့မလား။ အားလုံးမျှော်လင့်တဲ့အတိုင်း ရလဒ်ကောင်းကို ရယူနိုင်ပါ့မလား။ တကယ်လို့ အဲဒီပွဲမှာ ရလဒ်ပိုင်းမကောင်းရင် အဲဒီပွဲရဲ့ဂယက်က ဘယ်အထိ ရိုက်ခတ်နိုင်သလဲ။ စိတ်ဝင်စားဖို့ သိပ်ကောင်းတယ်။

ပြောရရင် စပိန်ဟာ ဟော်လန်၊ ချီလီ၊ ဩစတြေးလျတို့နဲ့ အုပ်စု(B) မှာ ကစားရမှာဆိုတော့ အုပ်စုကတက်ဖို့ စိန်ခေါ်မှု ကြီးကြီးမားမားမရှိဘူး။ ဟော်လန်တစ်သင်းသာ အဓိကပြိုင်ဘက်ဆိုတော့ စပိန်ဟာ ရှုံးထွက်အဆင့် ရောက်မယ်ဆိုတာ ယတိပြတ်နီးပါး ပြောလို့ရတယ်။ ဒါပေမယ့် အရေးကြီးတာက ဘယ်လိုရပ်တည်မှုနဲ့ အုပ်စုကို ကျော်မလဲဆိုတဲ့ အချက်။ အုပ်စုပထမလား။ အုပ်စု ဒုတိယလား။ အဲဒီအတွက် အဖြေဟာ အဲဒီဟော်လန်နဲ့ ရင်ဆိုင်ရမယ့် သူတို့ရဲ့ ပွဲဦးထွက်အပေါ် တည်မှီတယ်။ တကယ်လို့ အဲဒီပွဲမှာ နိုင်ရင် အုပ်စုပထမဖြစ်နိုင်တယ်။ တကယ်လို့ အဲဒီပွဲမှာသာ ရလဒ်မကောင်းရင် အုပ်စုပထမရဖို့ခက်မယ်။ ပြီးတော့ အဲဒီလို အုပ်စုပထမ မရဘဲ ရှုံးထွက်ရောက်မယ်ဆိုရင် ဘရာဇီးနဲ့ စောစောစီးစီးကြုံရနိုင်ပြီး ရှေ့ဆက်ဖို့အတွက်ပါ ခက်သွားမယ်ဆိုတော့။

လင်းဆက်

လက်ရှိချန်ပီယံစပိန်ရဲ့ ပွဲဦးထွက်ဟာ စိတ်ဝင်စားဖို့ သိပ်ကောင်းတယ်။

အထူးသဖြင့် သူတို့မှာ မထင်ရှားတဲ့ လိုအပ်ချက်တစ်ရပ်လည်း ရှိနေသေးတယ်။ အဲဒါက တိုက်စစ်ပိုင်း။ ဒေးဗစ်ဗီလာ၊ တောရက်စ်တို့ဟာ ခြေစမ်းပွဲတွေမှာ ဂိုးတွေရခဲ့တာ မှန်ပေမယ့်။ ပင်ကိုအရည်အသွေးနဲ့ အဆုံးသတ်အားက အကျပိုင်းရောက်နေသူတွေ။ ဂိုးသွင်းခဲ့တယ်ဆိုရာမှာလည်း ဘိုလီဗီးယား၊ အယ်ဆာဗေဒိုတို့လို အသင်းငယ်တွေကိုပဲ ဂိုးသွင်းကြတာ။ ဒီတော့တကယ့်ပြိုင်ပွဲကြီးမှာ တကယ့်ပြိုင်ဘက်ကောင်းနဲ့ ရင်ဆိုင်ရတဲ့အခါ သူတို့ကိုယုံကြည်နိုင်ပါ့မလား။ ကော်စတာကိုခေါ်ထားပေမယ့် စပိန်ကစားသမား အများစုနဲ့ ကော်စတာဟာ တွဲကစားသက် နုတယ်။ ဒီတော့ နားလည်မှုကိုပါ တည်ဆောက်ဖို့ လိုသေးသလို အခုလည်း ဂိုးမသွင်းနိုင်သေးဘူးဆိုတော့ အဖွင့်မလှုတတ်တဲ့ လက်ရှိချန်ပီယံတွေရဲ့ အစဉ်အလာ။ ဆုံတွေ့ရမယ့် ပြိုင်ဘက်ရဲ့တောင့်တင်းမှု။ ကိုယ်တိုင်း လိုအပ်ချက်ကြီးကြီးမားမား ရှိမှုတွေကြားမှာ စပိန်ရဲ့ ပွဲဦးထွက်က အားလုံးကို ရင်ခုန်သံမြန်စေမှာ သေချာတယ်။ ။

> **လက်ရှိချန်ပီယံတိုင်းနီးပါးဟာ သူတို့ရဲ့ အဖွင့်ပွဲစဉ်တွေကို ခက်ခက်ခဲခဲ စခဲ့ကြရတာချည်းပဲဆိုတော့။ ဒီတစ်ကြိမ် ဟော်လန် နဲ့ကစားရမယ့် လက်ရှိချန်ပီယံ စပိန်ရဲ့လားရာကရော . . . . .**

စပိန်၊ ချီလီတို့ ရလဒ်ကောင်းမယ့်ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များ

ဇွန်လ ၁၃ ရက် ည ၁၀း၃၀ အချိန်မှာ အုပ်စု (A)မှာပါဝင်တဲ့ မက္ကဆီကိုနဲ့ ကင်မရွန်းအသင်းတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပြီး ဇွန် ၁၄ ရက် နံနက် ၁း၃၀ အချိန်မှာ အုပ်စု(B)က စပိန်နဲ့ ဟော်လန်၊ နံနက် ၄း၃၀ အချိန်မှာ ချီလီနဲ့ ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြမှာမို့ ဒီပွဲစဉ်တွေမှာ ထွက်ပေါ်လာနိုင်တဲ့ ဖြစ်နိုင်ဖွယ်ရလဒ်တွေကို ခန့်မှန်းသုံးသပ်တင်ပြလိုက်ပါတယ်။

ထက်အောင်

မက္ကဆီကို Vs ကင်မရွန်း	
ကစားမည့်ရက်၊ အချိန်နှင့် ကွင်း	၁၃-၆-၂၀၁၄၊ ည ၁၀း၃၀ Arena das Dunas
နောက်ဆုံးဆုံတွေ့မှုရလဒ်	မက္ကဆီကို ၁-၀ ကင်မရွန်း (၂၂-၉-၁၉၉၃)

မက္ကဆီကိုအသင်းနည်းပြ ဟာရီရာက ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲသုံးပွဲမှာ မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်ကို ပွဲထွက်ကစားသမားအဖြစ် တစ်ပွဲသာအသုံးပြုပြီး ကျန်နှစ်ပွဲမှာ ပွဲချိန်ဒုတိယပိုင်းမှ လူစားလဲကစားသမားအဖြစ် အသုံးပြုခဲ့ပြီး ဒေါ့စ်ဆန်းတို့စ်နဲ့ ဝါရင့်တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ပီရဲလ်တာတို့အတွဲကို အဓိကအသုံးပြုခဲ့တာကြောင့် ကင်မရွန်းနဲ့ပွဲမှာလည်း ဒေါ့စ်ဆန်းတို့စ်-ပီရဲလ်တာတို့အတွဲသာ ပွဲထွက်လာဖို့ များတယ်။ မက္ကဆီကိုရဲ့ အသင်းလိုက်ကစားအား မဆိုးပေမယ့် တိုက်စစ်ကတော့ ပုံမှန်ဂိုးသွင်းခြေမရှိတာမို့ ဘော့စနီးယား၊ ပေါ်တူဂီတို့နဲ့ကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာ ဂိုးသွင်းယူနိုင်မှု မရှိခဲ့ဘူး။ ဒါပေမယ့် မက္ကဆီကိုရဲ့ မားကွက်ဇ်ဦးဆောင်တဲ့ ခံစစ်ပိုင်းကတော့ တောင့်တင်းမှုရှိတယ်။ ကင်မရွန်းကလည်း ခြေစွမ်းတည်ငြိမ်မှု အနည်းငယ်အားနည်းနေတယ်။ ဒါပေမယ့် အဓိက ကစားသမားအများစုပါဝင်ခဲ့တဲ့ ဂျာမနီအသင်းနဲ့ ခြေစမ်းပွဲမှာ နှစ်ဂိုးစီ သရေကစားနိုင်ခဲ့တာမို့ ကင်မရွန်းရဲ့ အသင်းလိုက်ရုန်းအားကို လျှော့တွက်လို့တော့မရဘူး။ အီတို၊ အဘိုယူဘာကာတို့ ဦးဆောင်တဲ့ ကင်မရွန်းတိုက်စစ်ကလည်း ပုံမှန်ဂိုးသွင်းခြေမရသေးတာကို သတိပြုရမယ်။ ခြေစွမ်းပိုင်းကွာဟချက် ကျဉ်းမြောင်းတာမို့ အရှုံးအနိုင်အဖြေပေါ်ဖို့ခက်ပြီး နှစ်သင်းပေါင်း သွင်းဂိုးနည်းနည်းနဲ့ သရေကျသွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၁



ချီလီ Vs ဩစတြေးလျ	
ကစားမည့်ရက်၊ အချိန်နှင့် ကွင်း	၁၄-၆-၂၀၁၄၊ နံနက် ၄း၃၀ Arena Pantanal
နောက်ဆုံးဆုံတွေ့မှုရလဒ်	ချီလီ ၂-၁ ဩစတြေးလျ (၉-၂-၂၀၀၀)

ချီလီနဲ့ ဩစတြေးလျတို့ဟာ ၁၉၇၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်မှာ ပထမဆုံး စတင်ဆုံတွေ့ခဲ့ပြီး အဲဒီပွဲမှာ ဂိုးမရှိသရေကျခဲ့တယ်။ ဒါပေမယ့် ဒီနှစ်သင်းဟာ နောက်ထပ်ခြေစမ်းပွဲသုံးပွဲ ကစားခဲ့ပြီး အဲဒီပွဲတွေမှာတော့ ချီလီကသာ အနိုင်ရရှိခဲ့တယ်။ လက်ရှိအချိန်မှာလည်း ချီလီရဲ့ အသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိနေပြီး ဆန်းချက်ဇ်၊ ဗီဒဲလ်၊ အစ္စလာ၊ မီဒဲလ်တို့လို ကစားသမားကောင်းတွေလည်း ရှိနေတာမို့ ဩစတြေးလျကို အကောင်းဆုံး ဖိအားပေးနိုင်စွမ်းရှိတယ်။ ဩစတြေးလျက အသင်းလိုက်ခြေစွမ်းပိုင်း မဆိုးဘူး။ ဒါပေမယ့် တင်မ်ကာဟေးလ်ဦးဆောင်တဲ့ ဩစတြေးလျတိုက်စစ်ရဲ့ စွမ်းဆောင်နိုင်မှု အကောင်းဆုံးပုံစံမှာ မရှိသေးတာကို သတိပြုရမယ်။ ဒီပွဲမှာ ချီလီကပဲ ပွဲကို ဦးဆောင်ကစားပြီး နှစ်ဂိုးအသာနဲ့ အနိုင်ရရှိသွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၂-၀

စပိန် Vs ဟော်လန်	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁၄-၆-၂၀၁၄၊ နံနက် ၁း၃၀ Arena Fonte Nova
နောက်ဆုံးဆုံတွေ့မှုရလဒ်	ဟော်လန် ၀-၁ စပိန်(၁၂-၇-၂၀၁၀)

အသင်းလိုက် ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ စပိန်အသင်းဟာ လက်ရှိကမ္ဘာ့ဖလားချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ဖို့အတွက် အုပ်စုအဖွင့်ပွဲကတည်းက ခြေမချော်အောင် အကောင်းဆုံးပုံစံနဲ့ ကစားလာမှာပါ။ စပိန်အသင်းဟာ အသင်းလိုက်စုစည်းမှု ကောင်းမွန်မှုရှိတဲ့အသင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲမှာရင်ဆိုင်ခဲ့ရတဲ့ ပြင်သစ်ကို နှစ်ကျော့စလုံး အရှုံးမရှိစေဖို့ ကစားနိုင်ခဲ့တယ်။ စပိန်အသင်းရဲ့ အခြားအားသာချက်တစ်ခုက အသင်းမှာ ဂိုးသွင်းယူနိုင်စွမ်းရှိတဲ့ ကစားသမား အများအပြားရှိနေခြင်းပဲဖြစ်တယ်။ ဒါကြောင့် ရွှန်ဗလား၊ ဂျန်မက်တို့ဦးဆောင်တဲ့ ဟော်လန်အသင်းခံစစ်ဟာ စပိန်ရဲ့ တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ ခက်ခက်ခဲခဲ ရုန်းကန်ရနိုင်တယ်။ ဟော်လန်အသင်းက ကမ္ဘာ့ဖလားခြေစစ်ပွဲ ၁၀ ပွဲမှာ ၉ ပွဲ အနိုင်ရအောင် ကစားနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး ဗန်ပါစီ၊ ရော်ဘင်၊ စနိုက်ဒါတို့လို ကစားသမားကောင်းတွေလည်း ပါဝင်လာမှာမို့ စပိန်ကို အကောင်းဆုံး ရင်ဆိုင်နိုင်စွမ်းရှိတယ်။ ဒါပေမယ့် ဟော်လန်အသင်းဟာ ဂိုးရရှိဖို့အတွက် တိုက်စစ်မှူး ဗန်ပါစီကို အဓိကမှီခိုရသလိုအနေအထားမျိုးဖြစ်နေတာကို သတိပြုရမယ်။ ဗန်ပါစီက ခြေစွမ်းပိုင်းကောင်းမွန်တဲ့ ကစားသမားဖြစ်ပေမယ့် ဒဏ်ရာပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရသူမို့ ကြံ့ခိုင်မှုရာနှုန်းပြည့်ရှိနေဖို့ မသေချာဘူး။ ဒီလိုကစားသမားမျိုးအပေါ် ဂိုးရဖို့ အဓိကအားပြုရမယ့် ဟော်လန်ရဲ့တိုက်စစ်ဟာ စပိန်ခံစစ်ကို ပွဲချိန်ပြည့် ဖိအားပေးနိုင်ဖို့ ခက်ခဲတယ်။ စပိန်အတွက် ခက်ခဲမှုတွေနဲ့ ရင်ဆိုင်ရမယ့် ပွဲဖြစ်ပေမယ့် အဖွင့်ပွဲမှာ အမှတ်ပြည့်ရသွားဖို့ များတယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၀

မန္တလေးတိုင်းဒေသကြီး

ကျောက်ဆည်နယ်မှ ငရုတ်စိုက်တောင်သူများ ငရုတ်သီးလှိုင်လှိုင်ပေါ်၍ ဝင်ငွေတိုး

ယခုအခါကျောက်ဆည်နယ်မှ ငရုတ်စိုက်တောင်သူများ ငရုတ်သီးများ လှိုင်လှိုင်ပေါ်နေသောကြောင့် သူ့ရက်ပတ်နှင့်သူ အဆက်မပြတ် ဆွတ်ခူးနေရကြောင်း သိရသည်။

"အခု ကျွန်တော်စိုက်ပျိုးထားတာက ထိုင်ဝမ်ကလာတဲ့ ဒီမိုငရုတ်မျိုးဖြစ်ပါတယ်။ ဒီငရုတ်မျိုးက မြန်မာမိုးကောင်းငရုတ်မျိုးလောက် အတောင့်မကြီး၊ မရှည်ဘူး၊ မြန်မာမိုးမျှော်ငရုတ်သီးလိုလည်း အတောင့်မသေးဘူး၊ ကြားဆိုက်ဖြစ်ပါတယ်။ အရသာက ချိုစပ်၊ ငရုတ်သီးစိမ်းဈေးကောင်းရင်လည်း အစိမ်းခူးရောင်းလို့ရတယ်။ ဈေးကွက်မာတယ်။ ငရုတ်သီးစိမ်းဈေးကောင်းမရလို့ အခြောက်လှန်းပြီး ငရုတ်သီးခြောက်အနေနဲ့ ရောင်းရင်လည်း ခြောက်သွေ့လွယ်တယ်။ အရောင်လှတယ်။ ကြာရှည်သိုလှောင်သိမ်းဆည်းထားရင် အထားခံတယ်။ လောလောဆယ် အစိမ်းခူးရောင်းတာ တစ်ပိဿာကို ငွေကျပ် ၁၉၀၀ ကနေ ၂၂၀၀ အထိ ဈေးရတယ်။ စုစုပေါင်း နှစ်ဧကနီးပါး စိုက်ပျိုးထားတယ်။ ဟိုဘက်အခင်းကို ပထမအကြိမ် ခူးရောင်းတာ ပိဿာ ၃၀ ကျော် ရပြီးပါပြီ။ ဒီဘက်အခင်းတွေရောဆိုရင် ပိဿာချိန် ၁၀၀ ကျော်ထွက်မယ်လို့ မှန်းထားပါတယ်။ ထွက်လာတဲ့ ငရုတ်သီးစိမ်း၊ ငရုတ်သီးခြောက်တွေကို ဒေသတွင်းဈေးကွက်တွေအပြင် မန္တလေး၊ ကျောက်ဆည်မြို့က ပွဲရုံတွေအထိ တင်ပို့ရောင်းချပါတယ်။ ထိုင်ဝမ်က တင်သွင်းလာတဲ့ ငရုတ်သီး၊ မျိုးကွဲတွေ အများကြီးရှိပေမယ့် ဒေသရာသီဥတုနဲ့ ကိုက်ညီတဲ့ ဒီမိုငရုတ်မျိုးကို ရွေးချယ်စိုက်ပျိုးရခြင်း ဖြစ်ပါတယ်"ဟု ကျောက်ဆည်မြို့နယ် စပါးတောကျေးရွာမှ တောင်သူကြီး ဦးကျော်ဝင်းက ရှင်းပြသည်။

သတင်းနှင့်ဓာတ်ပုံ
အောင်မင်း(စဥ့်ကိုင်)

ပဲခူးတိုင်းဒေသကြီး

မူလတန်းကျောင်း ကျောင်းဆောင်သစ်ပန္နက်တင်

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အရှေ့တောင်ပေါ်ဒေသဖြစ်သည့် နဂါးမောက်ကျေးရွာအုပ်စု ရေအိုးစင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ငွေကျပ်သိန်း ၁၂၀ ခန့်ကုန်ကျမည့် အလျား ပေ ၅၀၊ အနံ ပေ ၃၀ ရှိ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားကို ဇွန် ၉ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပရာ တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက်အထွေထွေအတွင်းရေးမှူး ဒေါက်တာဘဆွေနှင့် အဖွဲ့ဝင်များက စုပေါင်းပန္နက်တင်ကြသည်။

အဆိုပါကျောင်းဆောင်သစ်ကို KMA ဖောင်ဒေးရှင်းနှင့် မြို့နယ်ပညာရေးကွန်ရက်တို့ပူးပေါင်းဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ကျောင်းသားဦးရေ စုစုပေါင်း ၈၅ ဦးခန့်ရှိကာ ယခင်မူလကျောင်းဆောင်သည် ပျက်စီးယိုယွင်းနေပြီဖြစ်၍ အဆောင်သစ်ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ KMA ဖောင်ဒေးရှင်းနှင့်မြို့နယ်ပညာရေးကွန်ရက်တို့ ပူးပေါင်း၍ တောင်ငူမြို့နယ်အတွင်းရှိ ချို့တဲ့နွမ်းပါးသည့် ဘက၊ မူလတန်း၊ မူလွန်၊ အလက(ခွဲ) ကျောင်းများအတွက် ပြင်ဆင်ဆောက်လုပ်ခြင်း၊ စာသင်ခုံ၊ စာရေး ကိရိယာ၊ ကျောင်းဝတ်စုံများ လှူဒါန်းထောက်ပံ့ခြင်းများ ပြုလုပ်လျက်ရှိရာ ယနေ့အထိ ငွေကျပ် သိန်း ၃၀၀ ကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကျော်လှ(တောင်ငူ)

လယ်ယာသားငါးသစ်တောကဏ္ဍဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

(ယခင်အပတ်မှအဆက်)

စစ်ကိုင်းတိုင်းဒေသကြီး

ရွှေဘိုစိုက်ပျိုးရေးသိပ္ပံကို စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် အဆင့်မြှင့်ဆောင်ရွက်ပေးရန် တင်ပြချက်အပေါ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆောင်ရွက်ချက်

- ရွှေဘိုစိုက်ပျိုးရေးသိပ္ပံကို စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် အဆင့်မြှင့်ဆောင်ရွက်ပေးရန် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်နှင့်အဖွဲ့မှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

ဝက်လက်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုး ကျရောက်ခဲ့သည့် ဒေသများတွင် ပံ့ပိုးကူညီမှုနှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာနမှဆောင်ရွက်ချက်

- ဝက်လက်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုး ကျရောက်ခဲ့သည့် ဒေသများတွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများအား အစားထိုးသီးနှံများကို အချိန်မီစိုက်ပျိုးနိုင်ရန် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ကူညီပံ့ပိုးပေးခြင်း၊ လိုအပ်သောသွင်းအားစုမြေဩဇာများ လုံလောက်စွာရရှိရေးအတွက် ကူညီဆောင်ရွက်ပေးခြင်း၊ ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် နည်းပညာပေးသင်တန်းများ ဆောင်ရွက်ခြင်းနှင့် လိုအပ်သောစိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ပံ့ပိုးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်နှင့်ရွှေဘိုမြို့နယ်များရှိ ဆည်၊ ကန် ပြုပြင်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍တင်ပြချက်များအပေါ် ဆည်မြောင်း ဦးစီးဌာနမှ ဆောင်ရွက်ချက်

- စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းရှိ ရသားဆည်ကို စိုက်ပျိုးရေရရှိရေးအတွက် အပြီးသတ်ဆောက်လုပ်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍ ရသားရေလွှဲဆည်ပြုပြင်ခြင်းလုပ်ငန်းအားလုံးကို ၁၂-၁၂-၂၀၁၃ ရက်နေ့တွင် ပြီးစီးခဲ့ပြီးဖြစ်၍ ခင်ဦးမြို့နယ်မှ လယ်မြေဧက ၅၁၂၀၊ ကန့်ဘလူမြို့နယ်မှ လယ်မြေ ၁၀၅၅ ဧက စုစုပေါင်း ၆၀၇၅ ဧကကို စိုက်ပျိုးရေဖူလုံစွာပေးဝေနိုင်မည်ဖြစ်ကြောင်း ဖြေကြားပြီးဖြစ်ပါသည်။
- စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မိုးကောင်းတောဒေသတွင် ဒေသန္တရဆည်၊ ကန် ၁၃ ခုကို ရေလှောင်ဧရိယာများ ပြုပြင်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံပိုင်ဆည်များဖြစ်သော ကိုးပင်ရေလှောင်တမံ၊ ကြိုးကြာဆည်တို့အပြင် ကျေးလက် ဆည်/ကန် ၁၁ ခု ရှိပါသည်။ ၎င်းတို့အနက် ကြိုးကြာဆည်၊ ကိုးပင်ဆည်ရေသောက်ဧရိယာရှိ ကပြုရေဟန့်၊ ရွာမိဿရေလွှဲဆည်နှင့် တောင်တန်းဆည်တို့ကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပြုပြင်ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဝွေးကုန်းဆည်နှင့် မင်းကျောင်းဆည်တို့ကိုလည်း ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ဆင်းကွတ်ကန်ပြုပြင်ခြင်းလုပ်ငန်းမှာ ၂၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ရာ လာမည့်ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် သပြေသစ်ချိုဆည်၊ ရှားကိုင်းတောဆည်တို့ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ရန်တင်ပြထားပြီးဖြစ်ပါသည်။ ဆက်လက်၍ ကျန်ရှိနေသောဆည်/ကန် သုံးခုကို ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပြီးဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ကျေးလက်ကဏ္ဍဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ချက်

- မလှိုင်မြို့နယ် အိုင်မရိုးကျေးရွာ ကြက်၊ ဝက်၊ ဆိတ်များ မွေးမြူလိုသူစာရင်းနှင့် တိရစ္ဆာန်အရေအတွက် စာရင်းကောက်ယူ၍ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါသည်။
- မလှိုင်မြို့နယ် အိုင်မရိုးကျေးရွာ သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နေမှုအပေါ် လိုအပ်သော နည်းပညာအကူအညီနှင့် ရေပေးရေးပစ္စည်းများ ကူညီထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်နှင့် ရေဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုအား တွေ့ဆုံရာတွင် ဒေသခံများ၏ တင်ပြချက်များအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ချက်များ

- ၁၇-၃-၂၀၁၄ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်နှင့် ရေဖြူမြို့နယ်အတွင်းရှိ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းဧရိယာ၊ ကလိန်အောင်မြို့နယ်ခွဲ၊ မိကျောင်းလှောင်းကျေးရွာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြခန်းတို့တွင် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံလျက် ဒေသခံများ၏ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

(က) သက်ကယ်ကွက်ကျေးရွာ မူလတန်းကျောင်းဆောက်လုပ်ရန်အတွက် လိုအပ်သည့် သစ်ငါးတန်ကို တနင်္သာရီသဘာဝကြိုးဝိုင်း၏ ကြားခံနယ်မြေရှိ သက်ကယ်ကွက်ကျေးရွာအတွက် လျာထားသည့် ကျေးရွာအသုံးပြုမှုဇုန် (village use zone) အတွင်းမှ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျထုတ်ယူသုံးစွဲနိုင်စေရေး ဆောင်ရွက်ပေးပါမည်။

(ခ) မိကျောင်းလှောင်းကျေးရွာသစ် ကျွဲနွားအကောင်ရေစာရင်းကို သစ်တောဦးစီးဌာနကကောက်ယူ၍ ကျေးရွာအသုံးပြုမှုဇုန်အတွင်း ကျေးရွာစားကျက်မြေအဖြစ် အသုံးပြုနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားပါမည်။

(ဂ) ဇင်းဘာကျေးရွာအစုအဖွဲ့ ရန်ပုံငွေကို စနစ်တကျ စီမံခန့်ခွဲနိုင်စေရေးအတွက် ရန်ပုံငွေအသုံးပြုမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲသတ်မှတ်ပြီး တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းမှ ရန်ပုံငွေထောက်ပံ့ဆောင်ရွက်သွားပါမည်။

(ဆက်လက်ဖော်ပြပါမည်)

စစ်ကိုင်းတိုင်းဒေသကြီး

ပြည်ပဈေးကွက်တွင် ထိုးဖောက်တော့မည့် မြန်မာ့အင်ကြင်းကျောက်

ပြည်ပဈေးကွက်အတွက် အရောင်းအဝယ်ဖြစ်လာသည့် အင်ကြင်းကျောက်။

သစ်ပင်များမှ ကျောက်ဖြစ်သွားသည့် အင်ကြင်းကျောက်များဖြင့် ပြုလုပ်သောပစ္စည်းများကို ပြည်တွင်း၌ သုံးစွဲမှု မတွင်ကျယ်သော်လည်း တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် ကုန်စည်ပြပွဲတွင် ပါဝင်ပြသရာ စိတ်ဝင်စားသူ များပြားကြောင်း အဆိုပါ ကုန်စည်ပြပွဲမှ သိရသည်။

အင်ကြင်းကျောက်များမှ အရည်အသွေး အရောင်အဆင်းကောင်းသည်များကို အချောတိုက်သွေးကာ အရောင်တင်ပြီး အိမ်တွင်း အလှဆင်ကြသလို ဘုရားပုံတော်ထုလုပ်ခြင်း၊ အရုပ်များပြုလုပ်ခြင်း၊ ပုတီး၊ လည်ဆွဲ၊ ဆံထိုး၊ လက်စွပ်၊ ဆွဲသီး၊ စိပ်ပုတီး စသည်ဖြင့် အသုံးဆောင်ပစ္စည်းများ ပြုလုပ်ကာဈေးကွက်တွင် ရောင်းချလာကြသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် အင်ကြင်းကျောက်များကို ပထမဆုံးအကြိမ်အဖြစ် ဇွန် ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပသည့် ဒုတိယအကြိမ်မြောက် တရုတ် - တောင်အာရှနိုင်ငံများ ကုန်စည်ပြပွဲနှင့် (၂၂) ကြိမ်မြောက် တရုတ်ပြည် ကူမင်း ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ ကုန်စည်ပြပွဲတွင် ပါဝင်ပြသခဲ့သည်။ တရုတ်ငွေ ယွမ် ၂၀၀-၃၀၀ ဝန်းကျင်မှ ယွမ်တစ်သောင်းကျော်တန်ဖိုးရှိသည့် ကြံဆစ်များသဖွယ် အင်ကြင်းကျောက်အဆင့်များကို ပါဝင်ပြသထားရာ စိတ်ဝင်စားမှုများပြားခဲ့သည်။

"အင်ကြင်းကျောက်ကြံဆစ်က အဆစ်တွေ တက်လာသလို ရာထူး၊ စည်းစိမ်ဥစ္စာတွေ အဆင့်ဆင့်တိုးပွားလာမယ်လို့ အတိတ်နိမိတ်ကောက်ပြီး ဝယ်ယူလေ့ရှိကြပါတယ်။ အခုကုန်စည်ပြပွဲမှာ အရောင်းအသွက်ဆုံးကတော့ ယွမ် ၁၀၀၀၊ ၂၀၀၀ ဝန်းကျင်တွေဖြစ်တဲ့ အင်ကြင်းကျောက်အချောထည်တွေပဲ ဖြစ်ပါတယ်" အင်ကြင်းကျောက်များရောင်းဝယ်သူတစ်ဦးဖြစ်သူ ဦးမင်းဆွေကပြောသည်။

မြန်မာနိုင်ငံတွင် အရည်အသွေးကောင်းသော အင်ကြင်းကျောက်များကို နွားထိုးကြီးမြို့နယ်နှင့် မလှိုင်မြို့တို့တွင်တွေ့ရလေ့ရှိပြီး မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မုံရွာနှင့် ကသာခရိုင်များတွင်လည်း အရည်အသွေးသင့်တင့်သည့် အင်ကြင်းကျောက်များကို တွေ့ရကြောင်း မြန်မာ့အင်ကြင်းကျောက်နှင့်ပတ်သက်သည့် လက်ကမ်းစာအုပ်၌ ဖော်ပြထားသည်။

အင်ကြင်းကျောက်ကို စီးပွားရေး အလုပ်အကိုင်အောင်မြင်မှုရရှိစေနိုင်မည့် ကျောက်တစ်မျိုးအဖြစ်ခံယူထားကြသလို အဆောင်ပစ္စည်းအဖြစ်ထားရှိခြင်းသည် အနာဂတ်တွင် လာဘ်လာဘတိုးတက်စေနိုင်သည်ဟု ယုံကြည်သဖြင့် ဝယ်ယူရန်လာရောက်လေ့လာခြင်းဖြစ်ကြောင်း ကူမင်းမြို့နေဒေသခံတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ၌ အင်ကြင်းကျောက်ကို တန်ဖိုးထားစုဆောင်းသည့် ဓလေ့မရှိသေးသော်လည်း အခြားနိုင်ငံများ၌ အင်ကြင်းကျောက်၏ စွမ်းအင်ကို ယုံကြည်မှုဖြင့် စုဆောင်းသူများလည်းရှိသည်ဟု သိရသည်။

"မြန်မာနိုင်ငံမှ အင်ကြင်းကျောက်တွေက အရှေ့တိုင်းရဲ့ပုံသဏ္ဌာန်လည်းပါတယ်။ အနောက်တိုင်းကြိုက်တဲ့ ကျောက်မျက်အရည်အသွေးလည်းရှိတဲ့အတွက် ပိုပြီးထူးခြားမှုရှိပါတယ်။ မြန်မာနိုင်ငံကလည်း အင်ကြင်းကျောက်ထွက်တယ်၊ လုပ်နိုင်တယ်ဆိုတာ ကမ္ဘာကသိစေချင်လို့ အခုလိုပြပွဲမှာ ပါဝင်ပြသခြင်းဖြစ်ပါတယ်။ ရောင်းရဖို့ အဓိကထားတာ မဟုတ်ပေမယ့် စိတ်ဝင်စားပြီးဝယ်ယူကြပါတယ်" ဟု အင်ကြင်းကျောက်မျက်ရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ရှင်းပြသည်။

အင်ကြင်းကျောက်သည် ရှေးခေတ်သစ်တောသစ်ပင်ကြီးများ၏ အကြွင်းအကျန် ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်သည်။ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် တွေ့နိုင်သလို အမေရိကန်နိုင်ငံရှိ အရီဇိုးနားပြည်နယ်တွင် ကျောက်ဖြစ် ရုပ်ကြွင်းသစ်တောများ ရှိသည်။ အာရှတိုက်တွင်လည်း အင်ဒိုနီးရှား၊ တရုတ်နှင့် မြန်မာနိုင်ငံတို့တွင် အင်ကြင်းကျောက်ထွက်ရှိသည်။

နန္ဒာဝင်း

မန္တလေးတိုင်းဒေသကြီး

မြန်မာ့လက်မှု အနုပညာမြောက် လက်ရာများ နိုင်ငံခြားခရီးသွားဧည့်သည်များစိတ်ဝင်စား

နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မြန်မာမှုအနုလက်ရာများတွင် ယွန်းထည်ပစ္စည်းများ ပန်းပုလက်ရာများ၊ ပန်းချီလက်ရာများ၊ ရွှေချည်ထိုးပန်းချီကားများနှင့်အတူ အခြားမြန်မာမှုလက်ရာများကို အထူးစိတ်ဝင်တစား ဝယ်ယူကြသည်။

မြန်မာ့ယွန်းထည်နှင့် ယွန်းအနုပညာကို ကမ္ဘာကသိအောင် ဆောင်ရွက်နိုင်သူတို့သည် အောင်မြင်မှုရှိကြသည်။ မြန်မာမှုအနုပညာပစ္စည်းများကို တည်ခင်းရောင်းချသည့် ဆိုင်၏အပြင်အဆင်ပေါ်မူတည်၍ တန်ဖိုးအနိမ့်အမြင့်ကွာခြားသွားတတ်သည်။

မန္တလေးမြို့တွင် မြန်မာမှုအနုလက်ရာများနှင့် တိုင်းရင်းသားရိုးရာအဝတ်အထည်များ ရိုးရာလွယ်အိတ်များမှအစ၊ ယွန်းထည်ပစ္စည်းမျိုးစုံကို တစ်နေရာတည်းတွင် လေ့လာနိုင်သောဆိုင်တစ်ဆိုင်ရှိသည်။ ထိုဆိုင်မှာ မျက်နှာစာတွင် သစ်လုံးအိမ်သဏ္ဌာန်ပြုလုပ်ထားပြီး ပြင်ဆင်မွမ်းမံမှုကောင်းများကြောင့် ပြည်တွင်းပြည်ပဧည့်သည်များကို အထူးဆွဲဆောင်ထားသည်။ ဆိုင်ခန်းအတွင်းထဲတွင် မြန်မာ့ရိုးရာအနုပညာမြောက် လက်ရာများနှင့်အသုံးအဆောင်၊ အဝတ်အထည်များကို မှန်ကောင်တာများဖြင့် စိတ်ဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းပြသထားသည်။ဆိုင်အတွင်းတွင် ပဒေါင်တိုင်းရင်းသူနှစ်ဦးမှာ ရိုးရာတဘက်နှင့် လွယ်အိတ်များကို လက်တွေ့ရက်လုပ်နေပုံမှာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။

ပဒေါင်တိုင်းရင်းသူများ လက်တွေ့ရက်လုပ်နေသော ရိုးရာတဘက်နှင့် လွယ်အိတ်များမှာ ပြည်တွင်းဧည့်သည်များသာမက နိုင်ငံခြားသားခရီးသွားဧည့်သည်များကို အထူးနှစ်ခြိုက်စေခဲ့သည်။

တစ်ခါတစ်ရံ တိုင်းရင်းသူ ပဒေါင်အမျိုးသမီးများမှာ လုပ်ငန်းလုပ်ရင်းမှ ဧည့်သည်တို့နှင့် စကားပြောလေ့ရှိသည်။ တန်ဖိုးအမျိုးမျိုးအလိုက် မြန်မာ့ရိုးရာအနုပညာလက်ရာမြောက်ပစ္စည်းမျိုးစုံရှိသည်။

မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သော နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ အနုပညာသဘာဝအလှအပများနှင့် မြန်မာမှုအနုလက်ရာများကို စိတ်ဝင်စားကြသည်။

ယခုအခါတွင် မန္တလေးမြို့ စစ်ကိုင်း-မန္တလေးလမ်းမပေါ်တွင် မြန်မာ့ရိုးရာအနုပညာလက်ရာများနှင့် ထိုအနုပညာပစ္စည်းများ ထုတ်လုပ်ပုံတို့ကို နိုင်ငံတကာခရီးသွားဧည့်သည်များ တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

နွေနဒီ

ရှမ်းပြည်နယ် (မြောက်ပိုင်း)

ပြည်သူ့ဗဟိုပြုစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းရှမ်းပြည်နယ် (မြောက်ပိုင်း) ဒုတိယအထွေထွေမန်နေဂျာရုံး ရှင်းလင်းဆောင်၌ ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပသော ပြည်သူ့ဗဟိုပြုစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းကို ဦးသန်းစိုးဦး (ဒုတိယအထွေထွေမန်နေဂျာ)က သင်တန်းဖွင့်အမှာစကားပြောကြားပြီး လားရှိုးသစ်ထုတ်လုပ်ရေးဒေသ၊ မိုးမိတ်သစ်ထုတ်လုပ်ရေးဒေသ၊ ရွှေလီ-မဘိမ်းသစ်ထုတ်လုပ်ရေးဒေသ၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနတို့မှအရာထမ်း ၁၆ဦး၊ အမှုထမ်း ၄၃ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

ချင်းပြည်နယ်

ချင်းပြည်နယ်တွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသူထက် လှေကားထစ် လယ်ယာစိုက်ပျိုးလုပ်ကိုင်သူဦးရေ ပိုများလာ

ချင်းပြည်နယ်တွင် ယခင်ကရွှေ့ပြောင်းလယ်ယာစိုက်ပျိုးလုပ်ကိုင်သူ များပြားသော်လည်း ယခုအခါနေရာအတည်တကျ သတ်မှတ်ပြီး လှေကားထစ်လယ်ယာစိုက်ပျိုးရေးအဖြစ် ပြောင်းလဲလုပ်ကိုင်သူဦးရေများပြားလာကြောင်းသိရသည်။

"ကျွန်တော်တို့ ဟိုအရင်တုန်းက ရွှေ့ပြောင်းတောင်ယာဆိုတာက စိုက်ပျိုးမြေယာတွေကလည်း အလွယ်တကူရနိုင်သလို မြေသစ်နေရာသစ် ခုတ်ထွင်ရှင်းလင်းလုပ်ကိုင်ရတာဆိုတော့ သီးနှံလည်းအောင်မြင်တယ်၊ အခုတော့ ရွှေ့ပြောင်းတောင်ယာအတွက် မြေနေရာရှားပါးလာတာလည်းအကြောင်း တစ်ခုပါ၊ နောက်တစ်ခုက ဟိုတုန်းက နည်းပညာအားနည်းခဲ့တယ်၊ သဘာဝပတ်ဝန်းကျင် ပြဿနာတွေကိုလည်း အထိုက်အလျောက်သိလာတယ်" ဟု လာသီးရွာမှ ခရမ်းချဉ်စိုက်တောင်သူတစ်ဦးကပြောသည်။

ချင်းပြည်နယ်တွင် ရွှေ့ပြောင်းတောင်ယာစနစ်မှ လှေကားထစ်စိုက်ပျိုးရေးသို့ ပြောင်းလဲလုပ်ကိုင်ရေးအတွက် လွန်ခဲ့သည့်နှစ်များစွာမှပင် နိုင်ငံတော် အစိုးရအဖွဲ့က ကြိုးစားမှုများရှိခဲ့ရာ လွန်ခဲ့သည့် ဆယ်စုနှစ်များကာလမှစတင်၍ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုအခါ ချင်းတောင်တွင် လယ်ဧက ရှစ်ထောင်ဝန်းကျင်ကို လှေကားထစ်လယ်ယာများအဖြစ် ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ချင်းပြည်နယ်တွင် မိုးစပါးစိုက်ဧက တစ်သိန်းလေးသောင်းနီးပါးရှိမည်ဟု ခန့်မှန်းကြောင်း လှေကားထစ်စိုက်ပျိုးနည်းစနစ်ကို ကိုယ်တိုင်စိုက်ပျိုးနေသူ ဟားခါးဒေသခံ ဦးမွန်းက ပြောသည်။

ချင်းပြည်နယ်တွင် စိုက်ပျိုးမြေဧရိယာဧက ၆၆၆၂၆၀ ရှိကြောင်းနှင့် မြေလွတ်မြေရိုင်း ၃၀၃၄၄၉၂ ဧကရှိကြောင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းများအရ သိရသည်။

သျှင်နေမင်း

ရန်ကုန်တိုင်းဒေသကြီး

စိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေး

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ၂၀၁၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)တို့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဇွန် ၅ ရက်မှ စတင်ထုတ်ချေးလျက်ရှိရာ ပထမဦးစွာ ၂၀၁၃ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်လုံးကျွတ်ပြေကျေသည့်မြို့နယ်နှင့် ကျေးရွာအုပ်စုလုံးကျွတ်ပြေကျေသည့် ကျေးရွာအုပ်စုများကို ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

လယ်ဝေးမြို့နယ်တွင် ၂၀၁၄ ခုနှစ် မိုးရာသီဘဏ်ချေးငွေစတင်ထုတ်ချေး

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ အမှတ်(၃) ရပ်ကွက်ရှိ တောင်သူ ၃၀ လုပ်ကိုင်သော လယ်မြေဧက ၁၃၈ ဧကအတွက် သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့်ငွေကျပ် ၁၃၈ သိန်းကို ဇွန် ၄ ရက် နံနက်ပိုင်းက စတင်ထုတ်ချေးခဲ့သည်။

လယ်ဝေးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် လယ်ဝေးမြို့နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ချေးငွေများ အကျေပြန်လည်ပေးဆပ်ပြီးသည့် ကျေးရွာအုပ်စုများသို့ ငွေချေးစည်းကမ်းချက်များနှင့်အညီ သီးနှံစိုက်ပျိုးချိန်အမီ ရုံးချုပ်မှ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးမြင့်ဟန်က ပြောကြားသည်။

သူဇာလှိုင်(စက်မှု)

မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်သွား ခရီးသည်တင်ယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

အများပြည်သူသွားလာမှု လွယ်ကူချောမွေ့စေရန်အတွက် ပခုက္ကူ - တောင်ကြီး ချယ်ရီမြန်မာခရီးသည်သီးသန့်အန်စာတုံးယာဉ်ငယ်၊ ပို့ဆောင်ရေးအဆင့်မြင့် မှန်လုံယာဉ်ငယ်အသင်းလိုင်းသစ်ကို ဇွန် ၆ ရက် နံနက် ၈ နာရီခွဲက ပခုက္ကူနှင့် တောင်ကြီးမြို့များမှ တစ်ပြိုင်နက်တစ်ချိန်တည်း စတင်ထွက်ခွာကြောင်း သိရသည်။ လူတစ်ဦးလျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် ပခုက္ကူမှ တောင်ကြီး၊ တောင်ကြီးမှ ပခုက္ကူသို့ နေ့စဉ်ပုံမှန် ပြေးဆွဲသွားမည်ဟု ဆိုသည်။ (၁၀၂)

ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချဆောင်ရွက်

စိုက်ပျိုးရေးဦးစီးဌာန ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများက စပါးသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (GAP) ကွင်း လက်တွေ့မွမ်းမံသင်တန်းတွင် ပုလဲသွယ်စပ်စပါးမျိုးစေ့ချခြင်းလုပ်ငန်းကို ဇွန် ၉ ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာအုပ်စု တောင်သူ ဦးအောင်သန်း၏ လယ်မြေတွင် ပြုလုပ်ကြသည်။

အဆိုပါ GAP ကွင်း လက်တွေ့မွမ်းမံသင်တန်းသို့ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးအေးကိုကို၊ တိုင်းဒေသကြီးဦးစီးမှူး ဦးကိုကိုကြီးနှင့် ဒုတိုင်းဦးစီးမှူးများ ကွင်းဆင်းပြီး တက်ရောက်အားပေး ကြည့်ရှုကြသည်။

ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် သုံးခွမြို့နယ်သို့ သွားရောက်၍ မြို့နယ်ဦးစီးမှူးရုံး၌ မြို့နယ်ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ရေတော်မိုးတော် ဧရိယာအားလုံး GAP စနစ် စိုက်ပျိုးရေးကို တွန်းအားပေးဆောင်ရွက်ရန်နှင့် တောင်သူများ နားလည်လက်ခံလာအောင် ထက်ထက်မြက်မြက်၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ (၀၁၉)

မန္တလေးတိုင်းဒေသကြီး

တောင်သာမြို့နယ်ရှိ သစ်တောကြိုးဝိုင်းများသဘာဝအတိုင်း စိမ်းလန်းလာစေလို

နိုင်ငံတော်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့သော်လည်း တောတောင်များရှိ သဘာဝပစ္စည်းများအား ထုတ်ယူသုံးစွဲနေမှုကို တင်းကျပ်စွာ အရေးယူဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် သစ်တောပြုန်းတီးမှုများလာပြီး ယင်း၏အကျိုးဆက်ဖြစ်သော ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ခြင်း၊ သားရဲတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မှုများ ဖြစ်ပေါ်နေရကြောင်း သိရသည်။

တောင်သာမြို့နယ်ရှိ တောင်သာတောင် ၅ ဒသမ ၆ စ/မိုင်၊ မြင်စိုင်းတောင် ၄ ဒသမ ၂၂ စ/မိုင်၊ တောင်ဖီလာ ၅ ဒသမ ၉၄ စ/မိုင်၊ အိုးဒေါင် ၄ ဒသမ ၇၅ စ/မိုင်ရှိ ဧရိယာများကို သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်၍ ကျူးကျော်ခြင်း၊ စားကျက်ချခြင်း၊ ခုတ်လှဲဖျက်ဆီးခြင်း၊ တောမီးရှို့ခြင်း၊ ကျောက်တူးခြင်း၊ ထုံး-မီးသွေးဖုတ်ခြင်း၊ သစ်တောထွက်ပစ္စည်းများထုတ်ယူခြင်း၊ မြေတူးဆွခြင်း၊ ထွန်ယက်ခြင်း၊ သီးနှံစိုက်ပျိုးခြင်း၊ ရေကိုအဆိပ်ခတ်ခြင်း၊ ဒိုင်းနမိုက်နှင့်ဖောက်ခွဲခြင်းများ မပြုလုပ်ရန် တားမြစ်ထားသော်လည်း သစ်တောကြိုးဝိုင်းအများစုသည် သွားလာရေးခက်ခဲသော ဆိတ်ကွယ်သည့်အရပ်များတွင် ရှိနေ၍ ပတ်ဝန်းကျင်ကျေးရွာများမှ မီးသွေးဖုတ်ခြင်း၊ သစ်၊ တိုင်၊ ထင်းများခုတ်ယူသုံးစွဲခြင်းများ ရှိနေကြောင်း သိရသည်။

“ဒီတောင်မှာ ကျွန်းသစ်ပေါက်စ၊ ချေ၊ ယုန်၊ တောကြောင်တွေကို အခုအချိန်အထိတွေ့ရသေးတယ်၊ ၂၀၀၆ ခုနှစ်ကတည်းက မီးသွေးဖုတ်၊ သစ်ခုတ်နဲ့ မျိုးပြုတ်ကုန်ပါပြီ ဟိုဘက် မလှိုင်နယ်မှာ ပိုဆိုးတယ်၊ သစ်ပင်တွေ ထပ်စိုက်တာထက် ဓမ္မတာမျိုးစေ့ကို ထိန်းသိမ်းနိုင်ရင် တောက ပြန်ဖြစ်ထွန်းလာမှာပါ။ ကျွန်တော့်နွား ၂၃ ကောင် တောင်ကြောပေါ်မှာ လွှတ်ကျောင်းထားတာ အခုထိပြန်မလာဘူး၊ တစ်ခါတလေနှစ်ရက်သုံးရက်ကြာမှ လိုက်ရှာရတယ်။ နွားတွေပျောက်တယ်လို့ မရှိပါဘူး၊ အချိန်တန်ရင် ပြန်လာကြတယ်၊ တောင်ကြောရေထွက်ကလည်းရှိနေတော့ ရေကြည်ရာ မြက်နုရာ သွားလာကျက်စားကြတာပေါ့”ဟု အိုးဒေါင်ကျေးရွာရာအိမ်မှူးက ပြောပြသည်။

အိုးဒေါင်တောင်ကို ၁၉၈၅ ခုနှစ်မှစ၍ သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ခဲ့ပြီး ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းသဖြင့် တောင်ကြောတစ်လျှောက် သစ်တောပြုန်းတီးလျက် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

အဆိုပါပတ်ဝန်းကျင်ရှိ ဒေသခံများသည် စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်ကြသော်လည်း ရာသီဥတုဖောက်ပြန်၍ မိုးရွာသွန်းမှုနည်းပြီး စိုက်ပျိုးသီးနှံဆုံးရှုံးမှုများဖြစ်ရကြောင်း၊ ဒေသတွင်း အလုပ်အကိုင်များရှားပါးလာမှုကြောင့် လက်လုပ်မီရာ လုပ်ကိုင်စားသောက်နေရကြောင်း သိရသည်။

“မီးသွေးတစ်ပိဿာကိုဒီနေရာမှာ ငွေကျပ် ၂၀၀ နှုန်းရတယ်၊ မြို့ပေါ်မှာ သယ်ယူစရိတ်နဲ့ ငွေကျပ် ၂၈၀ လောက်ရောင်းတယ်၊ ကန္တာရသားမပါဘူး၊ သန်းဒဟတ်သားတွေပါ။ မလှိုင်တောင်သာပွဲစားတွေဆီပို့ပါတယ်၊ အဝယ်ပွဲစားတွေလာတယ်၊ သစ်ကတော့ ရှားပင်ကိုသုံးတယ်၊ ဖျဉ်ခနဲ့သစ်ခတစ်တောင်ကို ငွေကျပ်နှစ်ထောင်ကျတယ်၊ နေရာမှာ ရောင်းတဲ့ဈေးပါ၊ အခုတော့ ရှားပါးလာလို့ အခက်အခဲတော့ ရှိပါတယ်”ဟု ဒေသခံတစ်ဦးက ပြောပြသည်။

ယင်းဒေသတွင် သစ်နှင့်မီးသွေးရောင်းဝယ်နေမှုများရှိနေပြီး မြို့ပေါ်ရပ်ကွက်များတွင်လည်း ပေါ်ပေါ်ထင်ထင် ရောင်းဝယ်နေကြကြောင်း၊ ရပ်ကွက်ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် မြို့ပြင်သို့ ပြောင်းရွှေ့ခိုင်းထားသော်လည်း နားလည်မှုမျိုးစုံဖြင့် ရောင်းဝယ်နေမှုကို တာဝန်ရှိသူများက မသိကျိုးကျွန်ပြုကာလုပ်ငန်းရှင်အပေါ်မှအလှူခံခြင်း၊ ဒဏ်ငွေပေးဆောင်စေခြင်းများသာ ဆောင်ရွက်နေသဖြင့် လုပ်ကိုင်ခွင့်ပေးထားသကဲ့သို့ ဖြစ်နေကြောင်း၊ ယခင်က ရန်ကုန်မှ မီးသွေးများကိုသာဝယ်ယူသုံးစွဲခဲ့ကြပြီး ယခုအခါ မိမိတို့ဒေသမှ ရန်ကုန်သို့ ပြန်လည်တင်ပို့ရောင်းချနေရသည့် အနေအထားသို့ ပြောင်းလဲသွားကြောင်း မြို့ခံတစ်ဦးက သုံးသပ်ပြောပြသည်။

ထိုသို့ သစ်တောထွက်ပစ္စည်းများဖြင့် ဆက်စပ်လုပ်ကိုင်နေသူများနှင့် စည်းကမ်းဖောက်ဖျက်သူများကို တာဝန်ရှိသူများက စနစ်တကျအရေးယူပညာပေးလျက် “အပူပိုင်းဒေသစိမ်းစိုဖို့သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့”ဟူသော ဆောင်ပုဒ်နှင့်အညီ တောင်သာမြို့နယ်ရှိ သစ်တောကြိုးဝိုင်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်ရန်လိုအပ်နေကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

ဒေသခံများသည် စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်ကြသော်လည်း ရာသီဥတုဖောက်ပြန်၍ မိုးရွာသွန်းမှုနည်းပြီး စိုက်ပျိုးသီးနှံဆုံးရှုံးမှုများ ဖြစ်ရကြောင်း၊ ဒေသတွင်း အလုပ်အကိုင်များရှားပါးလာမှုကြောင့် လက်လုပ်မီရာ လုပ်ကိုင်စားသောက်နေရ

မွန်ပြည်နယ်

စီးပွားရေးလုပ်ငန်းများတွင် အပြိုင်အဆိုင်မြှုပ်နှံသည့် ရေးဒေသခံများ

မွန်ပြည်နယ်ရေးမြို့နယ်ရှိ ဒေသခံများသည် စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကုန်ရောင်းကုန်ဝယ် လုပ်ငန်းများကိုအားကိုးအားထားပြုပြီး အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်နေကြရာမှ ပြည်ပရင်းနှီးမြှုပ်နှံမှုများအပြိုင်အဆိုင် ဝင်ရောက်လာသည်နှင့်အမျှ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များက အိမ်ခန်းများ၊ ဈေးဆိုင်ခန်းများ၊ အဆင့်မြင့်တည်းခိုခန်းများ၌ ရင်းနှီးမြှုပ်နှံပြောင်းလဲလုပ်ကိုင်လျက်ရှိကြသည်။ နေရာဒေသအပေါ် မူတည်ပြီး ရေမီးစုံလူပါနေထိုင်ရပြီး စိတ်အေးချမ်းမြေ့စွာ အရောင်းအဝယ်နှင့် အခြားအလုပ်အကိုင်များကို လုပ်ကိုင်လို့ရသည့် အခန်းခအနိမ့်ဆုံးမှ တစ်လလျှင် ငွေကျပ် ၅၀၀၀၀ ဝန်းကျင်မှ ငွေကျပ် နှစ်သိန်းခွဲအထိ ရှိကြသည်။ ဒေသခံများနှင့် အခြားစီးပွားရေးလုပ်ငန်းရှင်များသည် အိမ်အဆောက်အအုံများကို ယခင်က နှစ်ထပ်မြင့်အထိ တည်ဆောက်လာရာမှ ယခုအခါ အဆောက်အအုံများကိုလည်း သုံးထပ်လေးထပ်အထိ အဆင့်မြင့်တည်ဆောက်လာကြလျက်ရှိရာ အဆောက်အအုံကန်ထရိုက်ဆွဲသူများကလည်း လုပ်ငန်းအကျိုးအမြတ်ဖြစ်ထွန်းပြီး အဆင်ပြေလျက်ရှိကြသည်။

အိမ်ဆောက်ပစ္စည်းများဖြစ်သော အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ သံထည်အရောင်းအဝယ်များနှင့်အတူ အိမ်အလှဆင်လုပ်ငန်း စတီးလ်အလူမီနီယံ တံခါးသံပန်းလုပ်ငန်းလုပ်ကိုင်သူများလည်း လုပ်ငန်းများအဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

နေမျိုးထွင်-ရေး

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း

ဟိုပန်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ကျင်းပ

“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့၌ ၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၈ ရက် နံနက် ၈ နာရီက အမကရွှေဝါ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရတနာတန်းဝင် ကျွန်းပင်များနှင့် အခြားသစ်ပင်များ စိုက်ပျိုးပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ဖလားမှာ ဘယ်အသင်း ဗိုလ်စွဲမလဲ

ဖြိုး ဒေါ်လာ

ကမ္ဘာ့ဖလားပြိုင်ပွဲကြီး စတင်ကျင်းပနေတာနဲ့အညီ ဒီပြိုင်ပွဲနဲ့ပတ်သက်တဲ့ မေးခွန်းပေါင်းများစွာ ထွက်ပေါ်နေပါတယ်။ ဒီလိုမေးခွန်းပေါင်းများစွာကိုလည်း ဖြေဆိုကြတဲ့သူတွေရဲ့ ထင်မြင်ယူဆချက်အလျောက် အဖြေများစွာထွက်ပေါ်နေတာပါပဲ။

ဒီလိုမေးခွန်းပေါင်းများစွာ အဖြေပေါင်းများစွာရှိတဲ့အနက် အင်္ဂလန်အခြေစိုက် ဘီဘီစီရုပ်သံသတင်းဌာနကလည်း သူတို့ရဲ့ ဘောလုံးဆိုင်ရာ ပွဲသုံးသပ်တင်ပြသူများကို ကမ္ဘာ့ဖလားနဲ့ပတ်သက်ပြီးများစွာရှိတဲ့ မေးခွန်းတွေထဲက ကမ္ဘာ့ဖလားမှာ ဘယ်အသင်းဗိုလ်စွဲမလဲဆိုတာနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ပါတယ်။ အဲဒီလိုမေးမြန်းထားတာတွေကို ဘောလုံးဆိုင်ရာ သုံးသပ်တင်ပြသူများရဲ့အဖြေတွေကို တင်ပြပေးလိုက်ရပါတယ်။

ဂယ်ရီလိုင်နီကာ

ကျွန်တော့်အနေနဲ့တော့ ဒီအချိန်ဟာ မက်ဆီရဲ့အချိန်ဖြစ်သလို ဒီကမ္ဘာ့ဖလားဟာလည်း အာဂျင်တီးနားရဲ့ဖလားလို့မြင်မိပါတယ်။ သူတို့အသင်းဟာ ခံစစ်ပိုင်းအနည်းငယ်အားနည်းနေတယ် ဆိုပေမယ့် နည်းပြကောင်းတစ်ယောက်ဖြစ်တဲ့ ဆာဘယ်လာကိုပိုင်ဆိုင်ထားသလို ထူးချွန်တဲ့တိုက်စစ်မှူးတွေ ရှိနေပါတယ်။ နောက်ပြီး မက်ဆီဟာ သူ့ရဲ့အကောင်းဆုံးခြေစွမ်းကို ထိန်းထားနိုင်တယ်လို့ ထင်ပါတယ်။ အာဂျင်တီးနားဟာ အုပ်စုချောင်နေတဲ့အတွက် အားပြည့်အင်ပြည့် မစိုက်ထုတ်ရဘဲနဲ့ ရှုံးထွက်အဆင့်လောက်ကို ရောက်ရှိသွားမှာပါ။

အလန်ရှီးယားရား

ကျွန်တော်ကတော့ ဘရာဇီးပါပဲ။ သူတို့ဟာ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာလည်း အကောင်းဆုံး စွမ်းဆောင်ပြနိုင်ခဲ့သလို စကိုလာရီလို ကမ္ဘာ့ဖလားကို ရယူထားဖူးတဲ့ နည်းပြကောင်းကို ပိုင်ဆိုင်ထားပါတယ်။ နေမာသာ အကောင်းဆုံးခြေစွမ်းပြနိုင်မယ်ဆိုရင် သူတို့အတွက် အခွင့်အရေးတွေ အများကြီး ရှိနေပါတယ်။

ဖီနပီးလ်

ဘရာဇီးမှာကစားမယ့် ဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဥရောပအသင်းတွေထက် အမေရိကအသင်းတွေကို ပိုပြီးနှစ်သက်မိပါတယ်။ အာဂျင်တီးနားအသင်းကတော့ ကျွန်တော့်အကြိုက်အသင်းပါ။ သူတို့မှာ မက်ဆီလို ကမ္ဘာ့အကောင်းဆုံး ကစားသမားတစ်ဦး ရှိနေပါတယ်။ အဲဒီအပြင် အာဂျင်တီးနားရဲ့ ကစားပုံဟာ တည်ငြိမ်တဲ့အတွက် မက်ဆီအတွက် လည်း အကောင်းဆုံးဖြစ်နေပါတယ်။

ဘရက်ဖရီဒယ်

ချန်ပီယံအသင်းအတွက် ဘရာဇီးကို ကျော်တွေးဖို့ဆိုတာခက်ပါတယ်။ ဒီလိုပြောလိုက်တာဟာ အလွယ်ပြောလိုက်သလို ဖြစ်နေမယ်ဆိုတာ ကျွန်တော်သိနေပါတယ်။ ဒါပေမယ့် သူတို့မှာ အရည်အချင်းရှိတဲ့ ကစားသမားကောင်းတွေ ရှိနေသလို သူတို့ဟာ ကိုယ့်ရေမြေ၊ ကိုယ့်ရာသီဥတု အနေအထားတွေနဲ့ အသားကျနေသလို ခရီးသွားလာမှုတွေ အပိုင်းမှာလည်း အခြားအသင်းတွေထက် အသာရနေပါတယ်။ အခုကျွန်တော်ပြောလိုက်တဲ့ အရာတွေဟာ သူတို့ဗိုလ်စွဲ နိုင်တာနဲ့ ပတ်သက်ပြီး လက်ခံနိုင်မယ့် အရာတွေအချို့ပါ။ ဘရာဇီးနိုင်ငံသားတွေ ဘောလုံးကစားတဲ့အခါမှာ သူတို့အတွေးထဲမှာ အနိုင်ရဖို့ကိုပဲ မျှော်လင့်နေကြတာပါ။ ဒါကလည်း သူတို့အတွက် အထူးအဆန်းမဟုတ်ပါဘူး။

မာတင်ကီယွန်

မနှစ်က ကျင်းပခဲ့တဲ့ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲအတွက် လေ့ကျင့်မှုတွေပြုလုပ်နေတဲ့ ဘရာဇီးအသင်းမှာ ကျွန်တော်ရှိခဲ့ပါတယ်။ သူတို့မှာ ပရိသတ်နဲ့ ကစားသမားတွေ တစ်သားတည်းရှိမနေတာကို တွေ့ခဲ့ရသလို ဒါကလည်းဘရာဇီး အသင်းအတွက် ကြီးမားတဲ့ အခက်အခဲတစ်ခုပါ။ ဘရာဇီးအသင်းဟာ အရည်အချင်းပြည့်မီတဲ့ အသင်းဖြစ်သလို နေမာဟာဆိုရင်လည်း ဒီပြိုင်ပွဲမှာ တောက်ပလာမယ့် ကစားသမားဖြစ်လာမှာပါ။ ဘရာဇီးအသင်းမှာ ဖိအားတွေ ရှိနေပေမယ့် သူတို့တွေက ဒီဖိအားတွေကို အကောင်းဆုံးဖြေရှင်းနိုင်မှာပါ။

အတောင်ကျိုးငှက်တွေ....

ကမ္ဘာ့ဖလားပြိုင်ပွဲဆိုတာ နိုင်ငံတကာက ဘောလုံးသမားတွေ၊ နိုင်ငံတကာလက်ရွေးစင် ဘောလုံးသမားတွေဟာ ကိုယ်တိုင်ပါဝင် ဆင်နွှဲခွင့်ရဖို့အတွက် ကြိုးတင်ရန်ခုန်နေကြတဲ့သူတွေ ဖြစ်ပါတယ်။ ခြေစွမ်းပြနိုင်ပြီး နာမည်ကြီးနေတဲ့ ဘောလုံးသမား အကျော်အမော်တွေဆိုပေမယ့်နည်းပြတွေက ရွေးချယ်မှု မရှိလို့ ကျန်ရစ်ခဲ့သူတွေ၊ ဒဏ်ရာအနာတရဖြစ်လို့ ပါဝင်ဆင်နွှဲခွင့်မရသူတွေလည်း ရှိနေတာမို့ သူတို့အတွက်တော့ ကမ္ဘာ့ဖလားပွဲစဉ်တွေကို ငေးကြည့်ရုံကလွဲပြီး ဘယ်လိုမှ မတတ်နိုင်တော့တဲ့ အနေအထားရောက်ရှိခဲ့ပါပြီ။

၂၀၁၄ ကမ္ဘာ့ဖလားပွဲက ဇွန် ၁၂ ရက်ယနေ့မှာ စတင်ကျင်းပပြီ ဖြစ်နေလို့ သာမန်ပရိသတ်တွေလိုပဲ ပြိုင်ပွဲပွဲစဉ်တွေကို ကြည့်ရှု အားပေးငေးကြည့်ရမယ့်သူတွေကို ကြည့်ရင်

ကမ္ဘာ့ဖလား ခြေစစ်ပွဲမအောင်လို့ ကမ္ဘာ့ဖလားပွဲနဲ့ လွဲချော်ခဲ့သူတွေထဲမှာ ကမ္ဘာကျော်ဘောလုံးသမားတွေ ပါဝင်နေတာမို့ ခြေစွမ်းထက်မြက်တဲ့သူတို့ရဲ့ ကြိုးစားရုန်းကန်မှု ပုံရိပ်တွေကတော့ ပရိသတ်တွေမမြင်တွေ့ မခံစားရတော့တာကလည်း ရသမစုံသလိုဖြစ်နေပါတယ်။

အဲဒီဘောလုံးသမားတွေ ထဲမှာတော့ အီဘရာဟီမိုဗစ်၊ လီဝန်ဒေါ်စကီးနဲ့ ဂါရက်ဘေးလ်တို့ ပါဝင်နေပါတယ်၊ သူတို့ရဲ့ မိခင် နိုင်ငံအသင်းတွေဟာ ၂၀၁၄ ကမ္ဘာ့ဖလား ခြေစစ်ပွဲမအောင်ခဲ့လို့ ခြေစွမ်းပြသခွင့်မရခဲ့ကြတဲ့ ဘောလုံးသူရဲကောင်းတွေ ဖြစ်ပါတယ်။

ဒါ့အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်မြင်ခဲ့ပေမယ့် နည်းပြက ရွေးချယ်ခြင်းမပြုဘဲ မျက်ကွယ်ပြုခြင်းခံခဲ့ရတဲ့ ဘောလုံးသမားကောင်းတွေလည်း ရှိနေပါတယ်၊ သူတို့ဟာ အသက်အရွယ်အရ၊ ကြံခိုင်မှုအရနဲ့ ခြေစွမ်းပိုင်းအရတွေပါ နည်းပြတွေစိတ်တိုင်း မကျလို့ ရွေးချယ်ခြင်း မခံခဲ့ရသူတွေလည်း ဖြစ်ပါတယ်။

အဲဒီဘောလုံးသမားတွေကတော့ အက်ရှ်လေကိုး၊ ကော်တင်ဟိုနဲ့ တီဗက်ဇ်တို့လို ကစားသမားတွေဖြစ်ပါတယ်၊ ဒီကစားသမားတွေဟာ ခြေစွမ်းပိုင်းအရ အကောင်းဆုံးအချိန် ရောက်ရှိနေတဲ့သူတွေရော၊ ခြေစွမ်းပိုင်းကျရိပ်သန်းနေတဲ့ သူတွေရော ပါဝင်နေတာမို့ နည်းပြရဲ့ စိတ်တိုင်းကျမှုမရှိတဲ့ အပယ်ခံ ဘောလုံးသမားကောင်းတွေဖြစ်ခဲ့ရတာပါ။

နောက်ပြီး ခြေစွမ်းကောင်းမွန်ပြီး နည်းပြလည်း ကြိုက်နှစ်သက်ပေမယ့် ဒဏ်ရာအနာတရရလို့ ကမ္ဘာ့ဖလားပွဲနဲ့ လွဲချော်ကျန်ရစ်တဲ့ ဘောလုံးသမား ကောင်းတွေလည်း မနည်းပါဘူး။ သူတို့တွေဒဏ်ရာရရှိပြီး မိခင်နိုင်ငံအသင်းတွေကို အကျိုးမပြုနိုင်တော့လို့ အသင်းနည်းပြတွေ စိတ်ပျက်လက်ပျက်ဖြစ်စေခဲ့တဲ့ ဘောလုံးသမားကောင်းတွေပဲဖြစ်ပါတယ်။

အဲဒီ ဒဏ်ရာရရှိခဲ့ပြီး ကျန်ရစ်ခဲ့တဲ့ ဘောလုံးသမားတွေထဲမှာ ဂျာမနီအသင်းက မာကိုရူးစ်၊ ကိုလံဘီယာအသင်းက ဖယ်လ်ကာအို၊ ပြင်သစ်အသင်းက ရစ်ဘာရီ၊ အင်္ဂလန်အသင်းက သီအိုဝဲလ်ကော့သ်၊ နယ်သာလန်အသင်းက ဗရွန်မန်းတို့ ပါဝင်နေခဲ့ပါတယ်။

မာကိုရူးစ်ဟာ ကမ္ဘာ့ဖလားခြေစမ်းပွဲအဖြစ် ဂျာမနီနဲ့အာမေးနီးယားတို့ပွဲမှာ ဒဏ်ရာရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲမှာ ဂျာမနီတို့က ခြောက်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ပေမယ့် ဒဏ်ရာကြောင့် မာကိုရူးစ်ကို ချန်ထားခဲ့ခြင်းဖြစ်ပါတယ်။ နောက်ပြီး ကိုလံဘီယာအသင်းတိုက်စစ်မှူး ဖယ်လ်ကာအိုကတော့ ဒူးဒဏ်ရာရရှိနေတာ သက်သာမှုမရှိတာကြောင့် နည်းပြ ပီကာမန်း ဘယ်လိုမှမတတ်နိုင်ဘဲ ချန်ထားခဲ့ရတဲ့ ဘောလုံးသမားကောင်းတစ်ဦးဖြစ်ပါတယ်။ ဖယ်လ်ကာအိုမပါဝင်လို့ အသင်းအတွက် ထိခိုက်မှုရှိခဲ့ပြီလို့နည်းပြက ညည်းတွားခဲ့တယ်လို့ မီဒီယာတွေမှာ ဖော်ပြနေပါတယ်။

နောက်တစ်ဦးကတော့ ပြင်သစ်ကစားသမား ရစ်ဘာရီပဲဖြစ်ပါတယ်။ နောက်ကျော ဒဏ်ရာရရှိနေပြီး ဘယ်လိုမှ သက်သာခြင်းမရှိတာကြောင့် ကမ္ဘာ့ဖလားပွဲနဲ့ လွဲချော်ခဲ့ခြင်းဖြစ်ပါတယ်။ အင်္ဂလန်အသင်းက သီအိုဝဲလ်ကော့ကလည်း ဒူးဒဏ်ရာကြောင့် ကြံ့ခိုင်မှုမပြည့်ဝလို့ အင်္ဂလန်အသင်းအတွက် ပါဝင်ခွင့်မရရှိခဲ့တာမို့ ကမ္ဘာကျော်ဘောလုံးသမားတွေ အများအပြားဟာ ၂၀၁၄ကမ္ဘာ့ဖလားပွဲစဉ်တွေကို မျှော်ငေးကြည့်ရုံကလွဲပြီး ဘာမှမတတ်နိုင်တဲ့ အတောင်ကျိုးငှက်တွေလိုပဲ ဖြစ်နေခဲ့ပါပြီ။

ခြေစွမ်းပြနိုင်ပြီး နာမည်ကြီးနေတဲ့ ဘောလုံးသမား အကျော်အမော်တွေဆိုပေမယ့် နည်းပြတွေက ရွေးချယ်မှု မရှိလို့ ကျန်ရစ်ခဲ့သူတွေ၊ ဒဏ်ရာအနာတရဖြစ်လို့ ပါဝင်ဆင်နွှဲခွင့်မရသူတွေလည်း ရှိနေတာမို့ သူတို့အတွက်တော့ ကမ္ဘာ့ဖလားပွဲစဉ်တွေကို ငေးကြည့်ရုံကလွဲပြီး

K ဇွန်လင်း

ဂါရက်ဘေးလ်

ခြင်္သေ့ညီနောင် အကြောအားတိုးဆေး

TMR 011337(0115)